
www.burmeseclassic.com

# စုလှဖြူ

## ကိုကိုကလွဲလို့ ဘယ်သူ့မှမချစ်နိုင်



လုံးချင်းဝတ္ထု

www.burmeseclassic.com

www.burmeseclassic.com

မျက်နှာဖုံးပုံနှိပ် ဦးကျော်စိန် (၀၂၉၀၉)
ကျောက်စိမ်းအော့ဖ်ဆက်
အမှတ် ၁၇၁၊ ၃၃ လမ်း၊ ရန်ကုန်
အတွင်းပုံနှိပ် ဒေါ်ခင်အေးမြင့် (၀၅၉၀၁)
ရာပြည့်အော့ဖ်ဆက်
အမှတ် ၁၉၉၊ လမ်း ၅၀၊ ရန်ကုန်
ထုတ်ဝေသူ ဒေါ်မိုးကေခိုင် (၀၁၆၉၂)
ချိုတေးသံစာပေ
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့(၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်
စာမူခွင့်ပြုချက် ၅၀၀၅၅၃၀၅၀၅
အဖုံးခွင့်ပြုချက် ၅၀၀၆၃၈၀၅၀၆
ထုတ်ဝေခြင်း ပထမအကြိမ်၊ ဇူလိုင်လ ၂၀၀၅
အုပ်ရေ ၁၀၀၀ အုပ်
တန်ဖိုး တစ်ရာကျပ်



# စုလှဖြူ

# ကိုကိုကလွဲလို့ ဘယ်သူ့မှမချစ်နိုင်

www.burmeseclassic.com

www.burmeseclassic.com

# Prologue

သူမသည် နက်ပြာရောင် Toyota Corona ကားလေး တိုမောင်းလာခဲ့ရင်း အတွေးများပျံ့လွင့်နေမိသည်။

ကိုကို့အသံသည် ဆောင်းလေညင်းများနှင့် အတူ တိုက်ခတ်လျက် သူမထံသို့ လွင့်ပျံတိုးဝှေ့လျက်ရှိသည်။

သို့သော် ကိုကို့အသံက လေပြည်လေညင်းများကဲ့သို့ သာယာပါ၏။

ကိုကိုပြောခဲ့သည့်စကားများကို ပြန်လည်ကြားယောင် နေမိပြီး သူမရင်ထဲမှာ စူးစူးနစ်နစ်နာကျင်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုကိစ္စနှင့်ပတ်သက်၍ စိတ်ထိခိုက်ရလွန်းသဖြင့် သူမ စိတ်ပြေလက်ပျောက် ခရီးထွက်လာခြင်းဖြစ်၏။

တကယ်တော့ ကိုကို (သို့) ညီညီထွဋ်နှင့် သူမတို့နှစ်ယောက် ချစ်ခဲ့ကြသည့်အကြောင်းတွေကို ရုတ်တရက် မေ့ဖျောက်ပစ်ရန် မဖြစ်နိုင်ပါ။

နှစ်နှစ်နီးပါးခန့်ကြာမျှ ချစ်သူတွေဖြစ်ခဲ့ကြသောကြောင့် ထိုအချိန်ကာလများကို ဘယ်လိုများမေ့ဖျောက်ပစ်ရမှာပါလိမ့်. . .

ကိုကိုသည် သူမအားသိပ်ချစ်ခဲ့၊ သိပ်အလိုလိုက်ခဲ့ပြီး သူမကို တစ်နေ့မမြင်ရလျှင် မနေတတ်လောက်အောင် အဖြစ်သည်းခဲ့သူရယ်ပါ။

ပြီးတော့ သူမအား လမ်းခွဲစကားကို ကိုကိုကပင် စတင်၍ပြောခဲ့ခြင်းဖြစ်သည်။

ထိုနေ့က ကိုကိုလမ်းခွဲစကားပြောခဲ့လိမ့်မည်ဟု သူမ လုံးဝမမျှော်လင့်ခဲ့ပေ။

ထိုနေ့က ကိုကိုသည် သူမနှင့်တွေ့ဆုံရန် သူမတို့ နှစ်ဦးတွေ့နေကျ ခရေပင်တန်းလမ်းရှိရာသို့ သူမအားချိန်း





သည်။

ခရေပင်တန်းလမ်းသို့ သူမ၏ကိုယ်ပိုင်ကားလေးဖြင့် ရောက်လာချိန်တွင် ကိုကိုက သူမကိုဆီးကြိုစောင့်နေတာ တွေ့လိုက်ရသည်။

ကိုကိုက သူ့ကိုယ်ပိုင်ကား Isuzu အနီရောင်လေးဖြင့် သူမအား လာစောင့်နေခြင်းဖြစ်သည်။

သူမကားပေါ်မှဆင်းလာခဲ့ပြီး ကိုကို့ကားအနီးတွင် ရပ်လိုက်သည်။

"ကုမ္ပဏီမှာပြောရင်လဲရရဲ့သားနဲ့ ကိုကိုရယ်၊ ဘာတွေများ ဒီလောက်တောင်အရေးကြီးနေလို့ ဒီနေရာကို ချိန်းရတာလဲ ကိုကို"

ကိုကို့မျက်နှာက ခါတိုင်းနှင့်မတူ စိတ်ရှုပ်ထွေးသုန်မှုန်နေမှန်းသိသာပါသည်။

"ကိုကိုနေမကောင်းဘူးလား၊ နွေနှင်းတို့နှစ်ယောက် coffee shop လေးတစ်ခုကိုသွားပြီး အကောင်းစားကော်ဖီ Cappuccino ခါးခါးလေးတစ်ခွက်စီ သွားသောက်ကြရအောင်လား ကိုကို"



www.burmeseclassic.com

www.burmeseclassic.com



"မင်းနဲ့ကော်ဖီလိုက်သောက်ဖို့ ကိုယ့်မှာအချိန်တွေ မပိုလျှံတော့ဘူး"

ကားတံခါးကိုတွန်းဖွင့်ဆင်းလိုက်ပြီး သူကပြောသည်။

သူ့မျက်နှာက မယုံကြည်နိုင်လောက်အောင် အမူအရာ ပြောင်းလဲနေသည်။ အေးစက်တင်းမာနေသောကြောင့် ရုတ်တရက်နားမလည်နိုင်လောက်အောင် ဖြစ်နေမိ၏။

"မင်းကို ပြောစရာရှိလို့ ဒီနေရာကိုခေါ်လိုက်ရတာပဲ နွေနှင်းကို"

"ဘာပြောမလို့လဲ ကိုကို"

"ဒီနေ့ကစပြီး မင်းနဲ့ငါလမ်းခွဲကြတော့မယ်"

ကိုကို့စကားကြောင့် သူမနှလုံးသားတစ်ခုလုံး ကျိုးပဲ့ကြေမွသွားပြီး ရပ်နေရာမှလဲကျသွားမတတ်ဆောက်တည်ရာမဲ့ဖြစ်သွားရသည်။

"လမ်းခွဲစကားကို ကိုကိုက ဘာကြောင့်ပြောရတာလဲ၊ ဘာကြောင့်လမ်းခွဲကြရမှာလဲ ကိုကို"

"ကျုပ်အနေနဲ့ ဘာအကြောင်းပြချက်မှမပေးနိုင်ဘူး၊ ကိုယ်တို့ချစ်ခဲ့ကြတယ်၊ အခုလမ်းခွဲကြမယ်၊ ဒါပဲပေါ့"





သူမရင်ထဲစူးစူးနစ်နစ်နာကျင်နေပြီး သိက္ခာကျခြင်း၊ မခံမရပ်နိုင်ဖြစ်ခြင်း၊ ကြေကွဲခြင်းများကို တပြိုင်တည်းခံစားလိုက်ရသည်။

"လာမယ့်သီတင်းကျွတ်မှာ ကျွန်မတို့လက်ထပ်ကြမယ်လို့ ကိုကိုပဲပြောခဲ့တယ် မဟုတ်လား ခုဘာကြောင့် ပြောင်းလဲသွားရတာလဲ"

သူမအမူအရာက အိပ်မက်မှရုတ်တရက် လန့်နိုးလာသူတစ်ယောက်လို ဝေဝေဝါးဝါးဖြစ်နေပြီး သူမအသံက စိတ်ပျက်ဝမ်းနည်းခြင်းများဖြင့် တုန်ယင်အက်ကွဲနေသည်။

"အဲဒီစကားတွေကို မေ့ပစ်လိုက်တော့၊ မင်းနဲ့ကျုပ် မချစ်ခဲ့ကြဘူးလို့ပဲ သဘောထားလိုက်ပါ"

သူ့အသံက တင်းမာပြတ်သားနေသည်။

"ရှင်. . . . ရှင် ရက်စက်လှချည်လား ကိုညီထွန်း၊ တကယ်ဆို ကျွန်မက မိန်းမသားတစ်ယောက်ပါ၊ ကျွန်မဘက်က ဘယ်လောက်နစ်နာသွားမယ်ဆိုတာ ရှင်မစဉ်းစားမိဘူးလား"

သူက သူမစကားကို ဘာမှမတုန့်ပြန်တော့ဘဲ သူ့ကား



www.burmeseclassic.com

www.burmeseclassic.com



တံခါးကိုဆွဲဖွင့်လိုက်သည်။

ပြီးတော့ အထဲမှ ကြွတ်ကြွတ်အိတ်တစ်လုံးကို ဆွဲယူလိုက်၏။

"ဒီမှာ မင်းပေးခဲ့တဲ့အမှတ်တရလက်ဆောင်ပစ္စည်းတွေ၊ ငါမလိုချင်တော့ဘူး၊ ငါ့မှာ သိမ်းထားဖို့လည်း နေရာမရှိဘူး၊ မင်းနဲ့ပတ်သက်သမျှအမှတ်တရဖြစ်စေမယ့် ပစ္စည်းအားလုံး ငါမမြင်ချင်တော့ဘူး နွေနှင်းကို"

သူက ကြွတ်ကြွတ်အိတ်ကြီးတစ်အိတ်ကိုလှမ်းပေးရင်း ပြောလိုက်သည်။

သူမအံ့သြမယုံနိုင်လောက်အောင်ဖြစ်နေမိပြီး သူ့မျက်နှာကိုငေးစိုက်ကြည့်နေမိသည်။

"ဘာငေးနေတာလဲကွ၊ မင်းပေးခဲ့တဲ့သိုးမွေးဆွယ်တာ၊ သိုးမွေးခေါင်းစွပ်၊ ကဗျာစာအုပ်၊ Table clock လဲပါတယ်၊ အားလုံးမင်းပြန်ယူသွား"

သူက အကြွတ်အိတ်ကို သူမလက်ထဲထိုးပေးရင်း ပြောနေသည်။

"ရှင်ဒီလောက်ကလေးမဆန်ပါနဲ့၊ ရှင့်ကိုပေးပြီးသား





ပစ္စည်းတွေ ကျွန်မကိုပြန်ပေးရအောင် ကလေးတွေလိုရန်ဖြစ်ပြီး မခေါ်တော့ဘူးဆိုတဲ့ စတိုင်လ်မျိုးချိုးနေတာလား၊ ရှင့်ရဲ့ရူးကြောင်ကြောင်အပြုအမူတွေကို ကျွန်မကလက်ခံမယ်လို့များ ထင်နေသလား ကိုညီထွဋ်ရှဲ"

"ဘာစကားလဲကွ meaningless ပဲ၊ မင်းပစ္စည်း မင်းကိုပြန်ပေးတာ ယူပေါ့"

"မယူနိုင်ဘူး"

"မယူချင်လဲနေ"

ပြောပြီး သူက သူ့လက်ဆွဲအိတ်ထဲမှကြွတ်ကြွတ်အိတ်ကြီးကို လမ်းမပေါ်ပစ်ချလိုက်၏။

သူ့အပြုအမူကြောင့် သူမအလွန်အမင်းအံ့သြသွားမိပြီး ငေးကြောင်နေမိသည်။

ပြီးတော့ သူကသူမကို ကျောခိုင်းပြီး ကားပေါ်တက်၍မောင်းထွက်သွားတော့၏။

ခပ်ပြင်းပြင်းမောင်းထွက်သွားသော သူ့ကားစက်သံက သူမနှလုံးသားအတွင်းပိုင်းအထိ ရိုက်ခတ်တုန်ခါသွားစေသည် မဟုတ်ပါလား . . .



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက်မထင်မှတ်နိုင်လောက်သော အဖြစ်အပျက်တစ်ခုမို့ သူမဘာလုပ်ရမှန်းမသိလောက်အောင်ဖြစ်နေမိပြီး ကျောက်ရုပ်တစ်ရုပ်လို ငြိမ်သက်တွေဝေနေမိ၏။

ကိုကို ရှင်သိပ်ရက်စက်တာပဲ. . .

ဒီနေ့ ရှင်ပြောခဲ့တဲ့စကားတွေနဲ့ ရှင်ရဲ့ရက်စက်မှုတွေဟာ ကျွန်မနှလုံးသားမှာ ဒီတစ်သက် ဖျောက်ဖျက်ပစ်လို့မရနိုင်တော့ဘူး. . .

သူပစ်ချခဲ့သည့် အကြွတ်အိတ်ကြီးထဲမှ ဒိုင်ယာရီစာအုပ်လေးကို ကောက်ယူလိုက်သည်။

သူ့ကို လက်ဆောင်ပေးပြီး သူဝတ်ဆင်ခဲ့ဖူးသည့် သိုးမွေးဆွယ်တာ၊ သိုးမွေးခေါင်းစွပ်နှင့်စားပွဲတင်နာရီတို့ကို သူမ မယူတော့ဘဲ သည်အတိုင်းပင် လမ်းမပေါ်မှာ ထားပစ်ခဲ့သည်။

ကဲ. . . ယူချင်တဲ့လူတွေသာ ယူကြပေတော့. . .

မရှိဆင်းရဲတဲ့ အမှိုက်ကောက်သမားတွေလာရင် သူတို့ဝတ်ဖို့ ယူသွားကြမှာသေချာတယ်. . .

ဒါမှမဟုတ် ခရေပန်းလာကောက်တဲ့ နွမ်းပါးသူတွေတွေ့ရင် ယူသွားကြပါစေ. . .





အဲလိုလူမျိုးတွေကို ပေးလိုက်တာကမှ ကုသိုလ်ရပါသေးတယ်. . .

သူမကားပေါ်တက်ပြီး ကားစက်နှိုးနေစဉ်မှာပင်အင်္ကျီလုံချည်အဝတ်ခပ်နွမ်းနွမ်းကိုဝတ်ဆင်ထားသည့် လူတစ်ယောက်က ထိုအကြွတ်အိတ်နှင့် သိုးမွေးအင်္ကျီ၊ သိုးမွေးခေါင်းစွပ်များကို ကောက်ယူသွားတာမြင်တွေ့လိုက်ရ၏။

ကိုကို. . . ကိုကို

တကယ်တော့ ရှင်ဟာ ကျွန်မရဲ့အသည်းကို အစိမ်းလိုက်ခွဲပြီးတော့ လွှင့်ပစ်ခဲ့တဲ့ရက်စက်သူတစ်ယောက်ပါလား. . .

ထိုစဉ် ကားကက်စက်ထဲမှ ဟေမာနေဝင်း၏သီချင်းသံလေးကို ကြားလိုက်ရသည်။

. . . အို. . . သူ့အမုန်းများနဲ့ရေးခြစ်ခဲ့တဲ့အသည်းခွဲဇာတ်လမ်းလေး. . . ငါ့ရဲ့အချစ်က ဖူးသစ်စမှာကျိုးလို့ကြေမွသွား. . . သူဟာအစိမ်းလိုက်ခွဲပြီးတော့ အသည်းကိုလွှင့်ပစ်ခဲ့အဝေးကိုထွက်သွား. . .

တစ်သက်လုံးမေ့လို့မရတော့ အသည်းထဲကလန့်



www.burmeseclassic.com

www.burmeseclassic.com



ဆေးရုပ်ထိုးပြီးထား အသည်းမှာ စွဲထင်ဖျောက်ဖျက်မရ. . .

ကက်စက်ထဲမှ သီချင်းသံကြောင့် သူမရင်ထဲမှာ ပို၍ဆွေးမြေ့နာကျင်စွာခံစားလိုက်ရ၏။

ကက်စက်ကိုလှမ်းပိတ်ပစ်လိုက်ပြီး သူမတစ်ယောက်တည်း ကားကို ဂရုစိုက်၍မောင်းလာခဲ့ရသည်။

ထိုအသည်းကွဲဇာတ်လမ်းလေးကို သူမမေ့ဖျောက်ရန်အချိန်ဘယ်လောက်ကြာအောင် ကြိုးစားရဦးမှာပါလိမ့်. . .



# အပိုင်း (တစ်)



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁)

ကိုကိုနှင့်နွေနှင်းဆုံခဲ့ကြတဲ့နေရာကတော့ ရန်ကုန်-ပဲခူး လမ်းမကြီးပေါ်မှာပါပဲ။

ထိုနေ့က သင်္ကြန်အကြိုနေ့ဖြစ်သည်။

နံနက်စောစော ပဲခူးသို့ကားဖြင့် ထွက်လာခဲ့ပြီး နေ့လယ် မြန်ချိန်ရောက်တော့ သူ့မကားက စက်ပျက်သွားခဲ့၏။

"ကဲ. . နောက်နေ့မနက်မှရန်ကုန်ပြန်တော့ နွေနှင်း၊ အခုကားက ကာဗရိုက်တာပျက်သွားပြီဆိုတော့ ဘယ်လိုလုပ်



www.burmeseclassic.com

www.burmeseclassic.com



ပြန်မလဲ”ဟု သူမ၏ဒေါ်လေးဖြစ်သူ ဒေါ်လေးခင်က တားဆီးနေသည်။

ထိုစဉ်က သူမစီးသည့်ကားမှာ အဖြူရောင် Publica ကားလေးဖြစ်ပြီး ကိုယ်တိုင်မောင်းလေ့ရှိ၏။

“အို. . . မေမေမျှော်နေလိမ့်မယ်၊ ပြီးတော့ မနက်ဖြန်သင်္ကြန်အကျနေ့မှာလျှောက်လည်ဖို့သူငယ်ချင်းတွေနဲ့ ချိန်းထားပြီးပြီ ဒေါ်လေးခင်ရဲ့၊ ဒေါ်လေးခင်တို့အိမ်က စက်ဘီးငှားပြီးပြန်တော့မယ်”

“အို. . . ဘယ်ဖြစ်မလဲ နွေနှင်းရယ်၊ သင်္ကြန်အကြိုနေ့ဆိုတော့ လမ်းမှာရေပက်နေကြပြီပေါ့၊ မိန်းကလေးတစ်ယောက်တည်းမဖြစ်ဘူးထင်တယ်”

“ဒါဖြင့် မိနွယ်ကိုပါရန်ကုန်ခေါ်သွားမယ်လေ၊ မကောင်းဘူးလား”

“မိနွယ်က နွေနှင်းလောက် သတ္တိမရှိဘူးထင်တယ်၊ ပဲခူးကလွဲရင် ဘယ်မှသွားတတ်တာမဟုတ်ဘူးကွယ့်”

သီတာနွယ်က ကြီးတော်ဒေါ်လေးခင်၏သမီး ဖြစ်သည်။





“မနွေနဲ့ရန်ကုန်လိုက်သွားရမယ် ဟုတ်လား မေမေ၊ သမီးလဲ ရန်ကုန်သင်္ကြန်လည်ချင်တယ်၊ အခုပဲ လိုက်သွားတော့မယ်”

သီတာနွယ့်စကားကြောင့် မိခင်ဖြစ်သူ မျက်လုံးပြူးမျက်ဆံပြူးဖြင့် ရင်ဘတ်ကိုလက်ဖြင့်ဖိလိုက်သည်။

“အမလေး လိမ္မာလိုက်တဲ့ငါ့သမီး၊ အမေက မထည့်ချင်မှန်းသိလျက်နဲ့ သူက ကဲကဲကိုလုပ်နေတာပဲ၊ တကယ်ဆိုငါ့သဘောကို မေးပါဦးလား”

“ဩော်. . . မေမေကလဲ၊ မနွေတစ်ယောက်လုံးပါတာစိတ်မပူပါနဲ့၊ မေမေစိတ်ပူရင် သမီးတို့ ဖိုးတုတ်ကိုပါ ခေါ်သွားမယ်လေ”

သူ့မောင်ဝမ်းကွဲလေး ဖိုးတုတ်ကိုပါခေါ်သွားရန် သီတာနွယ်ပြောလိုက်သည်။

“ဟုတ်ပါတယ် ကြီးခင်ရယ်၊ ဘာမှစိုးရိမ်မနေပါနဲ့၊ ဖိုးတုတ်ကိုပါ ခေါ်သွားမယ်လေ”

“စက်ဘီးက နှစ်စီး၊ လူက သုံးယောက်သွားကြမှာပေါ့ ဟုတ်လား”ဟု ဒေါ်လေးခင်မေးပြီး လက်လျှော့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမတို့နှစ်ဦး ဖိုးတုတ်ကိုခေါ်ပြီး ဝမ်းသာအားရဖြင့် ထွက်လာခဲ့ကြသည်။

လမ်းတစ်လျှောက်ရေတွေ တဝုန်းဝုန်းပက်တာခံခဲ့ကြရသော်လည်း ဘာပြဿနာမှကြီးကြီးကျယ်ကျယ် မဖြစ်ခဲ့ကြပေ။

သို့သော် ထောက်ကြံ့ရောက်ခါနီးတွင်တော့ လူရမ်းကားတစ်စုနှင့် ဆုံတွေ့လိုက်ကြရသည်။

သူမတို့စက်ဘီးနှစ်စီးကိုတားပြီး အသံသေးအသံကြောင်များဖြင့် အော်ဟစ်သောင်းကြမ်းနေကြသည်။

“ဟေ့ . . . မင်းတို့ဘယ်သွားကြမှာလဲ၊ သင်္ကြန်တွင်းမှာ မိန်းကလေးတွေစက်ဘီးနဲ့လည်တာ အဓိပ္ပါယ်မရှိဘူး”

အသားမည်းမည်း၊ ရုပ်ကြမ်းကြမ်းနှင့်လူတစ်ယောက်က အားလေးလျှာလေးအသံကြီးဖြင့် ပြောလိုက်သည်။

“ဟုတ်တယ်ကွ၊ အာဂမလေးတွေပဲ၊ မင်းတို့ကိုယ်မင်းတို့ ဘာထင်နေကြသလဲ၊ ဒီလောက်ရဲတင်းပြီး သတ္တိကောင်းနေတာ”

“ရှင်တို့ကိုယ့်လမ်းကိုယ်သွားကြ၊ ရမ်းကားမနေကြနဲ့”





“ရမ်းကားတယ် ဟုတ်လား၊ ရမ်းကားတယ်ဆိုတာ လက်တွေ့ကြုံဖူးသွားအောင် လုပ်ပြလိုက်ရမလား”

“ရှင်က ဘာလုပ်ချင်လို့လဲ၊ ရှင်ခြောက်တိုင်း ကြောက်မယ်ထင်နေလား”

နွေနှင်း စိတ်ဆိုးဆိုးဖြင့် ရန်တွေ့လိုက်သည်။

သူမစကားကြောင့် အသားဖြူဖြူ၊ အရပ်ပုပု၊ ဗိုက်ပူပူ ခပ်ဝဝလူက သူမအနီးသို့ တိုးကပ်လာပြီး . . .

“ဟေ့ . . . ဒါသင်္ကြန်နော်၊ သင်္ကြန်တွင်း လာစွာမနေနဲ့၊ အကြောင်းပြလိုက်ရမလား”

“သင်္ကြန်တွင်းမှာ ပိုပြီးယဉ်ကျေးရမယ်ဆိုတာ ရှင်နားမလည်ဘူးလား”

“မင်းက ကြီးကြီးကျယ်ကျယ်တွေပြောနေရလောက်အောင် ဘာမို့လဲ”

“ဒီမှာ ရှင်တို့ နည်းနည်းမှ နှမချင်းမစာနာတတ်ကြဘူးလား”

သီတာနွယ်က ဝင်ပြီးရန်တွေ့လိုက်သည်။

“နှမချင်းဘာလို့စာနာရမှာလဲ၊ ငါ့နှမက လင်နောက်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သွားပြီ"

"ရှင့်နှမ လင်နောက်လိုက်တိုင်း တခြားမိန်းကလေးတွေကို လာရမ်းကားမနေနဲ့၊ ခုချက်ချင်းထွက်သွား"

"မင်းအတော်စွာပါလား၊ အစိမ်းလိုက်ဝါးစားလိုက်မယ်၊ ဘာထင်နေသလဲ"

သူမထောင်းခနဲဒေါသထွက်သွားပြီး ထိုအရပ်ပုပုလူ၏ ပါးပြင်တစ်ဖက်ကို ဖြန်းခနဲရိုက်ချလိုက်သည်။

နွေနှင်းက လက်မြန်သူပင်။ မဟုတ်တာ လာမလုပ်နှင့်။ နည်းနည်းမှ သည်းမခံတတ်။

"လူဝါးဝလှချည်လား၊ ကဲကွာ"

ထိုလူက သူမအားပြန်ထိုးသည်။ သို့သော် ထိုလူ့လက်သီး နွေနှင်းထံမရောက်မီ သူမ၏ကယ်တင်ရှင်က ထိုလူ့လက်ကိုကြားမှဝင်ပြီး ရိုက်ထုတ်ပစ်လိုက်၏။

"မင်းက ဘာလာရှုပ်တာလဲ၊ ဟေ့ကောင် "

ပါးရိုက်ခံထားရသည့်လူက မကျေမနပ်အော်လိုက်သည်။

"အမြင်မတော်လို့ မိန်းကလေးတွေဘက်က လှာ





ကူညီတာ"

"မင်းအတော်လူဝါးဝပါလားကွ ဟေ"

"ငါက မင်းတို့လိုမိန်းကလေးတွေ ကျွန်ခြေသိကွာ ထိခိုက်အောင် ဒုက္ခပေးတတ်တဲ့ကောင်တွေကို ဟောဒီလို ဟောဒီလို ကဲကွာ. . "

"ခွပ်. . . ခွပ်. . . ခွပ်"

Boxing သမားတစ်ယောက်အလား လက်သီးတွေ တစ်လုံးပြီးတစ်လုံး ပစ်သွင်းလိုက်၏။

ကျန်သည့်နှစ်ယောက်က သူ့ကိုဝိုင်းထိုးကြသည်။

သို့သော် သူကကိုယ်ခံပညာတတ်သူမို့ ဂျူဒိုတွေ၊ ကရာတေးတွေနှင့် တီးပစ်လိုက်သောကြောင့် သုံးယောက်လုံး အလဲလဲ အကွဲကွဲဖြင့် ထွက်ပြေးသွားကြတော့၏။

သူက ထိုလူသုံးယောက်ကိုလက်ပိုက်ကြည့်ပြီး မခိုးမခန့်ရယ်မောနေသည်။

"ကျေး. . . ကျေးဇူးတင်ပါတယ်ရှင်"

"ဟုတ်တယ် အစ်ကိုကြီးရောက်လာပေလို့ပေါ့"

"နေပါဦး မင်းတို့က မိန်းကလေးတွေဖြစ်ပြီး သကြန်



www.burmeseclassic.com

www.burmeseclassic.com



တွင်းမှာ စက်ဘီးလျှောက်စီးနေကြတယ်၊ သကြၤန်တွင်းမှာ အတင့်မရဲလွန်းဘူးလား"

"ကျွန်မတို့က ရန်ကုန်ပြန်ဖို့ ကားပျက်နေတာနဲ့ စက်ဘီးစီးလာတာပါ"ဟု နွေနှင်းက ပြောလိုက်သည်။

"ဟုတ်ပါတယ် အစ်ကိုရယ်၊ နွယ့်မေမေတားနေတဲ့ကြားက နွေနှင်းရန်ကုန်ပြန်ချင်လွန်းလို့ နွယ်တို့ထွက်လာခဲ့မိကြတာပါ၊ ဒီက မောင်လေးဖိုးတုတ်ကိုလဲ ခေါ်လာခဲ့တယ်၊ ဒါပေမယ့် သူက ကလေးသာသာဆိုတော့ ဟိုလူတွေကို ပြန်မထိုးနိုင်ဘူးပေါ့"

သူက နွေနှင်းတစ်ကိုယ်လုံးကို စေ့စေ့စပ်စပ်ကြည့်နေရာမှ. . .

"ဪ. . . နာမည်လေးက နွေနှင်းတဲ့လား၊ အခုလိုကူညီခွင့်ရတော့လဲ ကိုယ်တို့တွေ မိတ်ဆွေဖြစ်သွားကြတာပေါ့၊ နော်၊ ကဲ. . . မင်းတို့ရဲ့စက်ဘီးတွေကို ကိုယ့်ကားနောက်ခန်းပေါ်တင်ပြီး ကိုယ့်ကားနဲ့အားလုံးလိုက်ခဲ့ကြပါ၊ ကိုယ်လဲ ရန်ကုန်ပြန်မှာပဲ"

သူက သူ့ Hilux ကား နောက်ခန်းထဲသို့ သူမတို့စက်ဘီးနှစ်စီးကိုကူညီ၍တင်ပေးလိုက်သည်။





သူမတို့သုံးယောက် သူ့ကားဖြင့် ရန်ကုန်သို့လိုက်လာခဲ့ကြသည်။

"ကိုယ့်နာမည်က မျိုးညီညီထွန်း၊ ကြည့်မြင်တိုင်မှာနေတယ်၊ နွေနှင်းက ဘယ်မှာနေတာလဲ"

သူ့ဘေးတွင်ထိုင်ပြီးပါလာသည့် နွေနှင်းဘက်အသာလှည့်ကြည့်ပြီး သူမေးသည်။

သူ့အမေးကို နွေနှင်းမဖြေမီ နွယ်ကဝင်၍ဖြေလိုက်၏။

"မနွေက ပြည်ထောင်စုရိပ်သာလမ်းမှာနေတာလေ၊ မနွေ Visiting card လေးပါရင် ဒီအစ်ကို့ကိုပေးလိုက်ပါလား"

နွေနှင်းက ခေါင်းခါယမ်းလိုက်၏။

"ပါမလာခဲ့ဘူး"

"ကိစ္စမရှိဘူး နွေနှင်း၊ နွေနှင်းတို့အိမ်အထိကိုယ်လိုက်ပို့ပေးမယ်၊ ဖုန်းနံပါတ်လေးတော့ ကိုယ့်ကိုပြောပြနော်"

"အိုကေ. . . အိုကေ၊ နွေနှင်းဖုန်းနံပါတ်က- - -"

ရန်ကုန်ရောက်တော့ နွေနှင်းတို့ခြံရှေ့အထိ သူက လိုက်ပို့ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



သကြ်န်အကြိုနေ့ဖြစ်သောကြောင့် သူတို့အားလုံး သကြ်န်ရေများစိုနစ်နေကြသည်။

"ကျေးဇူးပဲနော် ကိုမျိုးညီညီထွင်"

ရေတွေစိုရွှဲနေသည့် သူ့ခန္ဓာကိုယ်ကိုကြည့်ပြီး သူမ ရင်ဖိုနေမိသည်။

သူကလည်း တစ်ကိုယ်လုံးစိုရွှဲနေသောကြောင့် ရှိုက်ဖိုကြီးငယ်အသွယ်သွယ်ဖြင့် ပန်းပုရုပ်ထုဆစ်ထားသလို အဖုအထစ်အနုအရွများဖြင့် အချိုးကျလှပနေသည့် သူမတစ်ကိုယ်လုံးကို စူးစူးစိုက်စိုက်ငေးကြည့်ရင်း ရင်ထဲလှုပ်ရှားပြီး မျက်ဝန်းများထဲတွင် တပ်မက်စွဲလမ်းမှုအရိပ်အယောင်များ ဖုံးလွှမ်းနေသည်။

"ကိုယ်သတိရရင် ဖုန်းဆက်မယ်၊ ပြီးတော့ အလည်လာလို့ရမလား၊ ဒါက ကိုယ့်ရဲ့ Visiting card"

"ဟုတ်. . . ဟုတ်ကဲ့"

"ကဲ. . . ကိုယ်သွားတော့မယ်နော်၊ မင်္ဂလာရှိတဲ့ညနေချမ်းပါ"

သူနှုတ်ဆက်၍ ကားပေါ်တက်ပြီး မောင်းထွက်သွား





သည်။

သူမတို့ခြံဝင်းထဲဝင်လာခဲ့ပြီး တိုက်ထဲရောက်သည်နှင့် သီတာနွယ်က သူမအားနောက်တော့၏။

"ဟေး. . . မနွေ၊ ဒီညတော့ မနွေအိပ်မက်တွေမက်တော့မယ်ထင်တယ်၊ အဲဒီလူက တော်တော်သန့်တာပဲနော်၊ သူ့ကိုမြင်မြင်ချင်း စိတ်မဝင်စားဘူးလား"

သီတာနွယ်၏ထထရွရွအမူအရာကိုကြည့်ပြီး သူမတံတောင်ဖြင့် တွက်လိုက်သည်။

"နင်သာ ယောကျ်ားလေးမြင်တိုင်း စိတ်ဝင်စားနေတာ၊ ငါစိတ်မဝင်စားဘူး"

"စိတ်မဝင်စားရင် သူပေးတဲ့ Visiting card ဘာလို့ယူထားသေးလဲ"

"ကဲ. . . မိနွယ်၊ ဒီ card ကို ညည်းပဲ ယူထားလိုက်တော့၊ ငါက သူ့ကိုလုံးဝစိတ်မဝင်စားတော့ ဒီ Visiting card ဟာ ငါ့အတွက် အသုံးဝင်မှာမဟုတ်ဘူး"

သူမပြောပြောဆိုဆို သီတာနွယ့်ကို Visiting card လှမ်းပေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



သီတာနွယ်က ဝမ်းသာအားရလှမ်းယူလိုက်ပြီး. . .

"ကျေးဇူးပဲ မနွေ၊ နွယ့်အတွက်တော့ အသုံးဝင်ကောင်းဝင်မှာပါ"ဟု အရွှန်းဖောက်၍ပြောလိုက်၏။

ထိုအချိန်မှစ၍ သူမသည် ကိုကိုနှင့်ပတ်သက်၍ နွယ့်အပေါ်တွင် သံသယဝင်ခဲ့မိသည်မဟုတ်ပါလား. . .

## အခန်း(၂)

သူမတစ်ယောက်တည်း အတွေးတိမ်တိုက်ထဲ လွင့်မျောနေမိသည်။

သူမဒုက္ခရောက်စဉ် ကူညီခဲ့သည့် ညီညီထွဋ်ကိုမေ့မရ၊ သူ့ကိုသာ သတိရနေမိ၏။

သူ့ပုံစံလေးက ရိုးရိုးရှင်းရှင်းနဲ့ တကယ့်ကို ခန့်တာ၊ စိတ်တိုတိုနဲ့ သူ့ဖုံးနံပါတ်ကိုမကြည့်မိဘဲ သူ့လိပ်စာကတ်လေးနွယ့်ကိုပေးလိုက်မိတာ ခုမှပင်နောင်တရနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က ညီညီထွန်းနှင့်မမျှော်လင့်စွာပြန်ဆုံတွေ့ခဲ့ကြသည်။

ထိုနေ့က ညနေခင်းလေးတွင် သူမသည် ကိုယ်ပိုင်ကားလေးမောင်းလာခဲ့ပြီး ခရေပင်တန်းလမ်းတစ်နေရာတွင် ကားကိုရပ်၍ တစ်ယောက်တည်းခရေပန်းကောက်နေမိ၏။

သူမခပ်ငယ်ငယ်ကလေးဘဝမှစပြီး ဤခရေပင်တန်းတွင် ခရေပန်းကောက်လေ့ရှိသည်။

ခရေပန်းကြိုက်သူမို့ နေ့စဉ် ခရေပန်းကောက်ပြီး ပန်လေ့ရှိသည်မဟုတ်ပါလား . .

သူမခရေပန်းကောက်နေစဉ် သူမအနီးမှာ ဟိုင်းလပ်စ်ကားတစ်စီးလာရပ်လိုက်သောကြောင့် ရုတ်တရက်လှည့်ကြည့်လိုက်မိ၏။

ကားပေါ်မှ လူတစ်ယောက်ဆင်းလာပြီး ထိုလူက သူမကိုလိုက်လှဲစွာပြုံးပြလိုက်သည်။

သူမတစ်ကိုယ်လုံး ဆတ်ခနဲဖြစ်သွားသည်။

အံ့ဩစိတ်၊ ဝမ်းသာစိတ်တို့ကြောင့် သူမမျက်နှာလေးဝင်းလက်သွားသည်။





သူ့ . . .

မျိုးညီညီထွန်းပါလား . .

"ဟော့ . . . နွေနှင်း၊ ကိုယ့်ကို မှတ်မိသလား"

"အို . . . မမှတ်မိဘဲ နေပါ့မလား၊ သိပ်မှတ်မိတာပေါ့"

"ခရေပန်းလာကောက်တာပေါ့ ဟုတ်လား"

"ဟုတ်တယ်"

"တိုက တို့ဦးလေးအိမ်ကိုအလည်လာတာလေ၊ ဟိုခြံနဲ့တိုက်ပဲ"

သူက ခပ်လှမ်းလှမ်းရှိခြံနှင့်တိုက်ကို လက်ညှိုးညွှန်ပြရင်း ပြောလိုက်သည်။

ပြီးတော့ ခရေပန်းအချို့ကိုကောက်ယူနေသည်။ ပြီးတော့ သူမကိုပေးသည်။

"ဒါနဲ့ နွေနှင်းခရီးထွက်နေတယ်ဆို"

သူ့အမေးစကားကြောင့် သူမအံ့ဩသွားပြီး . .

"ဟင် . . . ဘယ်မှလဲ ခရီးမထွက်ပါဘူး၊ ဘယ်သူပြောလို့လဲ"

"သီတာနွယ်က ကိုယ့်ဆီဖုန်းဆက်ပြီး ပြောတာ၊ နွေနှင်း



www.burmeseclassic.com

www.burmeseclassic.com



မန္တလေးသွားတယ်ဆို"

"အို. . . ဟုတ်လား၊ ကြုံကြုံဖန်ဖန်၊ ကျွန်မဘယ်မှလဲ မသွားရပါဘူး၊ သီတာနွယ်က ဘာကြောင့်များဖုန်းဆက်ပြီး ပြောတာပါလိမ့်"

သူမ မတွေးတတ်လောက်အောင် ဖြစ်နေမိသည်။

သီတာနွယ်က ဘာကြောင့်များ သူမခရီးမသွားဘဲ ခရီးသွားတယ်ဟု ပြောခဲ့ပါလိမ့်. . .

"နွေနှင်းဆီ ကိုယ်ဖုန်းဆက်မလို့၊ နွေနှင်းခရီးထွက်နေတယ်ဆိုတာနဲ့ မဆက်ဖြစ်တော့ဘူး"

အခုမှပင် သဘောပေါက်တော့၏။

သူမထံ ညီညီထွန်းဆက်သွယ်မှာ မလိုလားသောကြောင့် ညီထွန်းထံဖုန်းဆက်၍ တမင်လုပ်ကြံဖန်တီး၍ ပြောထားမှန်းနားလည်ရသည်။

တွေဝေစဉ်းစားနေသည့်သူမကို အကဲခတ်ကြည့်နေရာမှ. . .

"ကဲပါလေ. . . နွေနှင်း ဘယ်မှခရီးမထွက်ဘူးဆိုလဲ ပြီးတာပဲ၊ ကိုယ်ဖုန်းဆက်လို့ရတယ်မဟုတ်လား"





သူမ ခေါင်းညိတ်လိုက်သည်။

"ခုလိုပဲ နွေနှင်းတစ်ယောက်တည်း ခရေပန်း လာကောက်တတ်သလား"

"အင်း"

"ဒါနဲ့ နွေနှင်းကျောင်းပြီးသွားပြီလား၊ ဘာနဲ့ပြီးသလဲ"

"Eco နဲ့ပါ၊ ရှင်ကော ကျောင်းပြီးပြီလား၊ ဘာအလုပ်လုပ်သလဲ"

"ဟိုကိုယ်က မိဘတွေပိုင်တဲ့ ကုမ္ပဏီမှာ အလုပ်လုပ်တယ်၊ ကိုယ့်ဖားသားကြီးက construction တစ်ခု တည်ထောင်ထားတယ်"

"ကဲ. . . စကားပြောကောင်းနေလိုက်ကြတာ အချိန်တောင်အတော်ကုန်သွားပြီ၊ နွေနှင်းပြန်တော့မယ်"

"မနက်ဖြန်ညနေ နွေနှင်း ခရေပန်းလာကောက်ဦးမလား၊ ဒီနေရာလေးမှာ ကိုယ်လာစောင့်နေမယ်"

"မပြောတတ်သေးဘူး"

"လာခဲ့ပါလား၊ ကိုယ်စောင့်နေမယ်လေ"

"ဘာကိစ္စ နွေနှင်းကိုချိန်းနေရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"တွေ့ချင်လို့ပေါ့၊ ပဲခူးက ပြန်လာတဲ့နေ့က နွေနှင်းနဲ့ ဆုံတွေ့ခဲ့ရပြီး နွေနှင်းကိုကိုယ်အမြဲတမ်းသတိရနေတယ်"

"ဟုတ်လား၊ သိပ်တော့မယုံချင်ဘူး"

"မယုံလဲ မတတ်နိုင်ဘူး၊ ကိုယ်က ဒီနေရာလေးမှာ နေ့စဉ်လာစောင့်နေမိမှာ အမှန်ပဲ"

နွေနှင်းကားပေါ်တက်၍ မောင်းထွက်လာခဲ့သည်။

သူမကားလေးထွက်သွားပြီး အချိန်အနည်းငယ်ကြာမှပင် ညီထွဋ်၏ကားလေးထွက်ခွာသွားလေသည်။



# အခန်း (၃)

မြင့်မားသော ရှစ်ထပ်တိုက်အဆောက်အအုံကြီးတစ်ခု၏ပထမထပ်ရှိရာသို့ သူမတက်လာခဲ့သည်။

ထိုနေရာက ကျားကမ္ဘာ construction ရုံးခန်းဖွင့်ထားရာနေရာဖြစ်သည်။

သတင်းစာထဲမှ အလုပ်ခေါ်သည့် ကြော်ငြာကိုတွေ့ပြီး သူမရောက်လာခဲ့ခြင်းပါ။

ထိုကုမ္ပဏီတွင် Accountant လုပ်ရန် သူမအလုပ်



www.burmeseclassic.com

www.burmeseclassic.com



လာလျှောက်ခြင်းဖြစ်သည်။

သူမလျှောက်လွှာအား စိစစ်ရွေးချယ်ခဲ့ပြီးဖြစ်၍ ယခု လူကိုယ်တိုင် လာရောက်တွေ့ဆုံခြင်းဖြစ်သည်။

စာရေးမတစ်ဦးက သူ့ကိုဆီးကြိုပြီး Managing Director နှင့်တွေ့ဆုံရန် ကုမ္ပဏီရုံးခန်းသို့ ပို့ပေးလေသည်။ ပြီးတော့ အခန်းဝမှ ပြန်လှည့်ထွက်သွားသည်။

သူမကုမ္ပဏီရုံးခန်းထဲသို့ ဝင်လာခဲ့သည်။

အခန်းကျယ်ကြီးအတွင်းရှိ ဆုံလည်ကုလားထိုင်တွင် လူတစ်ယောက်ထိုင်နေသည်။

သူက သူမဘက်ကျောခိုင်းထားသည်။

စိမ်းဝါရောင်ဖျော့ဖျော့ကုတ်အင်္ကျီနှင့် ဘောင်းဘီရှည်ကို ဆင်တူဝတ်ဆင်ထားပြီး အနက်ရောင် ဟတ်ဖ်ရှူးကို စီးထားသည်။

"ထိုင်ပါ"

သူက ဆုံလည်ကုလားထိုင်ကို သူမဘက်လှည့်ပြီး ပြောလိုက်သည်။

"ဟင်. . ."



သူ့မျက်နှာကိုမြင်တော့ နွေနှင်းအံ့သြသွားမိသည်။

သူက ရွှန်းလဲ့နက်မှောင်သောမျက်ဝန်းများဖြင့် သူမကိုကြည့်နေသည်။

နှာတံချွန်ချွန်၊ မျက်ခုံးနက်နက်၊ နှုတ်ခမ်းလှလှနှင့် နက်မှောင်ဖြောင့်စင်းသော ဆံပင်များကြောင့် သူ့ကိုမမှတ်မိနိုင်စရာမရှိပါ။

"သိပ်အံ့သြသွားသလား ခင်ဗျာ"

"မအံ့သြပါဘူး"

"ထိုင်ပါ နွေနှင်း"

နွေနှင်းက ဣန္ဒြေရရပင် သူ့ရှေ့ရှိကုလားထိုင်ပေါ် ထိုင်လိုက်၏။

"ကိုယ်နေ့တိုင်း ခရေပင်တွေအောက်ရောက်တယ်၊ တစ်နေ့တွေ့ရနိုးနဲ့ နွေနှင်းကို လာစောင့်နေမိတာ၊ ဒါပေမယ့် တစ်နေ့မှမတွေ့ခဲ့ရဘူး၊ ဘာဖြစ်လို့ရောက်မလာတော့တာလဲ"

သူ့အမေးကို သူမကပြန်မဖြေဘဲ သူ့ကိုပြန်ပြီး မေးခွန်းဆတ်လိုက်သည်။

"နွေနှင်းကို တွေ့ချင်တဲ့အကြောင်း ပြောပါဦး"

www.burmeseclassic.com

www.burmeseclassic.com



"တွေ့ချင်တဲ့အကြောင်း ဟုတ်လား၊ တကယ်ပြောရမှာလား"

"ပြောပါ"

"အလုပ်အကြောင်းအရင်ပြောရမလား၊ အဲဒီအကြောင်းအရင်ပြောရမလား၊ နွေနှင်းပဲရွေးချယ်ပါ"

"ရှင်ပြောချင်တဲ့အကြောင်း အရင်ပြောနိုင်တယ်၊ ဒါပေမယ့် ရှင့်ဆီအလုပ်လာဝင်တယ်ဆိုပြီး ကျွန်မကိုလှောင်နေတာမျိုးတော့ မဖြစ်စေချင်ဘူး"

"မလှောင်ပါဘူး နွေနှင်းရယ်၊ နွေနှင်းကို တွေ့ချင်လို့ ကိုယ်တကယ်စောင့်နေတဲ့အကြောင်းကို ပြောပြတာပါ"

"ဒါကြောင့် ကျွန်မကို အလုပ်ခန့်ဖို့ရွေးချယ်ခဲ့တာလား"

"မဟုတ်ပါဘူး၊ မင်းကိုရွေးချယ်ခဲ့တာ ကိုယ့်ဖေဖေပဲ ကိုယ်က ဝတ္တရားအရ မင်းနဲ့တွေ့ရတာပါ၊ ကဲ. . . အလုပ်လက်ခံတဲ့အကြောင်း ဟောဒီစာရွက်ပေါ်မှာ လက်မှတ်ထိုးပေးပါ"

သူ့အသံက တည်ငြိမ်အေးဆေးသလို မျက်ဝန်းများကနူးညံ့ကြင်နာနေသည်မို့ သူမ မငြင်းဖြစ်တော့ဘဲ စာရွက်ပေါ်တွင် လက်မှတ်ထိုးလိုက်သည်။



"ကျေးဇူးပါပဲ နွေနှင်း"

သူမကမ်းပေးသည့် အလုပ်လက်ခံစာကို ငုံ့ကြည့်ပြီး သူပြောလိုက်သည်။

"ကျွန်မအတွက် အလုပ်လုပ်ရမယ့်စားပွဲက ဘယ်နေရာမှာလဲ"

"ဒီအခန်းနဲ့ကပ်လျက်မှာ ကုမ္ပဏီ staff တွေ ရုံးထိုင်ကြတယ်၊ အဲဒီအခန်းမှာ နွေနှင်းအလုပ်လုပ်ရမယ်"

သူက နွေနှင်း၏အလုပ်စားပွဲရှိရာသို့ လိုက်ပို့ပေးလေသည်။ ပြီးတော့ သူ့ရုံးခန်းရှိရာသို့ပြန်သွားသည်။

ကုမ္ပဏီ staff မိန်းကလေးအချို့က သူမကိုကြည့်ပြီး အံ့သြနေကြသလို၊ မနာလိုဝန်တိုဖြစ်သူက ဖြစ်နေကြသည်။

"ဟော့. . . Accountant က အတော်ချောတာပဲ၊ MD နဲ့လဲ ရင်းနှီးပုံတယ်၊ သူတို့ကြားမှာ ဘယ်လို ပတ်သက်မှုရှိနေလဲမသိဘူးနော်"

"ဟုတ်တယ်၊ MD ကြည့်ရတာ အဲဒီမိန်းကလေးကို စိတ်ဝင်စားနေပုံပဲ၊ MD ကလဲ ငယ်ငယ်၊ လူပျိုလူလွတ်ဆိုတော့

www.burmeseclassic.com

www.burmeseclassic.com



ဒီမိန်းကလေးနဲ့ ငြိသွားမှာသေချာတယ်"

သူမကိုကြည့်ပြီး တစ်ယောက်တစ်ပေါက် ဝေဖန်နေကြသည်။

ကုမ္ပဏီပိုင်ရှင် ညီညီထွန်းကတော့ ကုမ္ပဏီကို သူမရောက်လာသည့်အတွက် ပျော်ရွှင်နေမိသည် မဟုတ်ပါလား. . .

♥♥♥

## အခန်း(၄)

သူမကုမ္ပဏီတွင် အလုပ်ဝင်ခဲ့ပြီးနောက် သူနှင့်သူမတို့ နှစ်ဦး ရင်းနှီးခဲ့ကြသည်။

သည်ကနေ့ ကုမ္ပဏီပိတ်ရက်မို့ သူမတစ်ယောက်တည်း ခရေပင်တွေအောက်ရောက်ပြီး ပန်းကောက်နေမိ၏။

"ဝေါ. . . ဂျလစ်"

သူမခရေပန်းများကောက်နေစဉ် ကားတစ်စီးက ဘိုက်မိမလိုဖြစ်သွားပြီး ဘရိတ်ဖမ်းလိုက်ခြင်းပါ။

www.burmeseclassic.com

www.burmeseclassic.com



ကားက ဘရိတ်ဖမ်းလိုက်သော်လည်း နွေနှင်း ဒူးခေါင်းနှစ်ဖက်ကို အရှိန်ဖြင့် ဆောင့်မိသွားသောကြောင့် ခွေခနဲလဲကျသွား၏။

“ဟင်. . . နွေနှင်း၊ ဘာဖြစ်သွားသေးလဲ”

ကားပေါ်မှ ညီထွဋ်ဆင်းလာပြီး စိုးရိမ်ပူပန်စွာမေးလိုက်သည်။

“ဖြစ်ရလေ၊ ကိုယ်ဘရိတ်ဖမ်းတာ မြန်ပေလို့ပေါ့၊ ဒီနေရာမှာ တခြားကားတစ်စီးသာဆိုရင် နွေနှင်းအတွက် မတွေးဝံ့စရာပဲ”

သူမကိုယ်လေးကိုဆွဲယူပြီး ရင်ထုမနာပြောနေသည်။

“နွေနှင်းဒူးခေါင်းနာသွားတယ် ဦးညီထွဋ်”

“လာ. . . လာ၊ ကိုယ်တွဲခေါ်မယ်နော်”

သူက သူမကိုယ်လေးကို ကားပေါ်တွဲတင်လိုက်သည်။

“ဒုက္ခပဲ၊ ကျွန်မကားမမောင်းနိုင်တော့ဘူး”

“သိနေတယ်လေ၊ သိနေတယ်၊ နွေနှင်းကားမမောင်းနိုင်ဘူးဆိုတာသိလို့ မောင်းတဲ့သူနေရာမှာ မထိုင်ခိုင်းတော့တာပေါ့၊ နွေနှင်းကားကို ကိုယ်မောင်းပြီးလိုက်ပို့ပေးပါ့မယ်၊



ကိုယ့်ကားကိုတော့ ဒီမှာပဲထားပစ်ခဲ့မယ်၊ ပြီးမှ လာယူမယ်”

သူမမျက်ဝန်းနှစ်ဖက်မှ မျက်ရည်များပါးပြင်ပေါ်သို့ စီးကျလာလေသည်။

“နွေနှင်းသိပ်နာနေသလား၊ ကိုယ်ဆေးခန်းလိုက်ပို့ပေးမယ်”

“ကျွန်မဒီနေ့ စိတ်ညစ်နေတယ်၊ စိတ်ညစ်ညစ်နဲ့ ထွက်လာပြီး တစ်ယောက်တည်း ပန်းကောက်နေမိတာပါ”

“ဘာဖြစ်လို့ စိတ်ညစ်ရတာလဲ၊ ကိုယ့်ကို ပြောပြနိုင်မလား နွေနှင်း”

“ကျွန်မသေချင်တယ်၊ သေချင်တယ် အဟင့် ဟင့်”

“ဒီလောက်လဲ စိတ်ဓာတ်မကျပါနဲ့ နွေနှင်းရယ်၊ ပြဿနာရှိရင် အဖြေရှိပါတယ်၊ ကဲ. . . နွေနှင်းရဲ့အကြောင်း ပြောပြပါဦး”

“ရှင်ခုနက နွေနှင်းသေအောင် ကားနဲ့တိုက်ပစ်လိုက်ပါလား၊ ခုတော့ အသက်ရှင်ရဦးမယ် ဟင့် ဟင့်”

“ကဲ. . . တိတ်ပါ နွေနှင်းရယ်၊ နွေနှင်းငိုနေရင် ကိုယ် ကားမမောင်းတတ်ဘူး”

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို အားနာသွားသလို သူမရှိုက်သံတွေ တိုးတိတ်သွားသည်။

ကလေးတစ်ယောက်လို ငိုရှိုက်နေသည့်သူမကို ကြင်နာယုယလိုစိတ်၊ ချော့မော့နှစ်သိမ့်လိုစိတ်တွေ သူ့ရင်ထဲမှာ တရိပ်ရိပ်တက်လာသည်။

သို့သော် ကြင်နာခွင့်မရသေးသည့်အဖြစ်ကို နားလည်စွာဖြင့် ကားကိုမောင်းလာခဲ့သည်။

သူမအား ဆေးခန်းတစ်ခုသို့ လိုက်ပို့ပေးပြီး ဒဏ်ရာကိုဆေးထည့်ခဲ့၏။

ဆေးခန်းမှပြန်လာချိန်တွင် သူကကားကို ကမ်းနားလမ်း မြစ်ကမ်းနဖူးရှိရာသို့ မောင်းလာခဲ့သည်။

မြစ်ကမ်းနဖူးတွင် ကားကိုသူရပ်လိုက်၏။

မှောင်ရီပျိုးစချိန်ရောက်နေပြီမို့ လူသူအရိပ်အယောင်ရှင်းနေသည်။

မြစ်ပြင်မှ တဝုန်းဝုန်းရိုက်ခတ်နေသည့် လှိုင်းများကိုကြည့်ပြီး တိတ်ဆိတ်ငြိမ်သက်နေသည်။

"နွေနှင်း စိတ်အတော်သက်သာသွားပြီလား"



သူမခေါင်းညိတ်လိုက်သည်။

"နွေနှင်းငိုထားတာ မျက်လုံးတွေ မို့အစ်နေတယ်၊ နှာခေါင်းတွေနီနေတယ်၊ ခြေထောက်နှစ်ဖက်လဲ ကောင်းကောင်းမလှမ်းနိုင်ဘူးဆိုတော့ နွေနှင်းအိမ်ပြန်ရောက်ရင် လူကြီးတွေ ဘယ်လိုယူဆကြမလဲ"

"ယူဆချင်သလို ယူဆကြပါစေ၊ ဖေဖေက နွေနှင်းမနှစ်သက်တဲ့လူတစ်ယောက်နဲ့ လက်ထပ်ပေးဖို့ အတင်းအကြပ်ပြောလို့ နွေနှင်းစိတ်ဆိုးပြီး အခုလိုဖြစ်ရတာ".

"ကားတစ်စီးလုံးလာတာကို မရှောင်နိုင်လောက်အောင် စိတ်မကြီးသင့်ပါဘူး နွေနှင်းရယ်၊ နွေနှင်းမနှစ်သက်ရင် အဲဒီလူကို လက်မထပ်နဲ့ပေါ့"

"ဖေဖေက အဲဒီလူနဲ့ အတင်းအကြပ်သဘောတူနေတာ"

"သူက ဘာလုပ်သလဲ သူဌေးလား"

"ဟုတ်တယ်၊ ဖေဖေ့မိတ်ဆွေသူဌေးကြီးတစ်ဦးရဲ့သားလို့ ပြောတာပဲ"

"သူက ကိုယ့်လောက်ချမ်းသာလို့လားဟင် နွေနှင်း၊

www.burmeseclassic.com

www.burmeseclassic.com



နွေနှင်းဖေဖေဆီ ကိုယ်သွားတွေ့ရင် ကောင်းမလားပဲ”

သူ့စကားကြောင့် နွေနှင်းအံ့သြသွားပြီး. . .

“ဖေဖေ့ကို သွားတွေ့မယ်ဟုတ်လား၊ ဘာလုပ်ဖို့လဲ”

“နွေနှင်းကိုလက်ထပ်ယူဖို့ ယောက္ခမကြီးဆီမှာ ခွင့်တောင်းမယ်လေ”

သူ့စကားကြောင့် သူမအံ့သြစိတ်လှုပ်ရှားစွာဖြင့်. . .

“မြတ်စွာဘုရား. . . ရှင်က အရေးထဲမှာ ကျွန်မကို နောက်နေနိုင်သေးတယ်တယ်နော်”ဟု ရန်တွေ့လိုက်သည်။

“တကယ်ပြောနေတာပါ နွေနှင်း၊ ကိုယ်တို့သားအဖ နှစ်ယောက်တည်းနေတဲ့ ပိတောက်ရိပ်ငြိမ်မှာ အရှင်သခင်လို နေတယ်”

သူ့မျက်ဝန်းတွေက လေးနက်တည်ငြိမ်နေသောကြောင့် သူနောက်နေတာ မဖြစ်နိုင်ပါ။

“ရှင်က ကျွန်မကိုဟင်းရွက်ကန်စွန်းထင်နေသလား၊ ခုချက်ချင်း ပြန်ပို့ပါ”

“ဟင်းရွက်ကန်စွန်းမထင်ပါဘူး၊ ဟင်းရွက်ကန်စွန်းဆို ကြော်စားပစ်လိုက်မှာပေါ့၊ ခုက ချစ်နေတာဗျ”





“ခုမြင် ခုကြိုက် မိန်းကလေးတွေကို တွေ့လိုက်တာနဲ့ ဒီလိုပဲ ရည်းစားစကားပြောနေကျလား”

“အထင်မလွဲပါနဲ့ နွေနှင်းရယ်၊ နွေနှင်းဟာ ကိုယ့်ရဲ့ ပထမဦးဆုံး First love ပါ”

သူက နွေနှင်း၏အေးတိအေးစက်ပုံစံလေးကို အားမလို အားမရဖြစ်သွားပြီး သူမပခုံးနှစ်ဖက်ကို ဆွဲခါလှုပ်ယမ်းလိုက်သည်။

“ကိုယ့်ကို ယုံပါ နွေနှင်း၊ ယုံလိုက်စမ်းပါ နွေနှင်းနဲ့အတူ ဘဝတစ်ခုတည်ဆောက်ချင်တယ်”

“အို. . . နွေနှင်းကို ဒီလိုမလုပ်ပါနဲ့၊ နွေနှင်းပြန်ချင်ပြီ သွားကြစို့”

“ကိုယ့်မှာ အနိုင်ယူလိုစိတ် လုံးဝမရှိဘူး၊ ပိုင်ဆိုင်လိုစိတ်ပဲ ရှိတယ်၊ မင်းကို မဆုံးရှုံးရအောင် မင်းရဲ့ဖေဖေဆီမှာ ပြန်ဆုံးလာတောင်းခွင့်ပြုပါနော်”

“ရှင်နဲ့ကျွန်မတွေ့ကြတာ ဘာမှမကြာသေးဘူး၊ ရှင့်ကို ကျွန်မဘယ်လိုလုပ်ပြီး ယုံကြည်ရမှာလဲ”

“သုံးနှစ်သုံးမိုး ရည်းစားထားပြီးမှ လက်ထပ်ကြတဲ့



www.burmeseclassic.com

www.burmeseclassic.com



ခေတ်က ကျန်ရစ်ခဲ့ပါပြီကွာ၊ မင်းကိုမြင်မြင်ချင်း ကိုယ့်အသည်းနှလုံးမှာ မပေါ်ပေါက်ဖူးတဲ့ ခံစားမှုတွေ သိပ်နှိပ်စက်နေတယ်၊ သိပ်ချစ်တယ် နွေနှင်းရယ်"

သူက သူမကိုယ်လေးကို ရင်ခွင်ထဲဆွဲသွင်းပြီး မျက်နှာချင်းထိကပ်ထားလိုက်သည်။

သူ့မျက်နှာကို သူမတွန်းပစ်လိုက်ပြီး. . .

"အို. . . ရှင်မရမ်းကားပါနဲ့ ဦးညီထွဋ်"

"ကိုကိုက ချစ်လေးကို လက်ထပ်ယူမှာပါ၊ လူရမ်းကားတစ်ယောက်မဟုတ်ပါဘူး"

"ရှင် ကျွန်မသိကွာကို ထောက်ထားစာနာရင် သိက္ခာရှိရှိ ဆက်ဆံပါ၊ ခုမြင်ခုကြိုက် မိန်းမစားတွေထဲမှာ ကျွန်မ မပါဘူးနော်"

"ကိုယ်လူပျိုပေါက်အရွယ်ကတည်းက စဉ်းစားဆုံးဖြတ်ခဲ့တယ်၊ ကိုကိုတကယ်ချစ်တဲ့ မိန်းကလေးနဲ့ဆုံခွင့်ရရင် ချစ်တယ်လို့ တစ်ခါတည်းပြောပြီး လက်ထပ်ခွင့်တောင်းမယ်လို့၊ နွေနှင်းဟာ ကိုကိုတကယ်မြတ်နိုးရတဲ့ မိန်းကလေးပဲ၊ မင်းကို ပိုင်ဆိုင်ပါရစေ နွေနှင်းရယ်"



သူမ မယုံတစ်ဝက်ယုံတစ်ဝက်ဖြင့် ငိုင်တွေစွာ နားထောင်နေမိသည်။

သူ့နှလုံးသားထဲမှ ပြင်းထန်စွာထွက်ပေါ်လာသည့် စကားတွေကို သံသယဝင်ရမှာ ခက်နေမိပြီမဟုတ်ပါလား. . .

"နွေနှင်း"

". . . . . . ."

"နွေနှင်း. . . ချစ်လေးရယ်"

သူမမျက်နှာအနီး သူ့အနမ်းတွေကျရောက်လာသည်။

"အို. . . ရှင်သိပ်လွန်လာပြီ လွှတ်"

နွေနှင်းစိတ်ဆိုးဆိုးဖြင့် သူ့ရင်ဘတ်ကို တွန်းပစ်လိုက်၏။

သူက သူမကိုယ်လေးကိုတင်းကြပ်စွာဖက်ထားပြီး မျက်နှာချင်းထိကပ်ထား၏။

သူမအသက်ရှူရန် မေ့လျော့သွားပြီး ရင်ထဲမှာလှိုက်ဖိုဆို့ကြပ်လာမိ၏။

စိတ်ဆိုးဆိုးဖြင့် မျက်ရည်တွေစီးကျလာသည်။

သူမငိုနေမှန်းသိသွားမှပင် သူက ဖြေလျှော့ပေးလိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။ သို့သော် သူမလက်မောင်းတစ်ဖက်ကိုတော့ ဆုပ်ကိုင်ထားဆဲပါ။

"နွေနှင်းရဲ့ချစ်စရာကောင်းတဲ့ မျက်လုံးလေးတွေနဲ့ ထာဝရကြည့်နေမယ်ဆိုရင် ကိုကို့ဘဝမှာ သေပျော်ပါပြီ"

"ရက်စက်တဲ့ အကြည့်တွေဖြစ်နေရင်ကော. . . ကိုညီထွန်း"

"ရက်စက်တဲ့အကြည့်မျိုးဆိုရင်တောင် ကိုကို့ရင်ထဲမှာ ထာဝရသိမ်းဆည်းထားပါ့မယ် နွေနှင်း"

"ရှင်က သိပ်စကားပြောကောင်းတာပဲ"

"ဒါကြောင့် နွေနှင်းက ချစ်နေတာမဟုတ်လား"

"ရှင့်ကို ဘယ်သူက ချစ်တယ်ပြောလို့လဲ ဟွန်း"

"ကိုယ်ကတော့ နွေနှင်းကို အသက်နဲ့ထပ်တူချစ်တယ် မယုံရင် ကိုယ့်ရင်ကိုခွဲကြည့်ပါလား"

"ဘာတွေရှိမလဲ ကိုညီထွန်း"

"နွေနှင်းဆိုတဲ့ချစ်သူလေးအပေါ်ထားတဲ့ သံယောဇဉ်တွေပေါ့"

"ရှင်သိပ်အပြောပိုတာပဲ ကိုညီ"



"ကိုကိုလို့ ခေါ်ကြည့်ပါလား"

"မခေါ်နိုင်ဘူး"

"မခေါ်နိုင်ရင် ခေါ်အောင် ကိုယ်က ပညာပေးလိုက်မယ်နော်"

သူက သူမတစ်ကိုယ်လုံးကို တင်းတင်းကျပ်ကျပ် ဖက်ပွေ့ပြီး ပြောလိုက်သည်။

မြစ်ပြင်ကိုဖြတ်ပြီးတိုက်ခတ်လာသော လေအေးများကြောင့် အသည်းထိအောင် အေးစိမ့်သွား၏။

"ရှင့်ကိုမုန်းသွားပြီ နားလည်လား"

"မုန်းမုန်း ချစ်ချစ်. . . ကိုယ်လုံးဝဂရုမစိုက်ဘူး၊ ကိုကို ခေါ်မှလွှတ်မှာနော်"

"ရှင့်ကုမ္ပဏီမှာ မလုပ်နိုင်တော့ဘူး၊ နွေနှင်းကို အလုပ်ထွက်ခွင့်ပေးပါ"

သူက သူမမျက်နှာလေးကို လက်နှစ်ဖက်ဖြင့်ဆွဲမော့လိုက်ပြီး စူးစိုက်ကြည့်နေ၏။

"စကားကောင်းကောင်းမပြောရင် ဒဏ်ခတ်ပစ်လိုက်မှာနော်၊ မကြောက်ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



သူမမျက်လုံးတွေ မှိတ်ပစ်လိုက်မိ၏။

ရင်ဖိုလွန်းသည့်အဖြစ်ကြောင့် သူမရင်ခုန်သံ သူမပြန်ကြားနေရသည်။

သူထပ်ပြီးနမ်းမှာ စိုးရိမ်နေမိသည်။

အချစ်ကြမ်းသော သူ့ကိုမယုံရဲတော့ပါ။

သူက သူမမျက်နှာလေး သွေးစုပ်ဖြူလျော်နေတာကို ကြည့်ပြီး ကရုဏာသက်သွားသည်။

"ချစ်လေးကို ဒီနေရာခေါ်လာပြီး အချစ်အကြောင်းတွေအတင်းအကြပ်ပြောနေမိတဲ့အတွက် ကိုယ်သိပ်လွန်နေပြီထင်တယ်နော်"

"ဟုတ်တယ် ရှင်သိပ်လွန်တယ်၊ နောက်ထပ် ကျွန်မရှင်နဲ့မတွေ့ရဲတော့ဘူး"

"ထွက်ပြေးသွားမှာလား၊ ကိုယ်ကတော့ တစ်ကမ္ဘာလုံးသိအောင် ကြော်ငြာလိုက်မယ်၊ နွေနှင်းကိုဆိုတဲ့ မိန်းကလေးဟာ ကျွန်တော့်ဘဝရဲ့တစ်ဦးတစ်ယောက်တည်း ချစ်သူလို့"

သူမဘာမှ ပြန်မပြောမိတော့ပေ။

သူ့ရင်ခွင်ကို မှေးမှီရင်း သူ့ရင်ခုန်သံကိုနားထောင်



နေမိသည်မဟုတ်ပါလား. . .

ထိုနေ့က သူမအိမ်ကိုပြန်ပို့ပေးခဲ့ပြီးမှပင် သူ့ကားကိုသူရန် ခရေပင်တန်းလမ်းရှိရာသို့ သူတစ်ယောက်တည်းထွက်သာခဲ့၏။

သူ့နှလုံးသားတစ်ခုလုံး ပျော်ရွှင်ကြည်နူးနှစ်သိမ့်မှုများပြည့်လျှံနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၅)

နောက်တစ်နေ့နံနက်စောစောမှာပင် နွေနှင်းကိုတို့အိမ်ရှိရာ သူရောက်လာခဲ့သည်။

"နွေနှင်းရေ. . . ညည့်သည်"

နွေနှင်းမေမေက ဧည့်ခန်းထဲတွင် သူ့ကိုခေတ္တထိုင်စေပြီး နွေနှင်းကိုခေါ်လိုက်သည်။

နွေနှင်းဘုရားရှိခိုးနေသောကြောင့် နွေနှင်းတို့အိမ်သို့ ခေတ္တအလည်ရောက်နေသည့် သီတာနွယ့်ဧည့်ခန်းထဲသို့ အပြေးလေးရောက်လာခဲ့သည်။

"ဪ. . . ကိုကိုညီထွဋ်ပါလား၊ ဟိုတစ်နေ့ကတောင်





ကိုကိုညီထွဋ်တို့အိမ်အတွက် ပဲခူးမနီပုစွန်ချဉ်နဲ့ ငါးဖယ်ချဉ်တွေ လူကြုံပါးလိုက်သေးတယ်လေ၊ ရတယ်မဟုတ်လား"

"ဪ. . . အင်း၊ ရပါတယ် မနွယ်"

"ကိုကိုညီထွဋ်တို့များ ပဲခူးကိုခဏခဏလာလည်ဖော်သောင် မရဘူး၊ နှစ်ခေါက်လောက်ပဲထပ်ပြီး ရောက်လာတယ်နော်"

ပဲခူးရှိသူ့အဒေါ်ထံ ညီထွဋ်နှစ်ခေါက်ခန့်ရောက်ခဲ့ပြီး နှစ်ခေါက်လုံးပင် မမျှော်လင့်စွာ သီတာနွယ်နှင့်ဆုံတွေ့ခဲ့ရသည်။

သီတာနွယ်က ညီထွဋ်အား ပဲခူးအနှံ့ဘုရားများ လိုက်ပူရန်အဖော်ခေါ်ခဲ့သော်လည်း ညီထွဋ်က မလိုက်ခဲ့ပေ။

သို့သော် သီတာနွယ်အတင်းအကြပ်ဖိတ်သဖြင့် သူမအိမ်မှာ ထမင်းတစ်နပ်မျှစားခဲ့ဖူးသည်။

ထိုအကြောင်းများကို နွေနှင်းအား မပြောပြခဲ့ပေ။

နွေနှင်းကြားလျှင် ညီမဝမ်းကွဲချင်း အဆင်မပြေဖြစ်သည်စိုး၍ တမင်မပြောဘဲ နေခဲ့ခြင်းဖြစ်သည်။

ခုတော့ သီတာနွယ်က အသံစာစာ စာစာဖြင့် နွေနှင်းကြားလောက်အောင်ပြောနေသည်မဟုတ်ပါလား. . .



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုညီထွဋ် ပဲခူးလာလည်ရင် နွယ်တို့အိမ်ကို လာလည်ရဦးမယ်နော်၊ ဟိုတစ်ခါက ငါးမြင်းဟင်းနှပ်နဲ့ကျွေး လိုက်ရတာ သိပ်အားမရဘူး၊ ဒီတစ်ခါလာရင် ကြက်သား ဟင်းနဲ့ အဝကျွေးမယ်၊ ပဲခူးဒိန်ချဉ်ကောင်းကောင်းလဲ တိုက်မယ်၊ ဘုရားကြီးရှေ့က ဒိန်ချဉ်က နာမည်ကြီးပဲ"

သူမရွှန်းရွှန်းဝေအောင် ပြောနေသလို လှပသော မျက်ဝန်းများမှာလည်း အရောင်တဖျတ်ဖျတ်လက်နေသည်။

"နွယ်နဲ့ ဒီလူရွယ်က အတော်ရင်းနှီးကြသလားကွယ်"

နွေနှင်းမိခင်က သူတို့နှစ်ဦးကိုကြည့်ပြီး မေးလိုက်သည်။

"သိပ်ရင်းနှီးတာပဲ အန်တီ၊ ကိုညီထွဋ်က Boss တစ်ယောက်လေ၊ Tiger world construction ပိုင်ရှင်တစ်ယောက်ပေါ့"ဟု သီတာနွယ်ပြောလိုက်၏။

ထိုစဉ် နွေနှင်းထွက်လာသည်။

" morning နွေနှင်း၊ ဘယ်လိုလဲ. . . ခြေထောက်က ဒဏ်ရာ သက်သာရဲ့လား"

မနက်စောစော သူ့ကိုမြင်တွေ့လိုက်ရသဖြင့် သူမအံ့သြနေမိသည်။





မနေ့ညက မြစ်ကမ်းနဖူးတစ်နေရာတွင် ချစ်လွှန်း ဘုန်းတင်ဖြစ်ခဲ့ကြတာကို ပြန်သတိရမိပြီး သူမမျက်နှာတစ်ခုလုံး နီမြန်းထူအမ်းသွား၏။

"သက်သာပါတယ် ဦးညီထွဋ်၊ ဒုက္ခရှာပြီး လာကြည့်တာလား"

"ဒီအကြောင်းတစ်ခုတည်းနဲ့ ကိုယ်လာခဲ့တာ မဟုတ်ပါဘူး၊ မနေ့က ကိုယ်ပြောခဲ့တဲ့ကိစ္စအတွက်လဲပါတယ်"

"ရှင်"

သူ့စကားကြောင့် သူမအံ့သြထိတ်လန့်ပြီး မိခင်ဖြစ်သူဘက် ဖျတ်ခနဲလှည့်ကြည့်လိုက်မိ၏။

သည်လူက ပြောတိုင်းလုပ်တတ်သည့် လူတစ်ယောက်ပါလား. . .

မိခင်ဖြစ်သူကိုကြောက်ရွံ့သည့်စိတ်ကြောင့် ရင်တထိတ်ထိတ်ခုန်ပြီး ပူလောင်နေမိသည်။

"ဒီလိုပါ အန်တီ၊ နွေနှင်းကို ကျွန်တော်သဘောကျ နှစ်ခြိုက်လို့ လက်ထပ်ဖို့ကိစ္စအတွက် အန်တီတို့ဆီမှာ ခွင့်တောင်းတာပါ"



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကြောင့် နွေနှင်းမိခင် ဒေါ်လေးမြိုင်အံ့သြသွားပြီး သူနှင့်နွေနှင်းကို အကဲခတ်ကြည့်နေသည်။

သူ့အားတစ်ဖက်သတ်စွဲလမ်းနေသည့် သီတာနွယ် တစ်ယောက် ထိုင်ရာမှဖျတ်ခနဲထပြီး အိမ်အတွင်းဘက်သို့ ဝင်ပြေးသွားပါတော့သည်။

"ဟဲ့ . . . မသီတာ၊ ဘယ်လိုဖြစ်သွားတာလဲ"ဟု ကြီးတော်ဖြစ်သူက မေးလိုက်သည်။

သို့သော် သီတာနွယ်က မဖြေ။

"သမီး . . . ဒီသူငယ်က လက်ထပ်ခွင့် လာတောင်းတာဆိုတော့ သမီးနဲ့ဒီသူငယ် ချစ်သူတွေဖြစ်နေကြသလား"

မိခင်ဖြစ်သူအမေးကို သူမခေါင်းညိတ်အဖြေပေးလိုက်သည်။

"သမီးဖေဖေကတော့ သမီးနဲ့သဘောတူထားတဲ့သူ ရှိနေပြီ၊ ဒီကိစ္စကို သမီးဖေဖေကပဲ ဆုံးဖြတ်နိုင်မယ်၊ ဒါကြောင့် သမီးချစ်သူကို သမီးဖေဖေနဲ့ လာတွေ့ခိုင်းပါ"

"အန်ကယ်လ်က အခုမရှိဘူးလား အန်တီ"

"မရှိဘူး၊ ခရီးသွားနေတယ်ကွယ့်၊ နောက်တစ်လလောက်ကြာမှ ပြန်ရောက်လိမ့်မယ်"





"ဟုတ်ကဲ့ ကောင်းပါပြီ အန်တီ၊ ဒါဆို အန်ကယ်လ် လာမှပဲ လာတွေ့ပါတော့မယ်၊ ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦး၊ ဟဲ့ . . . နွေနှင်း ကိုကိုပြန်မယ်၊ ကိုကိုနဲ့တစ်ခါတည်း ကုမ္ပဏီ လိုက်ခဲ့မလား"

"ဟင့်အင်း . . . နွေနှင်းဘာသာသွားပါ့မယ်"

သူနှုတ်ဆက်ပြီး ပြန်သွားသည်။ သူ့ကားလေး ခြံထဲမှ ထွက်သွားသည်နှင့် သီတာနွယ်က အိမ်ထဲမှထွက်လာပြီး အားပါးတရ ရှိုက်ငိုလိုက်သည်။

"အဟင့် . . . ဟင့် သိပ်ရှက်စရာကောင်းတာပဲ . . . အန်တီရယ်၊ တကယ်ဆို သူခုလို လာမပြောသင့်ပါဘူး၊ နွယ့်မျက်နှာကိုတော့ ထောက်ဖို့ကောင်းပါတယ်"

သီတာနွယ့်အပြုအမူကြောင့် နွေနှင်းတို့သားအမိ အံ့သြနေကြ၏။

"နွယ် . . . ဘာတွေဖြစ်နေတာလဲ၊ သူနဲ့နွယ် ပတ်သက်ဆက်နွယ်မှုရှိနေလို့လား"

အေးအေးဆေးဆေးမေးနေသည့် သူမကို သီတာနွယ်က အငြိုးမျက်ဝန်းများဖြင့်ကြည့်လိုက်ပြီး . . .

"ဟုတ်တယ်၊ သူနဲ့နွယ်ပတ်သက်ဆက်နွယ်မှု အများကြီး



www.burmeseclassic.com

www.burmeseclassic.com



ရှိခဲ့တယ်"

"ဟင်. . . တကယ်ပဲလား နွယ်ရယ်"

"သူပဲခူးကို နှစ်ခေါက်လာတယ်၊ နွယ့်ဆီကိုရောက်လာခဲ့တယ် သူနဲ့နွယ် ပဲခူးကဘုရားတွေလျှောက်ဖူးဖြစ်ခဲ့ကြတယ်၊ ပြီးတော့ ချစ်သူတွေဖြစ်သွားခဲ့ကြတယ်"

သူမစကားကြောင့် နွေနှင်းအံ့သြတုန်လှုပ်သွားပြီး သူမရင်ဘတ်ကို သူမလက်နှစ်ဖက်ဖြင့် ဖိထားမိ၏။

နွေနှင်းမိခင်ဒေါ်လေးမြိုင်မျက်နှာတစ်ခုလုံး တင်းမာခက်ထန်သွားသည်။

"ဒါဆို ဒီကောင်က လှေနံ့နှစ်ဖက်နင်းတဲ့လူပေါ့၊ အတော်မျက်နှာပြောင်ပါလား၊ ငါ့ဖြင့် ယုံတောင်မယုံနိုင်ဘူး" ဟု ပြောလိုက်သည်။

"ဟုတ်တယ် အန်တီမြိုင်၊ တကယ်တော့ ကိုညီညီထွန်းဟာ လုံးဝသစ္စာမရှိတဲ့ယောကျ်ားတစ်ယောက်ပဲ၊ နွယ်နဲ့ချစ်သူတွေဖြစ်နေပါလျက်နဲ့သစ္စာမစောင့်ဘဲ မနွေကိုလာတောင်းရမ်းတဲ့တယ်၊ သူနဲ့မနွေ ကုမ္ပဏီမှာနေ့စဉ်တွေ့နေကြတော့လဲ နီးစပ်သွားကြတာနေမှာပေါ့၊ ဒီကိစ္စ မဖြစ်သင့်ဘူးလို့ နွယ်တော့ ထင်တယ်၊ သူ့ကို မနွေလုံးဝလက်မခံပါနဲ့၊ နွယ်လဲ သူ့ကို အဆက်





ဖြတ်ပစ်လိုက်တော့မယ်"

စကားဆုံးသည်နှင့် သီတာနွယ် သူမအနီးမှ ထွက်သွားသည်။

နွေနှင်းနှလုံးသားထဲနာကျင်ပြီး ကျောက်ရုပ်တစ်ရုပ်လို ငြိမ်သက်နေမိသည်။

သူက သည်လောက်တောင် သစ္စာမဲ့တဲ့ယောကျ်ား တစ်ယောက်လား. . .

မယုံနိုင်ဘူး. . . ဘယ်လိုယုံရမှာပါလိမ့်. . .

ဒါပေမယ့် မိနွယ်ကိုယ်တိုင်ဖွင့်ဟပြောပြနေတော့လဲ မယုံလို့မဖြစ်သေးဘူး. . .

ကိုကို. . . ကိုကို. . . ကျွန်မကို ဘာဖြစ်လို့များ လှည့်စားခဲ့ရတာလဲ ကိုကိုရယ်. . .

"သမီး. . . ဒီကောင်နဲ့တော့ မဖြစ်ဘူးထင်တယ်ကွယ် ငါ့သမီးကို တောင်းရမ်းဖို့လာတဲ့ လူတဲ့၊ ကြားရတဲ့ဇာတ်လမ်းတွေက ရှုပ်ရှုပ်ယှက်ယှက်"

မိခင်ဖြစ်သူက သူ့ကိုမြင်မြင်ချင်း စိတ်ပျက်လက်ပျက်ဖြစ်နေမိပြီ။

သီတာနွယ်ထိုးနှက်သည့် စနက်က ထိရောက်လှသည်

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါလား. . .

တကယ်တော့ သီတာနွယ်နှင့်ညီညီထွဋ်ရဲ့ မိတ်ဆွေ အဆင့်ထက်ပိုပြီး ပတ်သ ်ဆက်နွယ်မှုမရှိခဲ့ကြပေ။

သီတာနွယ်ဘက်မှ တစ်ဖက်သတ်စွဲလမ်းနေခြင်းသာ ဖြစ်သည်။

ညီညီထွဋ်လို Boss တစ်ယောက်ကို ပိုင်ဆိုင်ခွင့်ရရန် အစွမ်းကုန်ကြိုးစားနေချိန်တွင် သူက နွေနှင်းအားလက်ထပ်ခွင့် လာတောင်းတာ သူမနှင့်ပက်ပင်းတိုးလိုက်ရသောကြောင့် ဘယ်လိုမှသည်းခံမမျိုသိပ်နိုင်တော့ဘဲ တမင်ချောက်ချခဲ့ခြင်း ဖြစ်သည်။

နွေနှင်းခမျာတော့ သူမ၏ထိုးနှက်ချက်ကြောင့် အသည်းအကွဲကြီးကွဲကာ တစ်ညလုံးအိပ်မပျော်နိုင်လောက် အောင် သူမနှလုံးသားတစ်ခုလုံး စူးရှနာကျင်နေလေသည်။

အခန်း(၆)

သူမ၏ဖခင်ဦးနှင်းမောင် ခရီးမှပြန်လာသည့်နေ့တွင် သူမ၏မိခင်က သူမနှင့်ညီညီထွဋ်တို့အကြောင်းကို ပြောပြ လေသည်။

"သမီးကို စေ့စပ်ပေးမယ့်သူရှိလျက်နဲ့ ချစ်သူတွေ ဘာတွေထားတယ်ဆိုတော့ အတော်စိတ်ဆိုးစရာကောင်းတဲ့ အဖြစ်ပဲ၊ ကဲ. . . မင်းသမီးကိုခေါ်စမ်း၊ ကောင်လေး အကြောင်း မေးရအောင်"

www.burmeseclassic.com

www.burmeseclassic.com



သူမမိခင်က သူမအားလှမ်းခေါ်လိုက်ပြီး ဖခင်ဖြစ်သူနှင့်ရင်ဆိုင်စေသည်။

"ကဲ. . . ဆိုစမ်းပါဦး၊ သမီးမှာ ချစ်သူရှိနေပြီဆို"

"ဟုတ်ပါတယ် ဖေဖေ"

"ဟင်. . . လူကြည့်တော့ မခုတ်တတ်တဲ့ကြောင်ကလေးလိုနဲ့ ခုတော့လဲ ချစ်သူတွေဘာတွေရှာပြီးထားတတ်နေပြီပေါ့ ဟုတ်လား၊ ဘယ်ကကောင်လဲ"

"သမီးရဲ့ကုမ္ပဏီက မန်းနေဂျင်းပါ ဖေဖေ"

"သမီးရဲ့ကုမ္ပဏီဟုတ်လား၊ မန်နေဂျင်းဆိုတော့လဲ အဆင့်အတန်းနိမ့်တဲ့ထဲက မဟုတ်ဘူးပေါ့၊ ဘယ်ကုမ္ပဏီကလဲ"

သမီးဖြစ်သူ ဘယ်ကုမ္ပဏီမှာအလုပ်ဝင်နေမှန်းပင် စပ်စပ်စုစုမမေးနိုင်လောက်အောင် အလုပ်များလွန်းသည့် ဦးနှင်းမောင်တစ်ယောက် သမီး၏ကုမ္ပဏီနာမည်ကို အခုမှပင်သေသေချာချာမေးမိလေသည်။

"Tiger world construction ပါ ဖေဖေ"

သူမအဖြေစကားကြောင့် ဦးနှင်းမောင်၏မျက်နှာတစ်ခုလုံး ဝင်းလက်သွားပြီး. . .



"ဟင်. . . ဟုတ်လား၊ ကောင်လေးနာမည်က မျိုးညီညီထွန်း ထင်တယ်"ဟု ဝမ်းသာအားရမေးလိုက်သည်။

"ဟုတ်ပါတယ် ဖေဖေ၊ သူ့ကို ဖေဖေသိလို့လားဟင်"

"ဟား ဟား ဟား ဟား၊ သိပ်သိတာပေါ့ကွာ၊ သူက ဖေဖေတော်ရမယ့်သားမက်ပဲ၊ လက်စသတ်တော့ ငါ့သမီးက ဖေဖေရွေးထားတဲ့ သားမက်လောင်းနဲ့မှ ချစ်သူတွေဖြစ်နေတာကိုး၊ မျိုးညီညီထွန်းရဲ့အဖေ ဦးတင်ထွန်းနဲ့ဖေဖေက ငယ်သူငယ်ချင်းတွေပဲ၊ ဖေဖေတို့ လားရှိုးသားချင်း အခုမှ ရန်ကုန်မှာ ပြန်ပြီးဆုံကြတာ မကြာသေးဘူး၊ ကဲ. . . ကဲ. . . မောင်ညီထွန်းတို့သားအဖကို ထမင်းစားဖိတ်ပြီး မျက်နှာစုံညီတွေ့လိုက်ကြရအောင် မကောင်းဘူးလား သမီး"

ဝမ်းသာအားရပြောနေသည့်ဖခင်ဖြစ်သူကို တစ်ခုခုပြန်ပြောလိုက်ရမှာ အားနာနေမိသောကြောင့်. . .

"ဟုတ်. . . ဟုတ်ကဲ့၊ ကောင်းပါတယ် ဖေဖေ"ဟု ပြန်ပြောလိုက်ရသော်လည်း ရင်ထဲမှာတော့ ကိုကိုနှင့်ပတ်သက်ပြီး မကျေမနပ်ထိခိုက်စွာခံစားနေရသည် မဟုတ်ပါလား. . .

သိတာနွယ်က ကိုကိုနှင့်သူမတို့ချစ်သူတွေအဖြစ် အတိ

www.burmeseclassic.com

www.burmeseclassic.com



အလင်းပြောသွားသည့်အတွက် သူမအနေဖြင့် ညီထွဋ်အပေါ် သံသယဝင်နေမိခြင်းပါ။

"အဲဒီအစီအစဉ်မကောင်းဘူး ကိုနှင်းမောင်"

"ဘာဖြစ်လို့လဲ မမြိုင်"

"ဘာဖြစ်လို့လဲဆိုတော့ ရှင်ရွေးချယ်ထားတဲ့သားမက်က လေ့နှံနှစ်ဖက်နင်းနေလို့ပေါ့"

"လေ့နှံနှစ်ဖက် ဟုတ်လား"

"ဟုတ်တယ်. . . ဟုတ်တယ်၊ သိပ်ဟုတ်တယ်၊ ရှင့်နှမက မွေးထားတဲ့သမီး သီတာနွယ်နဲ့လဲ ချစ်နေကြသတဲ့"

"ဟေ. . . တကယ်ပဲလားကွ၊ ဒီအကြောင်းကို ငါ့သမီးက မသိဘူးလား"

"မသိပါဘူး ဖေဖေရယ်၊ မိနွယ်ရဲ့တစ်ဖက်သတ်စကားကိုပဲ သမီးကကြားရတာ၊ ပြီးတော့ မိနွယ်က ကိုကို့ရှေ့မှာပြောတာမဟုတ်ဘူး၊ အိမ်ကို ကိုကိုလာလည်ပြီးပြန်သွားမှ ပြောတာပါ"

"ဒါဆို မိနွယ်နဲ့ကိစ္စမဖြစ်နိုင်ဘူး ထင်တယ်၊ ကဲပါလေ အားလုံးရှင်းသွားအောင် ပြတ်ပြတ်သားသားဆွေးနွေးကြပေါ့





မောင်ညီထွဋ်ဘက်က မှန်ကန်တယ်ဆိုရင် သမီးတို့ကို အမြန်ဆုံးလက်ထပ်ပေးမယ်"

ဦးနှင်းမောင် ပြတ်သားတိကျစွာပြောလိုက်သောကြောင့် သားမိနှစ်ယောက်ဘာမှပြန်မပြောဝံ့ကြတော့ဘဲ တိတ်ဆိတ်ငြိမ်သက်သွားကြသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၇)

နောက်တစ်ပတ်ခန့်အကြာတွင် ဦးတင်ထွဋ်နှင့်မျိုး ညီညီထွဋ်တို့သားအဖနှစ်ဦးအား ညနေစာစားရန် ဖိတ်ခဲ့ကြ သည်။

သူတို့နှစ်ဦး Landcruiser Cygnus အကောင်းစား ကားကြီးဖြင့် ရောက်လာကြသည်။

ညနေစာစားပြီးသောအခါ ခြံထဲသို့နှစ်ယောက်အတူ ဆင်းလာခဲ့ကြသည်။

ခြံအနောက်ဘက်ရှိ ဘန်ဂလိုသဖွယ်ပြုလုပ်ထားသော





နှစ်ထပ်တိုက်လေးရှေ့အုတ်လှေကားထစ်လေးတွေ ပေါ်တွင် နှစ်ယောက်အတူယှဉ်တွဲထိုင်လိုက်ကြသည်နှင့် သူမက သူ့ဘက် သို့ကျောခိုင်းထားလိုက်သည်။

"ဟေ့. . . ချစ်လေး၊ မျက်နှာကြီးကလဲ တင်းနေတာ ပဲ ပြီးတော့ ကျောခိုင်းထားတယ်၊ ထမင်းစားပွဲမှာလဲ တိတ် ဆိတ်ငြိမ်သက်နေတာပဲ၊ ဘာဖြစ်နေတာလဲကွ"

နွေနှင်း လုံးဝလှည့်မကြည့်သောကြောင့်. . .

"ဟေ့. . . နားကန်းနေပြီလား၊ ကိုကို့ဘက်လှည့်ပါ ဦး"ဟု သူအော်ပစ်လိုက်သည်။

သည်တော့မှ နွေနှင်းမျက်နှာထားတင်းတင်းဖြင့် လှည့်ကြည့်လိုက်ပြီး. . .

"ဟုတ်တယ်. . . ဟုတ်တယ်၊ ကျွန်မနားကန်းနေရင် ကောင်းမှာ၊ နားမကန်းတော့ ရှင့်အကြောင်းတွေ မကြားချင် ဘဲ ကြားခဲ့ရတယ်"

"မျက်နှာကြီးကလဲ မာလိုက်တာကွာ၊ ကျောက်ဖျာ ကြီးကျနေတာပဲ"

"ဘာ. . ."



www.burmeseclassic.com

www.burmeseclassic.com



"ချစ်လေးမျက်လုံးတွေက စိမ်းလှချည်လား၊ ဘာတွေ မကျေမနပ်ဖြစ်နေတာလဲ"

"ရှင်နဲ့သီတာနွယ်ရဲ့ ပတ်သက်ဆက်နွယ်မှုက ဘာလဲ"

"ဘယ်လိုမေးလိုက်တာလဲ ချစ်လေး၊ မင်းရဲ့မေးခွန်းက meaningless ပဲ၊ လုံးဝအဓိပ္ပါယ်မရှိပါဘူးကွာ"

"ရှင်ကျွန်မအပေါ် ဖုံးကွယ်ထားဖို့မသင့်ဘူး"

"ကိုယ်က ဘာဖုံးကွယ်ထားလို့လဲ"

"သူနဲ့ရှင် ချစ်သူတွေဆို"

"မြတ်စွာဘုရား၊ ကြိုကြီးစီရာ . . ဘာစကားတွေများလဲ သူနဲ့ကိုယ်မိတ်ဆွေ အဆင့်ထက်မပိုဘူး"

"ရှင်ပဲ ပဲခူးသွားပြီး သီတာနွယ်နဲ့အတူလျှောက်လည်ကြတယ်ဆို၊ ချစ်သူတွေဖြစ်ခဲ့ကြတယ်ဆို၊ ခုမှ ဘာလိမ်ညာနေတာလဲ"

"အဲဒီစကားတွေကို ဘယ်သူပြောခဲ့တာလဲ ချစ်လေးရာ၊ ကိုယ်ပဲခူးက ကြီးတော်ဆီအလည်သွားတုန်း မမျှော်လင့်ဘဲ သူနဲ့ဆုံခဲ့ကြတာပါ၊ သူက အဲဒီနေ့က အတင်းအကြပ်အလည် လိုက်ခဲ့ဖို့ခေါ်တာနဲ့ ကိုယ်ငြင်းမရတဲ့အဆုံး အလည်လိုက်သွား





ခဲ့မိတာပါ၊ သူ့အမေလဲ ရှိနေတယ်၊ ချစ်လေး မယုံရင် မျက်နှာ စုံညီရှင်းဝံ့တယ်"

"ရှင်တို့နှစ်ယောက်ရဲ့ပြဿနာ ဘယ်လိုဖြေရှင်းကြမှာလဲ၊ ရှင့်ကို ကျွန်မလက်မထပ်နိုင်တော့ဘူး သိလား"

သူက စိတ်မရှည်တော့သည့် အမူအရာဖြင့် သူမကိုယ်လေးကို တင်းကြပ်စွာဖက်ထားလိုက်သည်။

"ရှင် သီတာနွယ့်ကိုလဲ အခုလိုပဲဖက်သလား"

"အို . . . ဘယ်သူ့ကိုမှ မဖက်ဖူးပါဘူး၊ မင်းတစ်ယောက်တည်းကိုပဲချစ်လို့ မင်းတစ်ယောက်တည်းကိုပဲ ဖက်တာ"

သူက နွေးနွေးကိုယ်လေးကို လွှတ်ထွက်သွားမှာ စိုးသလို တိုး၍ဖက်ပွေ့လိုက်ရင်း သူမမျက်နှာအနှံ့ ယုယမှုတွေ ပေးလိုက်၏။

"တော်ပြီ၊ ကျွန်မအသက်ရှူကြပ်လှပြီ၊ ရှင်မညာမတာ ဒီလောက်တောင် အချစ်သည်းပြမနေနဲ့"

သူမက သူ့မျက်နှာကိုတွန်းပစ်ရင်း ပြောလိုက်သည်။

သူမမျက်နှာလေး ရှက်သွေးရောင်ဖြန်းပြီး နီမြန်းနေ



www.burmeseclassic.com

www.burmeseclassic.com



သလို နှုတ်ခမ်းလေးတွေဖူးငုံစိုရဲနေသည်မဟုတ်ပါလား. . .

"အပိုတွေပြောပြီး ရန်လိုမနေနဲ့ကွာ၊ ကိုကိုက သိပ်ချစ်နေပြီ သိလား"

"သစ္စာမဲ့တဲ့ရှင့်ကို မုန်းတယ် နားလည်လား"

"ကိုယ်သစ္စာရှိကြောင်း ကိုယ့်ကိုယ်စောင့်နတ်က သိသလို မင်းကိုယ်စောင့်နတ်ကလဲ သိလာမှာပါ၊ ဟိုမှာ ကြည့်စမ်း. . . ဟိုမှာ ကြည့်စမ်း"

"ဘာကြည့်ရမှာလဲ"

"ကိုယ့်ကိုယ်စောင့်နတ်နဲ့ မင်းကိုယ်စောင့်နတ် အဆင်ပြေပြေ ချစ်နေကြပြီ"

"ရှင် ဟာသလုပ်မနေနဲ့ သွား"

"ဘယ်ကို သွားရမှာလဲကွာ၊ နှင်နေလိုက်တာ"

"ရှင့်အပြစ် ရှင်မသိဘူးလား"

"ကိုယ်ဘာအပြစ်မှ မရှိဘူး၊ မင်းကိုချစ်တဲ့အပြစ်ပဲရှိတယ်"

"အဲဒီကိစ္စ ဖြေရှင်းပေးရမယ်နော်၊ ဒါပဲ၊ သီတာနွယ့်ကိုခေါ်ပြီး မျက်နှာစုံညီ ဖြေရှင်းရမယ်"





"ချစ်လေးအလိုကျ ဖြေရှင်းပေးပါ့မယ်ကွာ၊ ဒါပေမယ့်ကိုကို့ကိုတစ်ဖက်သတ်ချစ်နေတဲ့ မိန်းကလေးတစ်ယောက်ကိုမျက်ပျစ်နှစ်နှစ်ပြောလိုက်ရမှာ အားတော့နာမိသလိုပဲ ဟဲ ဟဲဟဲ"

"ကဲ. . . အားနာဦး၊ အားနာဦး"

သူမ မကျေမနပ်ဖြစ်ပြီး သူ့ရင်ဘတ်ကို တဘုန်းဘုန်းထုနေသောကြောင့် သူက သူမလက်နှစ်ဖက်ကိုဆွဲယူလိုက်ပြီးဆုပ်ကိုင်ထားလိုက်သည်။

"ကဲ. . . ရန်တွေ့နေမယ့်အစား ကိုယ်တို့ကစားနည်းတစ်မျိုး ကစားကြရအောင်"

"ဘာကစားနည်းလဲ"

"ကိုရီးယားရုပ်ရှင်တွေထဲကလို ကုန်းပိုးတန်းလေ"

"ရှင်ရူးသလိုပေါသလို ပြောမနေနဲ့၊ ပြန်တော့"

"မပြန်ချင်သေးဘူး"

"မပြန်ရင် ဆက်ပြီးထုမှာပဲ၊ ကဲဟယ်. . . ကဲဟယ်"

"ကိုကိုနဲ့ချစ်လေး လက်ထပ်ပြီးတဲ့အခါ မင်းထုတာကောင်းတာတွေကြောင့် ကလေးဆယ်ယောက်လုံး သူထစ်



www.burmeseclassic.com

www.burmeseclassic.com



တွေထွက်ပြီး ဂြိုလ်သားလေးတွေဖြစ်ကုန်ကြမှာ သေချာတယ်ဟဲ့ . . ဟဲ"

သူ့စကားကြောင့် သူမရယ်ချင်စိတ်ကို မချိုသိပ်နိုင်တော့ဘဲ တခစ်ခစ်ရယ်မောလိုက်မိသည်။

"ချစ်လေးကလွဲပြီး ဘယ်မိန်းမကိုမှ ကိုယ်မချစ်ပါဘူး စိတ်ချပါ၊ တစ်မိုးအောက်တစ်ယောက်ပါပဲ နားလည်လား"

"သွားတော့ဆို"

သူက သူ့မျက်နှာကို သူမမျက်နှာအနီးသို့တိုးကပ်လာပြီး တုန်ယင်လှုပ်ရှားနေသည့်အသံဖြင့် . . .

"ဖူးစာရှင်အမှန်ဆိုရင် နွေနှင်းဆိုတဲ့ကောင်မလေးရဲ့ နဖူးလေးကို နမ်းခွင့်ပြုပါလား၊ ပြီးတော့ မျက်ခုံမို့မို့လေး တစ်စုံရယ်၊ ပါးပြင်လေးနှစ်ဖက်ရယ်၊ နှုတ်ခမ်း၊ မေးစေ့ နားနှစ်ဖက်"

သူ့အပြောကြောင့် သူမစိတ်ဆိုးပြေသွားပြီး ကြိတ်၍ ရယ်နေမိသည်။

သူမမျက်နှာပေါ် အယုအယများပေးနေစဉ် သူ မျက်ဝန်းလေးနှစ်ဖက်ကို မှိတ်ထားခဲ့မိသည်။





သူတိတ်ဆိတ်ငြိမ်သက်နေသလို သူမလည်း တိတ်ဆိတ်ငြိမ်သက်နေမိသည်။

တစ်ဦး၏ရင်ခုန်သံကို တစ်ဦးကကြားမိလောက် အောင် ငြိမ်သက်တိတ်ဆိတ်နေကြခြင်းရယ်ပါ။

ထိုစဉ် ခေါ်လေးမြိုင်၏ခေါ်သံနှင့်အတူ ပြန်ရန် နှုတ်ဆက်နေသည့်အသံများကြောင့် သူတို့နှစ်ဦးလူချင်းခွဲလိုက်ကြရ၏။

"ကဲ . . ကိုယ်ပြန်တော့မယ်နော် ချစ်လေး၊ ကိုယ်တို့ အခွင့်ဆုံးလက်ထပ်ကြမယ်"

သူနှုတ်ဆက်ပြီး ကားရှိရာနှစ်ယောက်အတူလာခဲ့ကြသည်။

နှစ်ဖက်မိဘများ သဘောတူထားပြီးဖြစ်၍ သူတို့နှစ်ယောက် ပျော်ရွှင်နေကြတာကိုကြည့်ပြီး မိဘများကျေနပ်မဆုံးပြုံးဖြစ်နေကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၈)

နောက်သုံးရက်ခန့်အကြာတွင် သူ့ကားဖြင့် နာမည်ကြီးစိန်တိုက်တစ်ခုသို့ သူမကိုခေါ်ဆောင်လာခဲ့သည်။

စိန်တိုက်ရှေ့ရောက်တော့ သူကသူမလက်တစ်ဖက်ကို သူ့လက်ဖြင့်အသာဆုပ်ကိုင်၍ ပြောလိုက်သည်။

“ကဲ. . . ကားပေါ်ကဆင်း နွေနှင်း၊ ဆိုင်ထဲရောက်ရင် အားမနာရဘူးနော်၊ နွေနှင်းလိုချင်တဲ့ စိန်တစ်ဆင်စာကို သေသေချာချာရွေးချယ်ရမယ်”

“အို. . . ကိုကိုကလဲ၊ လက်ထပ်ပွဲပြီးမှ ဝယ်လဲရသား





နဲ့ လက်မထပ်ရသေးခင် နွေနှင်းဘာမှမယူချင်ပါဘူး”

“စေ့စပ်ပွဲမှာဝတ်ဖို့နဲ့ လက်ထပ်ပွဲမှာဝတ်ဖို့ နွေနှင်းအတွက် လိုအပ်တယ်မဟုတ်လား၊ ကိုကို့စေတနာကို မငြင်းရဘူးနော်”

“သိပ်အားနာတာပဲ ကိုကိုရယ်၊ စိန်ဆိုတော့ သိပ်အဖိုးတန်တာ၊ ဒီဇိုင်းနှစ်မျိုးနှစ်စုံလောက်ပဲယူမယ်၊ အားနာပါးနာပေါ့၊ ဟင်း. . . ဟင်း. . . ဟင်း”

“ယူပါဗျာ. . . ယူပါ”

သူက သူမလက်ကိုဆုပ်ကိုင်ပြီး ဆိုင်ထဲသို့ဝင်လာခဲ့သည်။

စိန်တိုက်ထဲတွင် မှန်ပုံးများထဲ၌ ပုံစံအမျိုးမျိုး၊ အရောင်အသွေးအမျိုးမျိုး၊ ဈေးနှုန်းအမျိုးမျိုးနှင့် စီတန်းပြသထားသော စိန်လက်ဝတ်ရတနာများကိုတွေ့ရလေသည်။

သူက မှန်ပုံးထဲတွင်ပြသထားသော စိန်များအနက်မှ အသွေးအကောင်းဆုံး စိန်နားဆွဲလှလှတစ်ရံကို ရွေးယူလိုက်၏။

“ဒီနားဆွဲလေး သိပ်လှတယ် ချစ်လေး၊ ကြည့်ပါဦး”

“ဟုတ်တယ် ကိုကို၊ သိပ်လှတယ်၊ ဒါပေမယ့် တန်ဖိုး

www.burmeseclassic.com

www.burmeseclassic.com



သိပ်ကြီးမယ်ထင်တယ်"

"ရတယ် ကိစ္စမရှိဘူး၊ ချစ်လေးကြိုက်ရင် ကိုကိုဝယ်ပေးမယ်၊ နောက်ထပ်ကြည့်ဦးလေ"

"ဟိုဘက်ထောင့်နားက စိန်လည်ဆွဲလေးကြိုက်တယ်၊ ပလက်တီနမ်(မ်)နဲ့ ခပ်ထားတဲ့ဥစ္စာလေး"

သူမညွှန်ပြသည့် စိန်လည်ဆွဲလေးကို ဆိုင်ရှင်က ထုတ်ပြသည်။

"အင်း. . . ဟုတ်တယ်၊ ချစ်ရွေးတာမဆိုးဘူး၊ ဟိုးက စိန်လက်စွပ်လေးကို ကြည့်စမ်း၊ အသည်းပုံနှစ်ခုထပ်ထားတာ၊ အဲဒီလက်စွပ်မျိုးနောက်တစ်ကွင်းရှိနိုင်ဦးမလား"

သူက ဆိုင်ရှင်ကိုမေးသည်။

"ဟုတ်ကဲ့. . . ရှိပါတယ်ရှင့်"

"အဲဒါဆို ခဏလောက်ပြပါ၊ ဒီတစ်ကွင်းရယ်၊ နောက်ဆင်တူတစ်ကွင်းရယ်"

"နှစ်ကွင်းတောင်ယူမလို့လား ကိုကို"

"လက်ထပ်လက်စွပ်အတွက် နှစ်ကွင်းယူမယ်လေ"

သူက စိန်လက်စွပ်လေးကိုနှစ်ကွင်းဆင်တူဝယ်သည်၊





သူ့အတွက် တစ်ကွင်းကို size အနည်းငယ်ပိုကြီးတာယူသည်။

ပြီးတော့ သူမအတွက် စိန်နားကပ်နောက်ထပ်တစ်ရံ၊ နှင့်ဘယက်၊ လော့ကက်၊ hand chain၊ လက်စွပ်နှင့် footchain တို့ကို သူကိုယ်တိုင် စိတ်ကြိုက်ရွေးပြီး ဝယ်ပေးသည်။

စိန်ချည်းသက်သက်ကို ပလက်တီနမ်(မ်)ဖြင့်သာ ခပ်ထားသည့် လက်ဝတ်ရတနာများမို့ အလွန်လှပလေသည်။

"ကြိုက်ရဲ့လား ချစ်လေး"

"ကြိုက်ပါတယ် ကိုကို၊ ကိုကိုပိုက်ဆံတွေ တော်တော်ကုန်သွားပြီနော်"

"Don't mention it." ဟု ကိုကိုက ပြန်ပြောသည်။

စိန်တွေဝယ်ပြီးတော့ သူမနှင့်သူ Cafe လေးတစ်ခုတွင် ကော်ဖီသွားသောက်ကြသည်။

ပြီးတော့ သူမတို့ချစ်သူဘဝစခဲ့ကြသည့် ကမ်းနားလမ်းဘက်သို့ မောင်းလာခဲ့ကြသည်။

သူက ကားကိုတစ်နေရာတွင် ထိုးဆိုက်လိုက်ပြီး သူမကို စိန်ထည်များဝတ်ဆင်ပေးပြီး တစိမ့်စိမ့်ထိုင်ကြည့်နေသည်။

"စိန်တွေဝတ်ခိုင်းပြီး model လုပ်ခိုင်းမလို့လား ကိုကို"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို့တစ်ယောက်တည်းအတွက်ပဲ လုပ်ခိုင်းမှာလေ"

"ဩော်. . . ဒီလိုလား"

"ဒါပေါ့"

ပြောပြီး သူက သူမကိုသူ့ရင်ခွင်ထဲဆွဲဖက်ထားလိုက် သည်။

ပြီးတော့ သူမမျက်နှာပေါ် သူ့မျက်နှာဖြင့် ထိကပ်ပြီး နမ်းနေသည်မို့ သူ့ကိုသူမတွန်းပစ်လိုက်၏။

"တော်ပြီကွာ. . . စိန်တွေဝယ်ပေးပြီး ဒီလိုမလုပ်ကြေး"

"ဟာ. . . အထင်မလွဲပါနဲ့၊ ဒီလိုသဘောမျိုးမရှိပါဘူး အချစ်ရာ၊ ချစ်လို့ပါ"

"မေးရဦးမယ်"

"မေး. . . မေး"

"ဟိုတစ်ယောက်ကိုကော. . . ဒီလိုပဲလား"

"ဘယ်တစ်ယောက်ကိုလဲ. . ."

"သီတာနွယ့်ကိုလေ. ."

"ဟောဗျာ. . . မဟုတ်ရပါဘူးလို့ ဘယ်နှစ်ခါပြော မလဲ ချစ်လေးရယ်"

"သူ့သိက္ခာကိုငဲ့ညှာလို့ ထိပ်တိုက်မမေးခိုင်းခဲ့တာ၊ ဒါ ဘုတ်လှပြီလို့ ထင်မနေပါနဲ့"



"ချစ်မယုံရင် အခုပဲ သွားမေးကြမယ်. . . လာ"

"မလိုက်ပါဘူး"

"ဒါဖြင့် ဘယ်လိုပြောမှ ယုံမှာလဲ"

"ထားပါတော့"

"ကိုကို့အပေါ် အဲဒီလို သံသယမရှိစေချင်ဘူး၊ ကိုကို့ အပေါ် အပြည့်အဝယုံကြည်စေချင်တယ်"

သူ့မျက်နှာက ခပ်တင်းတင်းဖြစ်သွားသည်မို့ သူမ ရယ်လိုက်မိ၏။

"ကဲပါ. . . နောက်မမေးတော့ပါဘူး၊ ပြန်ကြရအောင် နော် ကိုကို"

"မပြန်ချင်သေးဘူး"

"ပျင်းစရာကြီးကွာ"

"ပျင်းရင် ကိုကို့ရင်ခွင်ကိုမှီထားပေါ့"

"အိုး. . . ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့၊ ကိုကို့ရင်ခွင်ထဲမှာ ချစ်လေးပျော်ရွှင် ဆန်းဆန်းစေမယ့် အချစ်တွေရှိနေတယ်လေ"

"မယုံပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပါကွာ၊ ချစ်လေးနဲ့ မခွဲချင်တော့ဘူး၊ ခုပဲ လက်ထပ်ချင်ပြီ"

သူက သူမကိုသူ့ရင်ခွင်ထဲနစ်မြုပ်သွားမတတ် ဖက်ထွေးထားရင်းပြောလိုက်သည်။

သူမက သူ့ရင်ခွင်ကိုပြန်မှီထားလိုက်ပြီး ရေပြင်ကို ငေးမောကြည့်နေမိသည်။

ထိုစဉ် မိုးစက်မိုးပေါက်လေးတွေ တဖျောက်ဖျောက် ကျလာပြီး မိုးတွေသည်းသည်းမည်းမည်းရွာချလိုက်တော့၏။

"မိုးတွေရွာလာပြီ ကိုကို"

"ချမ်းသလား ချစ်လေး၊ ကိုကိုဖက်ထားပေးမယ်လေ"

သူက သူမမျက်နှာပေါ် နူးညံ့နွေးထွေးသည့် ကြင်နာမှုတွေပေးရင်းပြောသည်။

"မိုးရွာတိုင်း ကိုကိုတို့ချစ်ခဲ့တဲ့ သည်နေ့ကလေး အကြောင်းကို အမြဲသတိတရရှိနေရမယ်နော်"

သူမက ခေါင်းညိတ်ပြလိုက်သည်။



## အခန်း(၉)

သူမထံကိုကိုရောက်မလာတာ တစ်ပတ်ခန့်ရှိပြီး ဖုန်းမဆက်တာက ငါးရက်ခန့်ရှိပေပြီ။

ကုမ္ပဏီတွင်လည်း ကိုကိုနှင့်သူမ မဆုံဖြစ်ခဲ့ကြပါ။

ကိုကိုဘာကြောင့် သူမဆီရောက်မလာသလဲ သူမ တွေးနေမိခဲ့သည်မဟုတ်ပါလား . .

ထိုစဉ် သူမ၏မိုဘိုင်းလ်ဖုန်းလေးမြည်လာခဲ့သည်။

"ဟယ်လို"

"နွေနှင်းမဟုတ်လား"

ကိုကို့အသံကိုကြားလိုက်ရသဖြင့် သူမဝမ်းသာပျော်ရွှင်သွားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . . ကိုကို"

"ကိုယ်တို့ ခရေပင်တန်းလမ်းမှာ တွေ့ကြရအောင်"

"ကိစ္စရှိလို့လား ကိုကို၊ အခုနွေနှင်း၊ ကုမ္ပဏီအလုပ်တွေရှုပ်နေလို့ပါ"

"ဒါဖြင့် ညနေအလုပ်ဆင်းချိန်မှာ တွေ့ကြမယ်"

ကိုကို့အသံက တစ်မျိုးကြီးဖြစ်နေသည်ဟု သူမထင်မိ၏။ ကိုကိုဘာတွေဖြစ်နေပါလိမ့်. . .

"ကိုကို ဒီနေ့ကုမ္ပဏီကို မလာဘူးလားဟင်"

"ကိုယ် ဒီနေ့မအားဘူး"

"ကောင်းပြီလေ၊ နွေနှင်းလာခဲ့ပါ့မယ်"

"ဒါဖြင့် အိုကေ"

ပြောပြီးတာနှင့် သူကဖုန်းပိတ်သွား၏။

ခါတိုင်းဆိုလျှင် သူက သူမနှင့်ဖုန်းပြောတိုင်း စကားမပြတ်နိုင်လွန်းသဖြင့် သူမက အတင်းစကားဖြတ်ခဲ့ရတာချည်းပင်။

ခုတော့ သူက သူမထက်အလျင် ဖုန်းပိတ်သွားပါလား. . .

ထိုနေ့က အလုပ်လုပ်တာ စိတ်မပါတော့ဘဲ သူမရင်





ထဲတစ်မျိုးကြီးခံစားနေရ၏။

အလုပ်ဆင်းချိန်ရောက်တော့ သူနှင့်ချိန်းထားသည့် ခရေပင်တန်းလမ်းရှိရာသို့ သူမ၏ကိုယ်ပိုင်ကားလေးဖြင့် လာခဲ့သည်။

ကိုကို၏ Isuzu ကားအနီရောင်လေး ခရေပင်ကြီးအောက်တွင်ရောက်နှင့်နေတာကိုတွေ့လိုက်ရ၏။

သူမကားလေးကိုထိုးရပ်လိုက်ပြီး ကိုကို့ကားနားသို့ လျှောက်လာခဲ့သည်။

"ကုမ္ပဏီမှာပြောရင်လဲ ရရဲ့သားနဲ့ ကိုကိုရယ်၊ ဘာတွေများ ဒီလောက်တောင်အရေးကြီးနေလို့ ဒီနေ့ရောကို ချိန်းရတာလဲ ကိုကို"

ကိုကိုက ဘာမှပြန်မဖြေ။ သူမမျက်နှာကို သုန်မှုန်တင်းမာစွာစိုက်ကြည့်နေ၏။

"ကိုကိုနေမကောင်းဘူးလားဟင်၊ နွေနှင်းတို့နှစ်ယောက် coffee shop လေးတစ်ခုသွားပြီး အကောင်းစား ကော်ဖီ Cappuccino ခါးခါးလေးတစ်ခွက်စီ သွားသောက်ကြရအောင်လား ကိုကို"

"မင်းနဲ့ကော်ဖီလိုက်သောက်ဖို့ ကိုယ့်မှာအချိန်တွေ



www.burmeseclassic.com

www.burmeseclassic.com



မပိုလျှံတော့ဘူး"

ကိုကို့စကားကြောင့် သူမအလွန်အံ့အားသင့်သွားမိ၏။

သူက ကားတံခါးဖွင့်ဆင်းလာပြီး သူမရှေ့တည့်တည့်တွင်ရပ်လိုက်သည်။

သူ့မျက်နှာမှာ ခါတိုင်းနှင့်လုံးဝမတူဘဲ အေးစက်တင်းမာလွန်းနေသောကြောင့် သူမဘာပြောရမှန်းမသိသလို ဖြစ်နေမိ၏။

"မင်းကို ပြောစရာရှိလို့ ဒီနေရာကိုခေါ်လိုက်ရတာပဲ နွေနှင်းကို"

ကိုကိုဘာပြောမလဲဆိုတာ ကြိုတင်မှန်းဆ၍မရနိုင်လောက်အောင် သူမရင်ထဲလှုပ်ရှားလွန်းနေ၏။

"ဘာပြောမလို့လဲ ကိုကို"

"ဒီနေ့ကစပြီး မင်းနဲ့ငါလမ်းခွဲကြတော့မယ်". . . တဲ့။

သူမ လုံးဝမျှော်လင့်ထင်မှတ်မထားခဲ့သည့် စကားရယ်ပါ။ ပြီးတော့ သူမရင်ကို ကျိုးပဲ့စေခဲ့သည့်စကား။

သူက ထပ်ပြောသေးသည်။

"ကျုပ်အနေနဲ့ ဘာအကြောင်းပြချက်မှမပေးနိုင်ဘူး။ ကိုယ်တို့ချစ်ခဲ့ကြတယ်၊ အခုလမ်းခွဲကြမယ်၊ ဒါပဲပေါ့"





ပြီးတော့ သူကသူ့ကားထဲမှ ကြွတ်ကြွတ်အိတ်ကြီးတစ်လုံးကိုဆွဲယူ၍ သူမကိုလှမ်းပေးလိုက်ပြီး. . .

"ဒီမှာ မင်းပေးခဲ့တဲ့အမှတ်တရလက်ဆောင်ပစ္စည်းတွေ၊ ငါမလိုချင်တော့ဘူး၊ ငါ့မှာ သိမ်းထားဖို့လည်း နေရာမရှိဘူး မင်းနဲ့ပတ်သက်သမျှအမှတ်တရဖြစ်စေမယ့် ပစ္စည်းအားလုံး ငါမမြင်ချင်တော့ဘူး နွေနှင်းကို"

သူက ပေးချင်ရာပေး ပြောချင်ရာပြောပြီး သူမအသည်းကို အစိမ်းလိုက်ခွဲကာ ထားရစ်ခဲ့တော့၏။

သူမကို သိပ်ချစ်ခဲ့သည့် ကိုကို၊ သူမအပေါ် သည်လောက်ထိ ရက်ရက်စက်စက်ပြုမူလိမ့်မည်ဟု သူမတွေးထင်မထားခဲ့မိပါ။

အသည်းခွဲခံခဲ့ရသည့် သူမအဖြစ်တွေကို သူမဘယ်သို့မှမေ့ဖျောက်ပစ်၍ မရနိုင်ခဲ့။

သူမရင်ထဲတွင် ထိုဒဏ်ရာဟောင်းများက အသစ်စက်စက်လိုပင် နာကျင်နေဆဲရယ်ပါ။



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (နှစ်)

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁)

မြူခိုးများဝေလွှင်နေသော မိုးကောင်းကင်၏အောက်တွင် တောင်ပြာတန်းများကို အံ့မှိုင်းစွာမြင်နေရသည်။

ဤရှမ်းတောင်တန်းများ ပတ်ချာဝိုင်းနေသည့် ဤမြို့ကလေး၏ပတ်ဝန်းကျင်တွင် နှမ်းပန်းခင်းတွေ တစ်မျှော်တစ်ခေါ် ဖူးပွင့်နေကြ၏။

ထိုနေ့တွင် နှင်းများတဖျောက်ဖျောက်ကြွေကျနေ၏။

ရှမ်းပြည်နယ် ထိုမြို့ကလေးတွင်နေထိုင်သည့် အစ်မ ဝမ်းကွဲမိသားစုထံ သူမ အလည်ရောက်လာခဲ့ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



နက်ပြာရောင် Toyota Corona ကားသည် မိတ္ထီလာ
မှတဆင့် ခရီးနှင်လာခဲ့ခြင်းဖြစ်သည်။

ကားပေါ်တွင် နွေနှင်းနှင့် သူငယ်ချင်းအိမ်စည်တို့
နှစ်ဦးပါလာခဲ့ကြပြီး နွေနှင်းက ကားကို ကိုယ်တိုင်မောင်းလာ
ခဲ့ခြင်းဖြစ်သည်။

ကားလမ်းဘေးတစ်လျှောက် တစ်မျှော်တစ်ခေါ်
နှမ်းပန်းခင်းကြီးများနှင့်စိုက်ခင်းများ တရိပ်ရိပ်ကျန်ရစ်ခဲ့သည်။

"ဟယ်. . . ဟိုပန်းတွေ သိပ်လှတာပဲ၊ ခူးပြီးပန်ရရင်
ကောင်းမယ်ထင်တယ်နော် နွေနှင်း"

အိမ်စည်က ပန်းများကိုငေးကြည့်ရင်းပြောလိုက်သဖြင့်
သူမအတွေးသံသရာထဲမှလန့်နိုးလာရပြီး. . .

"ဟုတ်တယ်. . . ပန်းပင်လယ်ကြီး သိပ်လှတာပဲ" ဟု
ထောက်ခံလိုက်သည်။

"DVD ရိုက်ဦးမလား နွေနှင်း"

"အိုကေ၊ ကားခဏရပ်မယ်နော်"

DVD ရိုက်ရန် Digital Camera တစ်လုံး ယူလာ
သောကြောင့် ကားရပ်ပြီး ပန်းခင်းများကြားတွင် တစ်ယော



တစ်လှည့်ရိုက်ကြသည်။

ကားလမ်းဘေးရှိပန်းခင်းများနှင့် စိုက်ခင်းများကြားမှာ
ဖိုက်တင်အမျိုးမျိုးလုပ်၍ DVD ရိုက်ရင်းပျော်ရွှင်နေကြသည်။

တစ်မျှော်တခေါ်မြင်ရသော ကုန်းမြင့်များနှင့် ပြေ
လျှောလျှောမြေလွင်ပြင်များသည် မြေအနီရောင်ဖြစ်၍ ရွှေဝါ
ရောင်နှမ်းပန်းခင်းများနှင့်လိုက်ဖက်သလို အစိမ်းရောင်
ပင်စိမ်းပင်များနှင့်လည်း ပန်းတင့်လှ၏။

သူမသည် ပိတောက်ဝါရောင် ဂါဝန်ရှည်ကိုဝတ်ဆင်
ထားပြီး အနက်ရောင်လေဒီရှူးကိုစီးထားသည်။

ကျောလယ်ခန့်ရှိ ဆံပင်နက်နက်များကိုဖြန့်ချထားပြီး
အစိမ်းရင့်ရောင် Gucci မျက်မှန်လေးကိုတပ်ထားသောကြောင့်
ခေတ်မီစွာ လှပချောမောနေသည်။

အသားရွှေဝါရောင်၊ အရပ်အမောင်းလှပပြီးကိုယ်
ခန္ဓာအချိုးအဆက်ပြေပြစ်သူရယ်ပါ။

မျက်နှာလေးက သွယ်လျပြီးဆွဲဆောင်မှုရှိလှသည်။
ခတ်လုံးလုံး၊ မျက်ဝန်းနက်နက်၊ ဖူးငုံလှပသောနှုတ်ခမ်း၊
နှာခေါင်းတုတ်တုတ်နှင့် ညီညာဖြူဖွေးသောသွားများရှိခြင်းကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ချောမောလှပသူတစ်ဦးရယ်ပါ။

"ဟဲ့. . . မြန်မြန်ရိုက်လေ၊ ဘာလုပ်နေတာလဲ၊ ဒီမှာ acting ထုတ်ရတာ ထပ်ကုန်ပြီ"

"နင်က သိပ်လှလို့ ငါငေးနေမိတာပါ နွေနှင်းရဲ့"

"မြှောက်မနေစမ်းပါနဲ့ဟာ၊ နင့်ကိုငါ မုန့်ဝယ်ကျွေးမှာဝါ"

သူမကပြောတော့ အိမ်စည်ကရယ်လိုက်ပြီးသူမပုံကို Digital Camera လေးဖြင့် ရိုက်ယူလိုက်သည်။

"ကဲ. . . ပြီးပြီ၊ ကျွန်မကိုပြန်ရိုက်ပေးပါဦး"

"ရိုက်ပေးမှာပေ့ါ အိမ်စည်ရယ်၊ ကဲ. . . လာ"

သူမက အိမ်စည်လက်ထဲမှ Camera လှမ်းယူလိုက်ပြီး အိမ်စည့်ပုံလေးတွေကို ရိုက်ယူနေသည်။

အိမ်စည်က ကင်မရာရှေ့တွင် အိုက်တင်အမျိုးမျိုးဖြင့် ရိုးထုတ်နေတော့၏။

"ကဲ. . . တော်ပြီ၊ သွားကြစို့"

ပြောပြီး အိမ်စည်ကားရှိရာသို့ သွက်လက်သော အနေအရာလေးနှင့် ပြေးထွက်သွားလေသည်။





နွေနှင်းက သူ့နောက်မှပြေးလိုက်လာပြီး ကားတံခါးသော့ကို ဖွင့်လိုက်သည်။

ပြီးတော့ ကားစက်နှိုး၍ မောင်းထွက်လာခဲ့သည်။

ကားလမ်းဘေးတစ်ဘက်တစ်ချက်တွင် အရှေ့မြင် အနောက်မြင်တောင်တန်း၊ ထရံမည်းတောင်တန်း၊ လွယ်ရတောင်တန်းကြီးများကို တွေ့မြင်နေရ၏။

ရှမ်းတောင်တန်းကြီးများ ပတ်လည်ဝိုင်းနေသော ဦးနေရာလေးသည် မြူနှင်းများအုံ့ဆိုင်းနေပြီး ပန်းချီကားဆန်ချပ်နှင့်သဏ္ဌာန်တူလှ၏။

နှင်းငွေ့ရောသော လေအေးတို့သည် ကားပြတင်းမှတဆင့် ခပ်ပြင်းပြင်းဝင်ရောက်လာသည်။

"ဟော. . . ဟော ရှေ့မှာ မော်တော်ဆိုင်ကယ်တစ်စီး ကားကိုတားနေတယ် နွေနှင်း"

ဘောင်းဘီရှည်နှင့်ဂျာကင်အကျီများကိုယ်စီ ဝတ်ဆင်ထားကြသည့်လူရွယ်နှစ်ဦးကားရှေ့မှရပ်ပြီး တားဆီးနေသောကြောင့် သူမကားရပ်ပေးလိုက်သည်။

ကားပြတင်းပေါက်မှတဆင့် ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ကို ဒီကားနဲ့လိုက်ခွင့်ပြုပါလား ခင်ဗျာ"

ထိုလူရှယ်က အနက်ရောင်ဘောင်းဘီရှည်နှင့် အစိမ်း နုရောင်စပို့ရှပ်ကို ဝတ်ဆင်ထားပြီး အပေါ်မှဂျာကင်အကျီမီးခိုး ရောင်ကို ဝတ်ဆင်ထားသည်။

သူ့ပုံစံက အသားလတ်လတ် အရပ်မြင့်ပြီး ကိုယ်ခန္ဓာ ကြံ့ခိုင်၍ ယောကျ်ားပီသသူဖြစ်သည်။

သူ့မျက်နှာက လေးထောင့်အနည်းငယ်ဆန်ပြီး မျက်ခုံး ထူထူတန်းတန်း၊ နှာတံချွန်ပြီး နှုတ်ခမ်းတွေ ပိရိလှပသည်။

သူ့မျက်ဝန်းများက နက်မှောင်စူးရှပြီး တောက်ပြောင် နေ၏။ ဆံပင်ကို သပ်သပ်ရပ်ရပ်ညှပ်ထားသောကြောင့် သူ့ မျက်နှာ သူ့အရပ်အမောင်းနှင့်ကြည့်၍ကောင်းနေ၏။

"ကျွန်တော်တို့ကို ဒီကားနဲ့လိုက်ခွင့်ပေးပါလား၊ ရှေ့ နားက မြို့လေးမှာ လူနာသွားကြည့်မလို့"

ထိုလူနှင့်အတူပါလာသည့် အသားညိုညို၊ အရ မနိမ့်မမြင့်၊ ခပ်ဝဝလူက ထပ်ပြီးတောင်းဆိုလိုက်ခြင်းဖြစ်သည်

သူမဘာမှပြန်မပြောဘဲ ထိုလူနှစ်ယောက်ကို ခြေဆုံး ခေါင်းဆုံးကြည့်၍ အကဲခတ်နေမိစဉ် အိမ်စည်က သူမနားက





ခပ်တိုးတိုးပြောလိုက်သည်။

"ခေါ်သွားမလား နွေနှင်း၊ သူတို့ကြည့်ရတာ ဆရာဝန် ထင်တယ်"

အိမ်စည့်စကားကြောင့် သူမမျက်မှောင်ကုတ်သွားပြီး ကို ခပ်သွက်သွက်ခါယမ်းလိုက်မိသည်။

"လိုက်ခွင့်မပြုနိုင်ဘူး ဟုတ်လား"

ဂျာကင်မီးခိုးရောင်ဝတ်ထားသည့်ပထမလူက အရေး ပုံစံမျိုးဖြင့် မေးလိုက်သည်။

"အို. . . တောတောင်တွေရဲ့အလယ်မှာ မိန်းကလေး ာက်တည်းမောင်းလာတဲ့ကားပေါ် ရှင်တို့ကို ဘယ်ခေါ် လဲ၊ ပြီးတော့ ရှင်တို့က ယောကျ်ားတွေလေ၊ လူကလဲ ာက်"

သူမ၏မျက်နှာထားတင်းတင်း အပြောဆိုးဆိုးကြောင့် နှစ်ဦး အားမလိုအားမရဖြစ်ပြီး. . .

"ကူညီနိုင်ရင် ကူညီပါဗျာ၊ လမ်းမှာ ဆိုင်ကယ်ပျက် လို့ လျှောက်ခဲ့ရတာ သုံးမိုင်လောက်ရှိနေပြီ"

"ရှင်တို့ယောကျ်ားတွေပဲ၊ ဆက်လျှောက်ကြပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သူမစူပုပ်နေသည့်မျက်နှာဖြင့်ပြောလိုက်ပြီး စကား ဆုံးသည်နှင့် ကားစက်ကိုနှိုး၍ မောင်းထွက်လာခဲ့သည်။

ထိုလူနှစ်ဦး မျက်နှာများနီမြန်းပြီး ကျန်ရစ်ခဲ့ကြသည်

"သနားပါတယ် နွေနှင်းရယ်၊ သူတို့ကြည့်ရတာ ရှည်သန့်သန့်ပြန့်ပြန့်နဲ့ ရည်ရည်မွန်မွန်လေးတွေပါကွယ်"

အိမ်စည်မျက်နှာညှိုးညှိုးဖြင့် ကရုဏာဖြစ်သလိုပြော လိုက်သောကြောင့် သူမစိတ်တိုသွားသည်။

"လူမြင်တိုင်း လိုက်သနားနေလို့ရမလား အိမ်စည် ခုလိုတောထဲတောင်ထဲမှာ လူစိမ်းယောကျ်ားတွေကို ကား တင်သွားလို့ ဘယ်ဖြစ်မှာလဲ"

"သူတို့ကြည့်ရတာ လူကောင်းတွေထင်ပါတယ်"

"နင်ဟာလေ လူမြင်တိုင်း ကရုဏာပိုတတ်တယ် ပျော့ညံ့ချက်ကြောင့် တစ်နေ့နင်ဒုက္ခတွေ့လိမ့်မယ် သိလား"

အတော်လှမ်းလှမ်းမောင်းလာခဲ့ပြီးနောက်. . .

"ဟဲ့. . . ဟဲ့၊ ရှေ့မှာ မြင်းတွေ"

ရှေ့တူရူမှပြေးလာသည့် မြင်းတစ်အုပ်ကြောင့် ရုတ်တရက်လန့်ဖျတ်သွားပြီး ကားကိုလမ်းဘေးသို့





တိုက်၏။ ကားက ရုတ်တရက် ရပ်သွားလေသည်။

"အား. . ."

"အမလေး. . . ကံကောင်းလို့မှောက်တယ်"

သူမတို့နှစ်ဦး ထိတ်လန့်ကြောက်ရွံ့စွာအော်ပစ်လိုက် ကြသည်။

"ဟောတော့. . . ဒုက္ခပဲ၊ ကားဘီးတွေ လမ်းဘေး မြောင်းထဲနစ်နေပြီ၊ ဘယ်လိုလုပ်ရမလဲ မသိဘူး"

သူမစကားကြောင့် အိမ်စည်အထိတ်တလန့်ဖြစ်သွား . . .

"ဒုက္ခပဲ နွေနှင်းရယ်၊ လူသူအရိပ်အယောင်တောင် တွေ့ရတဲ့ ဒီနေရာမှာ ငါကြောက်တယ်"

"နောက်ကားတွေရောက်လာမှာပေါ့၊ အဲဒီတော့မှ ပြီး ကားကို တွန်းပေးဖို့ အကူအညီတောင်းရမယ်"ဟု နှင်းပြောလိုက်သည်။

သူမတို့နှစ်ဦး ကားပေါ်မှဆင်းလိုက်ကြပြီး ကားဘေး ရပ်၍ နောက်ကားများကိုမျှော်နေမိကြသည်။

အတော်ကြာကြာစောင့်မျှော်နေမိသော်လည်း ကား



www.burmeseclassic.com

www.burmeseclassic.com



အဆက်အသွယ်ပြတ်တောက်နေသဖြင့် ကားတစ်စီးတလေ
မမြင်မတွေ့ရပေ။

"ဒုက္ခပဲ၊ ဘယ်အချိန်ကျမှ ကူညီမယ့်သူရောက်လာမ
မသိဘူးနော်"ဟု အိမ်စည်က ညည်းညူနေသည်။

ထိုစဉ် မော်တော်ဆိုင်ကယ်တွန်းပြီး လူနှစ်ယော
လျှောက်လာတာကို တွေ့လိုက်ကြရသည်။

စောစောက ကျန်ရစ်ခဲ့သည့်လူရွယ်နှစ်ဦးပင် ဖြ
သည်။

"ခင်ဗျားတို့ကား ဘာဖြစ်တာလဲ"

သူတို့နှစ်ဦးက သူမတို့နှစ်ဦးအနီးမှာလာရပ်ပြီး မေ
လိုခြင်းပါ။

နွေနှင်းက ဘာမှမဖြေဘဲ မျက်နှာကိုမော့၍ သူ
ဘက်ကျောခိုင်းလိုက်သည်။

သူမအမူအရာကိုကြည့်ပြီး အမြင်ကတ်သွားကြ
အိမ်စည်က အားတုံ့အားနာပြုံးလိုက်ပြီး. . .

"ဟိုလေ. . ကားဘီးမြောင်းထဲကျွံသွားလို့၊ ဆ
မောင်းလို့မရတော့ဘူး၊ အစ်ကိုကြီးတို့ ကူညီနိုင်မယ်ဆို





ဇူးတင်ပါတယ်"

အိမ်စည့်အမူအရာကြောင့် ကားကိုဝိုင်းကူတွန်းပေးရန်
ခြေလှမ်းလိုက်မိကြသည်။ ပြီးမှ သူမကိုသတိရပြီး ခြေလှမ်းများ
နောက်တွန့်သွားသည်။

"အဟဲ. . . ဟဲ၊ ကူတော့ ကူညီချင်ပါရဲ့၊ ဒါပေမယ့်
မိန်းကလေးက မတူမတန်သလိုမျက်နှာလွှဲထားတော့လဲ
ယ်လိုကူညီရမှန်းတောင် မစဉ်းစားတတ်တော့ဘူးဗျာ"

ဂျာကင်မီးခိုးရောင်နှင့်လူက သူမကိုကြည့်ပြီး ပြုံးထေ့
ပြောလိုက်သလို အသားညိုညို ခပ်ဝဝလူရွယ်ကလည်း
သူမရှေ့တွင် မျက်နှာကိုဝံ့ကြွားဟန် တမင်လုပ်လိုက်ပြီး . . .

"ဩော်. . . ခုတော့လဲ အကူအညီလိုနေကြပြီပေါ့နော်၊
န်တော်တို့က လူမှုရေးနားလည်ပါတယ်၊ ဒီလောက် မရိုင်းပျ
ဘူး ဟဲ. . . ဟဲ. . . ဟဲ"

ထိုလူနှစ်ဦး၏ စကားများကြောင့် သူမအတော်ပင်
တိုသွားမိသည်။

သူမပုံစံလေးက ခပ်ပြတ်ပြတ်၊ မျက်ဝန်းတွေကို ခပ်
ကြည့်လိုက်ပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ မကူညီချင်ရင် ခပ်မြန်မြန်သွားကြ၊ အပိုတွေ ပြောမနေနဲ့၊ နားခါးတယ်"ဟု ရန်တွေ့လိုက်သည်။

"အံမယ် ခင်ဗျားက အရေးကြီးနေတာတောင် စွာကျ ကျယ်ပြောနေပါလား၊ တကယ်အံ့သြစရာပဲ"

အသားညိုညို၊ ခပ်ဝဝလူက စိတ်ဆိုးသွားသည့် အနေ အရာဖြင့် ပြန်ပြောလိုက်သည်။

ထိုလူ့စကားကြောင့် သူမထောင်းခနဲဒေါသဖြစ်သွား ပြီး. . . "ဒီမှာ ရှင်တို့အခုချက်ချင်း ထွက်သွားကြစမ်း၊ မိန်းက လေးတွေ ဒုက္ခရောက်နေတာမြင်ရက်သားနဲ့ ကူညီဖော်မရ မခံချိမခံသာဖြစ်အောင် ပြောနေနိုင်သေးတယ်၊ အလကား တွေ" ဟု ပြောလိုက်သည်။

"ဒါဖြင့် ခင်ဗျားတို့ကို ကျွန်တော်တို့ မကူညီရင် ဘယ် လုပ်မလဲ၊ ဒေါသကိုလျှော့စမ်းပါ မိန်းကလေးရယ်"

"ရှင်တို့နှစ်ယောက်တည်း လူမဟုတ်ဘူး၊ ရှင်တို့မ ညီရင်လဲ ဘာအရေးစိုက်စရာလိုသလဲ၊ လူတွေအများကြီး တွေ့ရဦးမယ်. . . သွားကြ"

သူမကိုကြည့်ပြီး နှစ်ယောက်လုံး ခြေနှစ်လှမ်းဆီ နော





တ်သွားကြ၏။ ပြီးတော့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်မိကြသည်။

"ဟော့ကောင် နေနီ၊ ကြုံတုန်းကြုံခိုက် ကူညီရတာ ကုသိုလ်ရပါတယ်ကွာ၊ မင်းအပြောဆိုးလို့ဒီကအစ်မကြီး စိတ် ပေါက်သွားပြီထင်တယ်"ဟု ဂျာကင်မီးခိုးရောင် ဝတ်ထား သည့် သူကပြောလိုက်သည်။

သူက ဒေါက်တာရည်ရွှယ်သူဖြစ်သည်။

မကြာခင် အချိန်ကာလကမှ ဤမြို့နယ်လေးသို့ ရောက် ရှိလာသည့် ဆရာဝန်တစ်ဦးဖြစ်ပြီး နေနီက အင်ဂျင်နီယာတစ်ဦး ဖြစ်၏။

"ကဲ. . . အစ်မကြီး ကားပေါ်တက်ပြီး စက်နှိုးလိုက်ပါ၊ ကျွန်တော်တို့အစ်မကြီးရဲ့ကားကို တွန်းပေးကြမယ်"

ဒေါက်တာရည်ရွှယ်သူ့စကားကြောင့် သူမမျက်မှောင် ကြုတ်သွားပြီး. . .

"ဘာအစ်မကြီးလဲ၊ ရှင်ကများ ကျွန်မကိုအစ်မကြီးတဲ့၊ ရုပ်ပုံကဖြင့် အိုမင်းရွတ်တွနေပြီ"

သူမစကားကြောင့် သူပခုံးနှစ်ဖက်ကိုတွန့်လိုက်ပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



"ဘာ. . . ကျုပ်က အိုမင်းရွတ်တွနေပြီ ဟုတ်လား၊ ခုး ကျုပ်အသက်နှစ်ဆယ့်ခုနစ်နှစ်ပဲရှိသေးတာ၊ ခင်ဗျားသာ အဘွား ကြီးအိုပေါက်စလေးလို စွာကျယ်စွာကျယ်လုပ်နေပြီးတော့"

"အောင်မာ. . . လူကိုများ အဘွားကြီးအိုပေါက်စတဲ့ ဒီလောက်ဖြူဝင်းလှပပြီး ရှင်းသန့်ချောမောတဲ့ ငါ့ကိုများ အဘွားကြီးအိုပေါက်စတဲ့၊ နင်သာ အဘိုးကြီးအိုပေါက်စရုပ်နဲ့ သာရှုပ်နေတာ၊ လေကုန်တယ်ဟေ့"

"အမလေး. . . စွာလိုက်တာဗျာ၊ အံ့ရောပဲ၊ တော် . . . တော်"

နေနီက ဘေးမှဝင်ပြောလိုက်သည်။

"ကဲပါကွာ. . . မိန်းကလေးတွေဆိုတော့လဲ အမြင် မတော်ရင် ကူညီကောင်းပါတယ်၊ သူတို့ကားကို ဝိုင်းတွန်းပေး လိုက်ကြရအောင်"

ရည်ရွယ်သူ စကားဆုံးသည်နှင့် သူမ၏ကားလေးကို တွန်းပေးရန် ကားပေါ်သို့ လက်တင်လိုက်သည်။

သို့သော် သူမကရပ်နေရာမှ မရွေ့ဘဲမျက်စောင်း လှမ်း ထိုးလိုက်သည်။





"ဘယ်လိုလဲ. . . ကားပေါ်တက်ပြီး စက်နှိုးတော့လေ အစ်မကြီး"

"ခေါ်ပြန်ပြီလား အစ်မကြီး"

"ကျွန်တော်တို့က လေးစားသမှုနဲ့ တမင်ခေါ်တာပါဗျာ"

အိမ်စည်ကြည့်မနေနိုင်ဘဲ. . .

"ဟုတ်ပါတယ် နွေနှင်းရယ်၊ သူတို့က သဘောကောင်း ကြပါတယ်၊ ကဲ. . . ကဲ၊ ကားပေါ်တက်ပြီး စက်နှိုးတော့လေ"ဟု သူမလက်ကိုဆွဲခေါ်ရင်း ပြောလိုက်သည်။

သည်တော့မှပင် သူမမကျေမနပ်ဖြစ်နေသည့်ပုံဖြင့် ကားတံခါးကိုဆွဲဖွင့်ပြီး မောင်းသူနေရာတွင် ဝင်ထိုင်လိုက်သည်။

သူမကားစက်နှိုးနေချိန်တွင် ဒေါက်တာရည်ရွယ်သူ နှင့်နေနီတို့နှစ်ဦးက သူမ၏ကားကိုတွန်းပေးကြသည်။

"ဟူး. . ."

ကားက မြောင်းထဲနစ်နေရာမှ လွတ်သွားသောကြောင့် သူမကားကိုတရှိန်ထိုးမောင်းထွက်လာခဲ့သည်။

နောက်သို့လုံးဝလှည့်မကြည့်သောကြောင့် အိမ်စည်က အားနာပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



“ဟယ်. . . ကျေးဇူးတင်စကားလေး ဘာလေးတောင် မပြောတော့ဘူးလား နွေနှင်းရဲ့၊ ဟိုလူတွေကို အားနာပါတယ်”

“ဒီလောက်အပြောဆိုးတဲ့လူတွေကို ဘာမှအားနာနေစရာ မလိုဘူး၊ ကိုယ့်ခရီးကိုယ်ဆက်တာပဲ အဓိပ္ပါယ်ရှိတယ်” ဟု ပြောလိုက်သည်။

သူမကိုကြည့်ပြီး အိမ်စည်ဘာမှမပြောဖြစ်တော့ဘဲ သက်ပြင်းမောကို ရှိုက်နေမိ၏။

အိမ်စည့်အတွေးထဲတွင်တော့ ရုပ်ရည်သန့်ပြန့်ချောမောသည့် ထိုလူစိမ်းနှစ်ယောက်ကို ရုတ်တရက်မေ့ဖျောက်၍ မရလောက်အောင် မြင်ယောင်နေမိသည်မဟုတ်ပါလား. . .

## အခန်း(၂)

ကားသည် ထိုမြို့လေးထဲသို့ ဝင်ရောက်လာခဲ့ပြီးနောက် ခြံဝင်းကျယ်ကြီးတစ်ခုရှေ့တွင် ရပ်လိုက်သည်။

သံဆူးကြိုးများရစ်ပတ်ထားသည့် ခြံဝင်းကျယ်တစ်ခုရှေ့တွင် ကားကိုထိုးရပ်လိုက်ခြင်းဖြစ်သည်။

သူမကားဟွန်းကို နှိပ်လိုက်၏။ ကားဟွန်းသံကြောင့် ခြံထဲမှအသက်ခြောက်ဆယ်ရွယ် လူကြီးတစ်ယောက် ပြေးထွက်လာ၏။

“ဩော်. . . ဘယ်သူများလဲလို့၊ ရန်ကုန်ကရောက်လာတဲ့ … သွိုသည်မိန်းကလေးကိုး”

www.burmeseclassic.com

www.burmeseclassic.com



"ဟော. . . အဘ အိုက်ဖန်၊ မမနန်းမြတ်စံတို့ကော ဘယ်သွားသလဲ"

"မြတ်စံတို့လား၊ ဟိုဘက်တစ်ရွာကျော်ကို သွားကြတယ်ကွယ်၊ သူ့ယောက်ျားအိုက်ပန် နေမကောင်းလို့ ရွာကို လိုက်သွားတယ်"

ဦးအိုက်ဖန်က ခြံတံခါးဖွင့်ပေးရင်းဆီး၍ပြောလိုက်ခြင်းပါ။

"ဟိုဘက်ရွာ ဟုတ်လား၊ ဒါဖြင့် ကျွန်မတို့လိုက်သွားချင်တယ်၊ အဘအိုက်ဖန်သိရင် ကျွန်မတို့ကို လမ်းပြပေးဖို့ လိုက်ခဲ့ပါလား"

သူမစကားကြောင့် ဦးအိုက်ဖန် ခေါင်းတဆတ်ဆတ်ညိတ်လိုက်ပြီး. . .

"ကောင်းပြီ. . . ကောင်းပြီ၊ ကျုပ်လိုက်ခဲ့မှာပေါ့၊ ဒီကားနဲ့ပဲ သွားကြမှာလား"ဟု ပြောလိုက်သည်။

"ကားပေါ်တက် အဘအိုက်ဖန်"

ဦးအိုက်ဖန်က ကားထဲဝင်ထိုင်ပြီး သူမတို့အား လမ်းပြပေးနေသည်။





နာရီဝက်နီးပါးခန့် ကားကို လာရာလမ်းအတိုင်း ပြန်မောင်းလာခဲ့ကြရပြီး နန်းမြတ်စံတို့ရှိနေသည့်အိမ်ကလေးဆီသို့ ရောက်လာခဲ့ကြသည်။

"မြတ်စံရေ. . . ရန်ကုန်က ဧည့်သည်တွေလာတယ်ဟေ့"

ဦးအိုက်ဖန်အော်သံကြောင့် မြတ်စံအိမ်ကလေးထဲမှ ထွက်လာသည်။

"ဟင်. . . ညီမတို့ပါလား၊ ဘယ်တုန်းက ရောက်ကြတာလဲ"

သူမတို့ကိုမြင်တော့ မြတ်စံအံ့အားသင့်စွာ ခရီးဦးကြိုဆိုလိုက်သည်။

"အခုပဲ ရောက်လာတာပါ မမ"

"ငါ့ညီမတွေ ကိုယ်တိုင်ကားမောင်းပြီး ရောက်လာကြတာနော်၊ အံ့ဩစရာပဲ"

"ဘာအံ့ဩစရာရှိတာလဲ မမြစံရဲ့"

"မိန်းကလေးတွေဖြစ်ပြီး ဒီလောက်တော်တာ မမ တောင်ချီးကျူးမိပါရဲ့ကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"မမခင်ပွန်းအစ်ကိုကြီး အိုက်ပန်နေမကောင်းဘူးဆို"

"ဟုတ်တယ်၊ ကဲ. . . ကဲ အိမ်ပေါ်တက်ကြ"

သူမတို့နှစ်ဦးကို နန်းမြတ်စံက အိမ်ပေါ်သို့ခေါ်လာခဲ့လေသည်။

သူမတို့အိမ်ပေါ်လှမ်းတက်နေစဉ်မှာပင် အိမ်ကလေးခန့်သို့ လူနှစ်ယောက်ရောက်လာ၏။

မြတ်စံက ထိုလူတွေကို လှမ်းမြင်သွားပြီး. . .

"ဟော. . . ဆရာတို့ရောက်လာပြီကိုး၊ ခပ်စောစောကတည်းက မျှော်နေတာ၊ ဒီနေ့ နောက်ကျတယ်နော်"

မြတ်စံက ဆရာဝန်နှင့်သူ့အဖော်ကို ကြိုဆိုလိုက်ခြင်းပါ။

နွေနှင်းလှည့်ကြည့်ပြီး အံ့ဩသွားမိသည်။ သို့သော် အံ့ဩနေမိသည့်မျက်နှာအမူအရာကို ဘာမှမဖြစ်သလို ပြောင်းလဲပစ်လိုက်ပြီး ရည်ရွယ်သူတို့နှစ်ဦးကို မမြင်ဖူးသကဲ့သို့ ဟန်ဆောင်လိုက်သည်။

"လာပါ ဆရာ၊ ဆရာတို့ကို ကိုအိုက်ပန်က မျှော်နေတယ်၊ ညက အဖျားတော်တော်ကြီးတယ်"

"ကိုအိုက်ပန်ရဲ့ရောဂါသက်သာအောင် ကျွန်တော်တို့





ကုပေးပါ့မယ်၊ သူ့ရောဂါကြည့်ရတာ အဆုတ်အအေးမိထားပုံရတယ်၊ ဒါကြောင့် ကုသရာမှာ နည်းနည်း စိတ်ရှည်ဖို့တော့ လိုလိမ့်မယ်"

ဒေါက်တာရည်ရွယ်သူက လူနာအနီးသို့သွားပြီး စမ်းသပ်ကြည့်သည်။ ပြီးတော့ လိုအပ်သည့်ဆေးများကို ပေးသည်။

လူနာအနီးတွင် နာရီဝက်ကြာ ကြည့်ရှုပေးပြီးမှပင် ပြန်ရန် နှုတ်ဆက်ကြသည်။

"ကျေးဇူးတင်ပါတယ် ဒေါက်တာ၊ နောက်နေ့လဲ လာဦးနော်"

နန်းမြတ်စံက ကျေးဇူးတင်စကားပြောလိုက်သည်။ ပြီးတော့ ညီမဝမ်းကွဲဖြစ်သူနွေနှင်းနှင့် မိတ်ဆက်ပေးသည်။

"ဪ. . . ဒေါက်တာနဲ့မိတ်ဆက်ပေးရဦးမယ်၊ ဒါရန်ကုန်ကရောက်လာတဲ့ ကျွန်မရဲ့ညီအစ်မဝမ်းကွဲလေ၊ သူ့နာမည်က နွေနှင်းကိုတဲ့၊ ဒါက သူ့ရဲ့အချစ်ဆုံးသူငယ်ချင်း နွေအိမ်စည်"

နန်းမြတ်စံမိတ်ဆက်ပေး၍ သူကနွေနှင်းကိုကြည့်ပြီး ဘာလေးတစားခေါင်းညိတ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



နွေနှင်းက သူ့ကိုအားတုံ့အားနာဖြစ်နေမိပြီး ဘာပြန်ပြောရမှန်းမသိလောက်အောင် ဖြစ်နေရသည်။

"သူက မကြာခင်ကမှ ဒီမြို့ကလေးကိုရောက်လာတဲ့ဆရာဝန်လေ၊ သည်နယ်တစ်ဝိုက်မှာတော့ ဆရာ့ကိုပဲအားကိုးနေရတယ်၊ လောလောဆယ် ကိုအိုက်ပန်ကို ဆရာပဲ ကုသပေးနေတာ နွေနှင်းရဲ့"

နွေနှင်းက ဘာမှမပြောဘဲ သူ့ကိုတိတ်တခိုးအကဲခတ်လိုက်မိစဉ် သူက. . .

"စောစောကပဲ ကျွန်တော်တို့ ဆုံတွေ့ခဲ့ကြပြီးပါပြီ မမြတ်စံ"

"သြော်. . . ဟုတ်လား၊ လမ်းမှာတွေ့လာခဲ့ကြတာထင်တယ်"

"သိပ်သေချာတာပေါ့ဗျာ၊ ကျွန်တော်တို့က ဒီအစ်မကြီးတို့နဲ့ ဒီကိုလာတဲ့လမ်းမှာတွေ့ခဲ့ကြတာပါပဲ၊ ကျွန်တော်တို့ဆိုင်ကယ်ပျက်လို့ သူတို့ကားနဲ့ ခဏလိုက်ပါရစေဆိုတာ လိုက်ခွင့်မပြုခဲ့ဘူးလေ. . ဟဲ. . . ဟဲ. . . ဟဲ"

ဆရာဝန်က ဘာမှမပြောမှီပင် အင်ဂျင်နီယာနေနီက





ဝင်ပြောလိုက်၍ နွေနှင်းတို့မျက်နှာပူသွားမိသည်။

"သြော်. . . ဟုတ်လား၊ အားနာစရာ နွေနှင်းရယ်၊ ဘာဖြစ်လို့ ဆရာတို့ကို ကားပေါ်မခေါ်ခဲ့တာလဲကွယ်"

မြတ်စံအားတုံ့အားနာအမူအရာဖြင့် ပြောလိုက်ခြင်းပါ။

နွေနှင်းက ပေကပ်ကပ်အမူအရာဖြင့် ဘာမှမပြောဘဲ ငြိမ်နေသောကြောင့် သူကပင်. . .

"ကိစ္စမရှိပါဘူး မမြတ်စံ၊ သူတို့က မိန်းမသားတွေဆိုတော့လဲ ခုမှမြင်တွေ့ရတဲ့ယောကျ်ားတွေကို ကားပေါ်လိုက်ခွင့်မပြုတာ သဘာဝကျပါတယ်၊ ကျွန်တော် ဘယ်လိုမှ သဘောမထားပါဘူး၊ ကဲ. . . အားလုံးကိုပဲ နှုတ်ဆက်ပါတယ်၊ ကျွန်တော်တို့ကို ပြန်ခွင့်ပြုပါဦး"

သူနှုတ်ဆက်ပြီး အိမ်ကလေးပေါ်မှ ဆင်းသွား၏။

အိမ်စည်က သူ့နောက်မှ ခြေလှမ်းသွက်သွက်ဖြင့် လိုက်လာခဲ့ပြီး. . .

"ဒီမှာ ဆရာ၊ ကျွန်မခရီးပန်းပြီး ခေါင်းတွေကိုက်လို့ ဆေးကလေးပေးခဲ့ပါဦး"

"သြော်. . . ဟုတ်လား၊ ကောင်းပါပြီဗျာ"



www.burmeseclassic.com

www.burmeseclassic.com



သူက အိမ်ရှေ့မြေကွက်လပ်ရှိ ကွပ်ပျစ်လေးပေါ်တွင် သူ့ဆေးသေတ္တာကိုတင်ပြီး ဖွင့်လိုက်သည်။

ပြီးတော့ အိမ်စည့်အတွက် သောက်ဆေးအချို့ ပေးလိုက်၏။

"ရော့. . . ဒါအခုကော်ဖီနဲ့တစ်လုံးသောက်လိုက်၊ ညကျတော့ တစ်လုံးသောက်၊ ခေါင်းကိုက်မသက်သာသေးဘူး ဆိုရင် မနက်ကျရင်လဲတစ်လုံး ထပ်သောက်နိုင်တယ်၊ ခင်ဗျား ရဲ့သူငယ်ချင်းအတွက်ပါပေးခဲ့တယ်နော်"

သူက စကားအဆုံးမှာနွေနှင်းဘက်သို့လှည့်ကြည့်ပြီး နှစ်ခြိုက်စွာပြုံးရယ်လိုက်သည်မို့ နွေနှင်းရင်ထဲ လှုပ်ရှားသွား မိသည်။

နွေနှင်းကို မြင်မြင်ချင်းမက်မောတွယ်တာလွန်းသည့် သူ့မျက်ဝန်းများက တောက်ပရွှန်းစိုလွန်းလှသည်မို့ သူ့အကြည့် ရိုင်းရိုင်းများကို နွေနှင်းသတိမပြုဘဲ မနေနိုင်ပါ။

သူထွက်သွားတာကိုငေးနေမိပြီးမှ အကြည့်လွှဲ လိုက်မိ၏။

# အခန်း(၃)

ရှမ်းတောင်တန်းကြီးများ ပတ်လည်ဝိုင်းနေသည့် ...တ်ဝန်းကျင်တွင် မြူခိုးများအုံ့ဆိုင်းနေပုံက ပန်းချီကားတစ်ချပ် ...လား လှပလွန်းသည်။

မြို့ပတ်ဝန်းကျင်ရှိ ပန်းခင်းများရှိရာသို့ သူမ၏နက် ...ရောင် တိုယိုတာကိုရိုနာကားလေးဖြင့် နွေနှင်းထွက်လာခဲ့ ...ည်။

လှလိုက်တဲ့ ပန်းခင်းတွေ. . .

www.burmeseclassic.com

www.burmeseclassic.com



ပန်းကမ္ဘာထဲရောက်နေသလားတောင် ထင်မိတယ်၊

သူမအလွန်ပျော်နေမိသည်။ သူမလိုပင် အိမ်စည် လည်း ပျော်ရွှင်နေ၏။

လှေကားထစ်စိုက်ခင်းများနှင့် မနီးမဝေးတစ်နေရာ တွင် သူမကားကိုရပ်ပြီး ကားပေါ်မှဆင်းလိုက်သည်။

သူမ၏ခေါင်းတွင်စည်းထားသည့် အဖြူရောင်ပေါ် ပန်းဆီရောင်ပန်းပွင့်များထိုးရက်ထားသော လည်စည်းပဝါ ဆောင်းလေနှင့်အတူ တဖျတ်ဖျတ်လွင့်နေ၏။

သူမသည် အနက်ရောင်ဂျင်းဘောင်းဘီနှင့် အနက် ရောင်ဂျင်းကုတ်တို့ကို ဆင်တူဝတ်ထားပြီး Flattiies ဖိနပ်နက် ကိုစီးထားသည်။

"ဟယ်. . . ဟိုမှာကြည့်စမ်း၊ မြေနီပေါ်မှာ အစိမ်း ရောင်စိုက်ခင်းနဲ့အဝါရောင်ပန်းခင်းတွေအတန်းလိုက် တန်း ထစ်ချင်း ဆင်းသွားတာကြည့်လို့ကောင်းလိုက်တာ"

လှေကားထစ်စိုက်ခင်းများကို ငေးကြည့်ပြီး သူမပြော နေခြင်းပါ။

"ဒီအရပ်ဒေသကို လာလည်ရတာ ပျော်စရာကြီး



နှံ့ကုန်ပြန်ချင်စိတ်တောင်မရှိဘူး"ဟု အိမ်စည်က ပြောလိုက်သည်။

"ဟယ်. . . ဟိုမှာ မြင်းတစ်စီး၊ တဟုန်ထိုးပြေးလာပါ သား၊ အမလေး မြင်းကရိုင်းပုံရတယ်၊ စီးလာတဲ့လူ မထိန်းနိုင် တော့ဘူးဟေ့"

အညိုရောင်ဘောင်းဘီရှည်၊ ကြက်သွေးရောင်စပို့ရှပ် တို့ကို ဝတ်ဆင်ထားသည့်လူတစ်ယောက်မြင်းစီးလာပြီး မြင်း ဇက်ကြိုးကိုမထိန်းနိုင်သောကြောင့် ပရမ်းပတာဖြစ်နေသည်။

ထိုလူစီးလာသည့်မြင်းသည် ဆင်ခြေလျှောစိုက်ခင်း များရှိရာသို့ဦးတည်ပြီးပြေးနေသဖြင့် သူမတို့နှစ်ဦးလုံးကြည့် ရင်း ထိတ်လန့်နေမိကြသည်။

"ဟယ်. . . ဟိုလူတော့ ဒုက္ခပါပဲ၊ သူ့မြင်းကြီးက ဆင် ခြေလျှောအတိုင်းပြေးဆင်းသွားရင် ဘယ်နဲ့လုပ်မလဲ"

သူမတို့ပြောနေစဉ်ပင် မြင်းကဆင်ခြေလျှောအတိုင်း သိမ့်ဆင်းသွားပြီး ဒလိမ့်ခေါက်ကွေးကျသွားတော့၏။

"ဟာ. . . ဒုက္ခပါပဲ"

"အမလေး. . . ဟိုလူတော့ သေပြီထင်ပါရဲ့"

www.burmeseclassic.com

www.burmeseclassic.com



သူမတို့နှစ်ဦး ကြောက်ရွံ့ထိတ်လန့်စိတ်များနှင့်အတူ မျက်ဝန်းများကိုမှိတ်ထားလိုက်မိကြသည်။ ပြီးတော့ အသက်ကိုပြင်းစွာ ရှူရှိုက်နေမိကြသည်။

"ဟိုလူကိုသွားကြည့်ကြရအောင်"

သူမပြောလိုက်သည်။

သို့သော် အိမ်စည်က ခေါင်းခါယမ်းလိုက်ပြီး. . .

"ဟင့်အင်း၊ ငါမကြည့်ရဲဘူး"ဟု ပြန်ပြောလိုက်၏။

"ကဲ. . . လာပါ အိမ်စည်ရယ်၊ အဲဒီလူကို ကူညီသင့်ရင် ကူညီကြရမှာပေါ့"

သူမတို့နှစ်ဦး လှေကားထစ်စိုက်ခင်းများရှိရာ တောင်ကုန်းဆင်ခြေလျှောဆီသို့ ပြေးဆင်းလာခဲ့ကြသည်။

ထိုလူ့အနီးရောက်တော့ သူမတို့နှစ်ဦးအလွန်အမင်း အံ့သြသွားမိကြသည်မဟုတ်ပါလား. . .

ထိုလူက ဒေါက်တာရည်ရွယ်သူပင် ဖြစ်၏။

● ● ●



အခန်း (၄)

သူလုံးဝမထနိုင်သောကြောင့် အသက်ကိုပြင်းစွာ ရှိုက်နေမိသည်။

နာကျင်ထိတ်လန့်ခြင်းများကြောင့် မျက်ဝန်းများကို ...လောက်ကြာကြာ မှိတ်ထားမိမှန်းမသိ။

"ရှင်သတိရရဲ့လား"

"အသက်ရှိပါသေးတယ်နော်"ဆိုသည့် အသံများကို ...လိုက်ရမှပင် သူမျက်ဝန်းတွေကို ဖွင့်ကြည့်လိုက်မိသည်။

သို့သော် ရုတ်တရက် ဖွင့်၍မရလောက်အောင်



www.burmeseclassic.com

www.burmeseclassic.com



ပင်ပန်းနွမ်းနေလေသည်။

"ရှင်ဘယ်လိုနေသလဲ၊ သတိရတယ်မဟုတ်လား၊ ရှ စီးလာတဲ့မြင်းကြီးက ထိန်းမရလို့ ချောက်ထဲကျလာတာ မှတ်မိ တယ်နော်"

ကြည်လင်ချိုအေးသော ထိုအသံတွင် စိုးရိမ်ပူပန်မှုနှင့် ကြင်နာမှုများပါဝင်နေသည်ဟု ထင်မိ၏။

သူမျက်လုံးတွေကို ကြိုးစားဖွင့်လိုက်သည်။

သူမတို့ကိုတွေ့မြင်လိုက်ရသောကြောင့် သူအနည် ငယ် အံ့သြသွားမိ၏။

"ကျွန်တော်ခါးနာသွားတယ်၊ ရုတ်တရက် ထလို့မ တော့ဘူး၊ ပြီးတော့ လမ်းမလျှောက်နိုင်တော့ဘူးထင်တယ်"

သူ့အသံက အတော်ပင်အားနည်းနေလေသည်။

"မစိုးရိမ်ပါနဲ့၊ ရှင်မြင်းနဲ့အတူ တောင်စောင်းအတိုင် လိမ့်ဆင်းလာတာဆိုတော့ ဒီလောက်တော့ရှိမှာပေါ့၊ ဒီနေရာ မှာ ပန်းခင်းတွေစိုက်ထားလို့ ရှင့်အတွက်သက်သာရာရသွား တယ်"

"ကျွန်တော့်ကို လာကြည့်ဖော်ရတာ ကျေးဇူးတင်ပါ





ဘယ်ဗျာ၊ ကျွန်တော့်ကို မြို့ထဲခေါ်သွားပေးပါလား"

"ဒီနေရာက မြို့နဲ့အတော်အလှမ်းဝေးတယ်၊ ရှင့်ကို ဒီပုံစံအတိုင်း ဘယ်လိုထားခဲ့လို့ဖြစ်ပါ့မလဲ၊ ကျွန်မတို့နှစ်ယောက် တွဲပြီး ကားရှိတဲ့ဆီခေါ်သွားမယ်လေ၊ ပြီးတော့ မြို့ထဲပို့ပေးမယ်"

သူမအလေးအနက်ပြောနေသောကြောင့် စေတနာကို နားလည်ရသည်။

သူ့ကိုသူမတို့နှစ်ယောက် ထူမပြီး ထစေသည်။ သို့သော် သူ့ကျောထဲမှာအောင့်ပြီး ခါးကနာနေသောကြောင့် ရုတ်တရက် မထနိုင်ပေ။

"ရှင်အတော်နာနေပုံရတယ်၊ ကျွန်မတို့နှစ်ယောက်ကို အားပြုပြီး ကားရှိတဲ့ဆီလျှောက်နိုင်ပါ့မလား"

သူက သူမတို့နှစ်ယောက်ကိုအားပြု၍ ကြိုးစားပမ်းစား ထရပ်လိုက်ရင်း . . .

"ဆောရီးပဲ၊ ခင်ဗျားတို့က မိန်းကလေးတွေဆိုတော့ အားနာလိုက်တာဗျာ"

ကားရှိရာသို့ ခက်ခဲပင်ပန်းစွာရောက်လာခဲ့ကြသည်။

သူမတို့နှစ်ယောက် သူ့ကိုအလယ်မှာထားပြီး တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်တစ်ဖက်စီထိန်းမတ်၍ ခေါ်လာကြရသည်။

သူ့ကိုယ်ကြီး ဒယီးဒယိုင်ဖြစ်ပြီး တရွေ့ရွေ့ပါလာခဲ့သည်။

ကားရှိရာရောက်တော့ ကားနောက်ခန်းတံခါးကိုဖွင့် ပြီး သူ့ကိုကားထဲမှာ ထိုင်စေသည်။

သူအတော်အားတင်းပြီး ကားရှိရာသို့လျှောက်လာရမှန်း သူ့မျက်နှာရှုံ့မဲ့နေပုံကိုကြည့်ခြင်းအားဖြင့် သိသာနိုင်သည်။

"ကဲ. . . ရှင့်ကိုဘယ်ပို့ပေးရမလဲ ပြော"

"ကျွန်တော်က မြို့ထဲမှာပဲနေတယ်၊ ဟိုတစ်နေ့က အောင်ပန်းမှာလူနာသွားကြည့်ပြီးပြန်အလာ နွေနှင်းတို့နဲ့ဆုံခဲ့ရတာပဲ"

"ဒါဖြင့် ရှင်က ပင်းဒယမြို့ထဲမှာပဲနေတာပေါ့နော်"

"ဟုတ်တယ်၊ ကျွန်တော် ပင်းဒယမြို့ထဲမှာပဲနေတာပါ"

"အိုကေ၊ ကျွန်မလိုက်ပို့ပေးပါ့မယ်"

စကားဆုံးသည်နှင့် သူမကားမောင်းထွက်လာခဲ့၏။

သူက နွေနှင်းကိုငေးကြည့်ရင်း စိတ်ထဲမှ ထပ်ခါတလဲလဲ ကျေးဇူးတင်နေမိသည်။





ပြီးတော့ သူမအကြောင်းကိုလည်း တွေးနေမိသည်။

ဩော်. . . သည်လိုဆိုတော့လည်း နွေနှင်းက စိတ်ဘောထားကောင်းသူလေးပါလား. . . မဆိုးပါဘူး. . .

ဟိုတစ်နေ့က သူစိတ်ဆိုးနေပုံလေးမြင်တွေ့ခဲ့ရလို့ သည်လောက်သဘောကောင်းမယ်မထင်မိခဲ့ဘူး. . .

ပုန်းတလုတ်ရေကန်နှင့် မနီးမဝေး ခပ်လှမ်းလှမ်းင်နေရာရှိ ခြံဝင်းကျယ်တစ်ခုရှေ့သို့ရောက်တော့ သူက. .

"ရောက်ပြီ. . . ဒီခြံပဲ နွေနှင်း"ဟု ပြောလိုက်သည်။

ခြံထဲတွင်ရပ်နေသည့် နေနီက သူတို့ကိုမြင်တော့ ညြနေသည့်အမူအရာဖြင့်. . .

"ဘယ်လိုဖြစ်လာကြတာလဲ ရည်ရွယ်သူ"ဟု လှမ်းမေးသည်။

ပြီးတော့ ခြံဝင်းတံခါးကို ဖွင့်ပေးလိုက်သည်။

နွေနှင်းက ကားကိုခြံထဲသို့ ချိုးကွေ့ဝင်ပြီး တစ်နေရာရောက်တွင် ထိုးရပ်လိုက်၏။

နေနီက ကားအနီးပြေးလာပြီး ရည်ရွယ်သူ့ကိုယ်ကြီးကိုဆွဲပြီး ခေါ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဖြစ်လာတာလဲကွာ. . ."

စိုးရိမ်ပူပန်သည့်အမူအရာဖြင့် နေနီက မေးနေသည်။

"မြင်းစီးရင်း မြင်းရောလူပါ ဆင်ခြေလျှောအတိုင်း လိမ့်ကျသွားတာပါ"ဟု နွေနှင်းရှင်းပြလိုက်သည်။

"ကျွန်မတို့ကားနဲ့တွေ့လို့ ဒေါက်တာကံကောင်းသွားတာ၊ နောက်မဟုတ်ရင် မလွယ်လှဘူး"

အိမ်စည်ကလည်း ပြောပြသည်။

"ကျေးဇူးတင်ပါတယ်ဗျာ၊ အိမ်ထဲဝင်ကြပါဦး"

နေနီက ရည်ရွယ်သူကိုတွဲခေါ်သွားရင်း သူမတို့ကို အိမ်ထဲဝင်ထိုင်ရန်ခေါ်သည်။

"နေပါစေတော့၊ ကျွန်မတို့ ဒီဒန်းလေးပေါ်မှာပဲ ထိုင်တော့မယ်"

ခြံထဲတွင် အလှဆင်ပြုလုပ်ထားသည့် ဆေးရောင်သုတ်ထားသော ဒန်းလေးကိုကြည့်ရင်း နွေနှင်းပြောလိုက်သည်။

နေနီက ရည်ရွယ်သူ့ကိုယ်ကြီးကို မြက်ခင်းပေါ်ရှိ ဒရင်ဘက်ပေါ် အသာတင်ပေးလိုက်၏။

"အား"





"ခါးဆစ်လွဲသွားတာလား"ဟု နေနီက မေးသည်။

"ကျောထဲက နာတာပါကွ"

"မသေကောင်း မပျောက်ကောင်းကွာ၊ ကျွန်တော့်သူငယ်ချင်းကို ကယ်တင်ပေးခဲ့ကြတဲ့အတွက် မနွေနှင်းတို့ အိမ်စည်တို့ကို အရမ်းပဲကျေးဇူးတင်ပါတယ်ဗျာ"

"နွေနှင်းတို့သွားစရာရှိရင် သွားနော်၊ ကျွန်တော့်ကြောင့် အချိန်တွေအလဟဿဖြစ်ကုန်ပြီထင်တယ်"

ဒရင်ဘက်ပေါ်တွင်အသာမှီပြီး ထိုင်နေရာမှ သူက အားနာသလိုလှမ်းပြောနေသည်။

သူမတို့နှစ်ယောက်က ဒန်းပေါ်တွင်ထိုင်နေမိကြသည်။

"ကိစ္စမရှိပါဘူး ဒေါက်တာရယ်၊ အိမ်စည်တို့ အခုလို ဒေါက်တာ့ကိုကူညီခွင့်ရတာကိုပဲ ဝမ်းသာလှပါပြီ၊ ဟုတ်တယ်မဟုတ်လား နွေနှင်း"

"ဟုတ်ပါတယ်၊ နွေနှင်းတို့ကို အားမနာပါနဲ့၊ ဒါနဲ့ ရှင့်ဒဏ်ရာကို ဘာဆေးလိမ်းမှာလဲ"

"ကျွန်တော်တို့မှာ နိုင်ငံခြားဆေးမျိုးစုံရှိပါတယ်၊ စိတ်မပူပါနဲ့"ဟု နေနီက ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဒဏ်ရာရတာမျိုးက တိုင်းရင်းဆေးဆိုရင် ပိုစွမ်းတယ်ရှင့်၊ ကျွန်မကတော့ နိုင်ငံခြားဆေးတွေထက် တိုင်းရင်းဒဏ်ကြေဆေးတစ်ခုခု လိမ်းကြည့်စေချင်တယ်"ဟု နွေနှင်းက ပြောလိုက်သည်။

"ဟုတ်တယ် . . . မမြတ်စံဆီမှာ ရှမ်းတိုင်းရင်းဒဏ်ကြေလိမ်းဆေးတွေရှိတယ်၊ အိမ်စည်တို့ပြန်ယူပြီး လာပို့ပေးမယ်လေ"

"နေပါစေဗျာ၊ ကျွန်တော်အတွက် ဒုက္ခမရှာပါနဲ့၊ ကျွန်တော်အားနာလှပါပြီ"

"မနွေနှင်းတို့ တစ်ခုခုစားပါဦးလား၊ ကျွန်တော်တို့မှာ ရှမ်းလက်ဖက်ခြောက်ကောင်းကောင်းရှိတယ်၊ ခဏနေဦး ကျွန်တော်ရေနွေးကြမ်းသွားယူလိုက်ဦးမယ်"

ပြောပြီး နေနီက အိမ်ထဲပြေးဝင်သွားတော့၏။

"အို . . . နေပါစေ၊ ကျွန်မတို့က အခုပြန်မှာပါ၊ ဘာမှ မလုပ်ပါနဲ့တော့"

"ဟုတ်ပါတယ်ရှင်"

"ဘယ်ဟုတ်ပါ့မလဲဗျာ၊ တစ်ခုခုစားပြီးမှပြန်ကြပေါ့"

"မစားတော့ပါဘူး၊ ကျွန်မတို့သွားစရာရှိသေးတယ်"



နွေနှင်းက ပြောသည်။

"ရှင့်အတွက်စိတ်မကောင်းပါဘူး ဒေါက်တာရယ်၊ ဒီအတိုင်းဆို ခုရက်ပိုင်းအတွင်း ဒေါက်တာဆေးမကုနိုင်တော့ဘူးပေါ့"

"ဟုတ်တယ်ဗျာ၊ ကျွန်တော်လဲ ခုလိုဖြစ်လိမ့်မယ်လို့ မထင်ခဲ့မိဘူး"

နေနီက ရေနွေးကြမ်းဗန်းကိုင်လျက် ပြန်ထွက်လာသည်။

"ရေနွေးနဲ့ကောက်ညှင်းကင်. စားကြပါနော်"

"အားမနာပါနဲ့၊ သုံးဆောင်ကြပါခင်ဗျာ"ဟု သူကပါ ပြောသည်။

သူတို့ကိုအားနာမိသဖြင့် သူမတို့နှစ်ယောက်ရေနွေးကြမ်းနှင့်ကောက်ညှင်းကင်ကို အနည်းငယ်စားပြီး ပြန်ရန်နှုတ်ဆက်လိုက်ကြသည်။

"ကျွန်မတို့ကို ပြန်ခွင့်ပြုပါဦးနော် ဒေါက်တာ"

"ဟုတ်ကဲ့ခင်ဗျာ၊ နွေနှင်းတို့ကို ပြောမပြတတ်လောက်အောင် ကျေးဇူးတင်မိပါတယ်"

ဖြူစင်သော နွေနှင်းမျက်နှာလေးကိုငေးကြည့်ရင်း



www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးတင်ခြင်းများစွာ သူ့ရင်မှာတဖွားဖွားပေါ်ပေါက်နေမိလေသည်။

"ကိစ္စမရှိပါဘူး ဒေါက်တာ၊ နွေနှင်းတို့ကလဲ ကြုံတုန်းကြိုက်တုန်း ကူညီခွင့်ရခဲ့တာပါ။ ဒေါက်တာ့အတွက် မမြတ်စံဆီက ဒဏ်ကြေးဆေးယူပြီး လာပို့ပေးမယ်နော်"

"မပို့ပါနဲ့တော့ အားနာလှပါပြီ"

"ဘယ်ဟုတ်ပါ့မလဲ ဒေါက်တာရယ်၊ လာပို့ဖြစ်အောင်လာပို့ပါ့မယ်၊ ကဲ. . . အိမ်စည်တို့ပြန်ဦးမယ်နော်"

သူမတို့နှစ်ယောက် သူ့ကိုနှုတ်ဆက်ပြီး ကားပေါ်တက်၍ မောင်းထွက်သွားကြ၏။

သူမ၏ကားလေးကိုငေးကြည့်ရင်း သူ့ရင်ထဲလှုပ်ခတ်နေမိလေသည်။

သူမရင်ထဲမှာလည်း သူ့အပေါ်သနားကရုဏာဖြစ်နေမိသည်မဟုတ်ပါလား. . .

## အခန်း(၅)

နွေနှင်းတို့နှစ်ယောက် မမြတ်စံအိမ်ရှိရာ ပြန်ရောက်တော့ ညနေစောင်းနေပေပြီ။

"ဟဲ့. . . ဘယ်တွေလျှောက်သွားနေကြတာလဲ၊ နေ့ဘယ်စာတောင် ပြန်မစားကြဘူး"

"ပြောရရင်တော့ အရှည်ကြီးပဲ မမြတ်စံရေ၊ ဒေါက်တာကြောင့်လေ. . ."ဟု အိမ်စည်က ပြောသည်။

"ဒေါက်တာ ဟုတ်လား၊ ဒေါက်တာရည်ရွှယ်သူကိုပြောတာလား"

"ဟုတ်တယ်. . . ဒေါက်တာနဲ့လမ်းမှာ ဆုံခဲ့ကြတယ်။ ဒါပေမယ့် ရိုးရိုးလေးတော့မဟုတ်ဘူး၊ ဒေါက်တာရဲ့ကားတိုက်တာဖြစ်နဲ့လေ၊ ဟင်း. . . ဟင်း. . ."

www.burmeseclassic.com

www.burmeseclassic.com



ပြုံးရွှင်နေသောမျက်နှာလေးဖြင့် အိမ်စည်ကပြောသည်။

နွေနှင်းက ဘာမှမပြောဘဲ ရေနွေးကြမ်းငှဲ့သောက်နေ၏။

“ဘာတွေဖြစ်ခဲ့ကြသလဲ ပြောပါဦး”

အိမ်စည်က ဒေါက်တာရည်ရယ်သူကို ကယ်တင်ခဲ့သည့် အကြောင်းအရာများအားလုံး ပြန်လည်ရှင်းပြနေ၏။

“အို. . . ဖြစ်မှဖြစ်ရလေ၊ အခုကော သူဘယ်လိုနေသေးလဲ”

“အခု သူ့ကို အိမ်ပြန်ပို့ပေးခဲ့တယ်”

“ဒဏ်ရာအတော်ပြင်းသလား”

“ပြင်းတယ်၊ ကျောထဲကအောင့်တယ်လို့ပြောတာပဲ မမြတ်စံဆီမှာ ဒဏ်ကြေဆေးယူပြီး ဒေါက်တာဆီသွားပို့ပေးမလို့”ဟု နွေနှင်းဝင်ပြောလိုက်သည်။

“အေး. . . ကောင်းသားပဲ၊ နေဦး. . . အဲဒီဆေးပုလင်းတွေ ငါသွားစုလိုက်ဦးမယ်”

ပြောပြီး မမြတ်စံအိမ်ပေါ်ထပ်သို့ တက်သွားသည်။



“ကဲ. . . ဘယ်လိုလဲ မရွှေနှင်း၊ ရှင့်ကြည့်ရတာ မိုးပါလား၊ feeling တွေတက်နေသလား”

အိမ်စည့်အမေးကြောင့် သူမအံ့ဩသွားမိသည်။

“ဟင်. . . ဘာဖြစ်လို့လဲ”

“နင့်ကြည့်ရတာ တွေတွေဝေဝေနဲ့မို့ ပြောရတာ”

“ငါလား. . . စိတ်မကောင်းဖြစ်နေမိတာပါ”

“စိတ်မကောင်းဖြစ်ရုံပဲလား နွေနှင်းရယ်၊ ရင်ထဲမှာ လှုပ်ရှားမနေဘူးလား”

“ဟင်. . .”

အိမ်စည့်စကားကို နားမလည်သလို သူမပြန်ကြည့် နေ

“သိပ်ချောသိပ်ခန့်တဲ့ဒေါက်တာ့ကို ကယ်တင်ခဲ့ရတာ ချောမကောင်းဘူးလားဟင်၊ တွေးကြည့်ရင် တော်တော် ကောင်းတယ်နော်”

အိမ်စည်က သူမရင်ဘတ်သူမဘာသာဖိပြီး ပြုံးစိစိ ဖြင့်ပြောသည်။

“ဘာလဲ. . . အိမ်စည်၊ နင့်ရင်ထဲမှာ မရိုးမရွတွေ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေလို့လား"

"အမလေး. . . ဘယ်လိုပြောလိုက်တာလဲ၊ ယဉ်ယဉ်
ကျေးကျေးပြောစမ်းပါ နွေနှင်းရယ်"

"ငါပြောတာ ရိုင်းသွားလို့လား၊ ဒါဖြင့်လဲ ဆောရီး"

"ဒေါက်တာ့ကို သနားလိုက်တာ၊ ငိုတောင်ငိုချင်သ
ပဲ သိလား၊ ခုလောက်ဆို ကျောထဲကဝေဒနာကို သိပ်ခံ
နေရရှာမှာပဲနော်"

"ဒီလောက်တောင် သနားနေရင် သူ့ဝေဒနာကို ရှယ်
ယူပေးလိုက်ပေါ့"

အိမ်စည့်ကိုအမြင်ကတ်သလိုပြောပြီး အိမ်ပေါ်တ
ရန် သူမခြေလှမ်းပြင်လိုက်သည်။

"ဒါက ဘယ်လဲ"

"ရေချိုးအဝတ်စားလဲမလို့လေ၊ တစ်နေ့လုံး ပူအို
ပင်ပန်းနေပြီ"

"ဟင်. . . ဒေါက်တာ့ဆီ ဆေးသွားမပို့တော့ဘူး လ

"ပို့မှာပေါ့၊ ခုပဲပြန်ရောက်တာ၊ ခဏတော့ နား
စေဦး"



သူမကျောပြင်ကို ငေးကြည့်ရင်း အိမ်စည်မကျေမနပ်
ဖြစ်နေမိသည်။

ခဏကြာတော့ မမြတ်စံက ဒဏ်ကြေလိမ်းဆေးဘူး
ရှာပြီး အောက်ထပ်သို့ပြန်ဆင်းလာသည်။

"ရော့. . . ဒီမှာ၊ ဒဏ်ကြေလိမ်းဆေး၊ ဆရာဝန်ကို
ပြန်ပေးရတာ ရယ်စရာတော့ အကောင်းသား"

"ကဲ. . . ဒါဖြင့် အိမ်စည်သွားတော့မယ်"

"ဟင်. . . ခုချက်ချင်း ပြန်သွားမှာလား၊ နွေနှင်း
ာ. . . မလိုက်တော့ဘူးတဲ့လား"

"သူက တစ်နေ့လုံးပင်ပန်းလာလို့ နားချင်ပြီတဲ့လေ၊
ကိုစောင့်နေရင် ဟိုကလူနာ ဒဏ်ရာရင်းသွားလိမ့်မယ်"

ပြောပြီး စိတ်မြန်လက်မြန်အမူအရာဖြင့် အိမ်စည်ကား
င်း၍ထွက်သွာတော့၏။

အိမ်စည်၏စိုးရိမ်ပူပန်နေသောပုံစံကြောင့် မမြတ်စံ
နေမိသည်မဟုတ်ပါလား. . .

ရေမိုးချိုးအဝတ်စားလဲပြီးသာအခါ နွေနှင်းအိမ်ပေါ်မှ
ဆင်းလာသည်။ သို့သော် အိမ်စည့်ကိုမတွေ့ရတော့သော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် အံ့အားသင့်သွားမိ၏။

"ဟင်. . . အိမ်စည်ကော၊ ဘယ်ထွက်သွားလဲ"

"ဒေါက်တာ့ဆီကို ဒဏ်ကြေလိမ်းဆေးသွားပို့တယ်"

"ဟင်. . ."

ခဏနားပြီး အတူသွားပို့ကြရန်ပြောထားသည့်ကြာ
ထဲက တစ်ယောက်တည်းလစ်ထွက်သွားသော အိမ်စည့်
သူမနားမလည်နိုင်ဘဲ ဖြစ်နေမိ၏။

အိမ်စည်ကတော့ နွေနှင်းကိုချန်ထားရစ်ပြီး ဒေါ
တာရည်ရွှယ်သူဆီလာခွင့်ရခဲ့သည့်အဖြစ်ကို တွေးကြည့်
ပျော်ရွှင်လျက်ရှိနေလေသည်။

ခုချိန်လောက်ဆို နွေနှင်းဒေါပွပြီး ကျန်ရစ်ခဲ့ရော
နေပေါ့. . . သူက ရေမိုးချိုးအလှပြင်ချင်သေး
ကိုး. . .

ဒေါက်တာရည်ရွှယ်သူတို့အိမ်ရှိရာရောက်တော့
စပြုနေပေပြီ။

ခြံရှေ့တွင် ကားကိုရပ်ပြီး ဟွန်းတီးလိုက်တော့
ထဲမှပြေးထွက်လာသော နေနီ့ကိုတွေ့လိုက်ရသည်။





"ဟင်. . . မအိမ်စည်ပါလား"

"ဒေါက်တာ့အတွက် ဒဏ်ကြေလိမ်းဆေးလာပို့တာ"

နေနီက ခြံတံခါးဖွင့်ပေးသည်။ အိမ်စည်က ကားပေါ်
မှဆင်းလိုက်ပြီး. . .

"ဒေါက်တာကော. . . သက်သာရဲ့လား"ဟု မေး
လိုက်သည်။

"သက်သာပါတယ်၊ အိမ်ထဲဝင်ပါဦးလား၊ ဟင်. . . ဒါနဲ့
မနွေနှင်းကော. . ."

"သူလား. . . မလိုက်ချင်ဘူးဆိုလို့ထားခဲ့တယ်၊ အိမ်
ထဲဝင်မထိုင်တော့ပါဘူး၊ ဒေါက်တာကောဟင်. . ."

"ဧည့်ခန်းထဲက ဒရင်းဘက်ပေါ်မှာ လှဲနေတယ်"

"အားနာလိုက်တာဗျာ"

ဒေါက်တာရည်ရွှယ်သူက သူမကိုလှမ်းကြည့်ပြီး ပြော
လိုက်၏။

"အိမ်စည့်ကိုအားနာဖို့မလိုပါဘူး၊ ဒီမှာ ဒေါက်တာ့
အတွက် ဒဏ်ကြေလိမ်းဆေးလာပို့ပေးတာပါ"

"ဒုက္ခရှာလို့ဗျာ၊ ကျွန်တော်အကိုက်အခဲပျောက်ဆေး



www.burmeseclassic.com

www.burmeseclassic.com



တွေ့သောက်ထားပြီပါပြီ၊ ဒါနဲ့ နွေနှင်းကော. . .”

သူ့မျက်ဝန်းတွေက နွေနှင်းကိုတွေ့ရနိုးဖြင့် ရှာဖွေနေမှန်းသိသာလှပါသည်။

“ဩော်. . . သူလား၊ ဟိုလေ ပင်ပန်းနေပြီဆိုပြီး နေရစ်ခဲ့တာ၊ အိမ်စည်က ဒေါက်တာ့ကိုစိတ်ပူလွန်းလို့ပြန်ထွက်လာခဲ့ရတာပါ”

အိမ်စည့်စကားကြောင့် သူ့မျက်နှာအမူအရာ တစ်မျိုးဖြစ်သွား၏။

“ကဲ . . . အိမ်စည့်ကိုခွင့်ပြုပါဦး ဒေါက်တာ၊ ကိုနေနီ . . . အိမ်စည်သွားမယ်နော်”

အိမ်စည်နှုတ်ဆက်ပြီး ကားပေါ်တက်၍မောင်းထွက်လာခဲ့သည်။ သူမအသွင်က တက်ကြွလန်းဆန်းနေသည်။

နွေနှင်းကိုမတွေ့ရသဖြင့် ရည်ရွယ်သူ့ရင်ထဲဟာနေသလိုခံစားနေရတာကိုတော့ အိမ်စည်က သိနိုင်လိမ့်မည်မဟုတ်ပါ။

အိမ်စည့်ရင်ထဲမှာတော့ သူမတစ်ယောက်တည်းကိုသာ ကျေးဇူးတင်ရန်ဖန်တီးခဲ့ရခြင်းကို ကျေနပ်မဆုံးဖြစ်နေမိသည်။

“အိမ်စည် . . . ပြန်လာပြီလား၊ ဘာဖြစ်လို့ တစ်





ယောက်တည်းထွက်သွားရတာလဲ”

အိမ်စည်ကားပေါ်မှဆင်းသည်နှင့် နွေနှင်းကလှမ်းမေးလိုက်သည်။

“ဒေါက်တာ့ကိုစိတ်ပူလို့ပါ နွေနှင်းရယ်၊ ရှင်ကရေမိုးချိုး အလှပြင်နေတော့ အချိန်ကြာဦးမှာပေါ့၊ ဒါကြောင့်ပါကွယ်၊ စိတ်မရှိနဲ့နော် . . . ဆိုးဆောရီး”

အိမ်စည်ကမြူးကြွနေသော အသံလေးဖြင့်ပြောရင်း အိမ်ထဲဝင်သွားတော့၏။

အိမ်စည်၏ထူးခြားနေသော အမူအရာကိုငေးကြည့်ရင်း နွေနှင်းရင်ထဲရှုပ်ထွေးနေမိလေသည်။

အိမ်စည် . . . အိမ်စည် . . .

နင့်ရင်ထဲဘာတွေဖြစ်နေသလိုဆိုတာ ငယ်ငယ်လေးကတည်းက ပေါင်းခဲ့တဲ့သူငယ်ချင်းမို့ ငါနားလည်ပါတယ်. . .

ဒါပေမယ့် . . . နင်ဒီလိုနည်းနဲ့တော့ ငါ့ကိုချန်ရစ်ထားသင့်ပါဘူး . . .



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၆)

နောက်တစ်နေ့နံနက်စောစောတွင် မြတ်စံနှင့်အ[...]
သူ့အိမ်သို့ သူမရောက်လာခဲ့သည်။

ထိုအချိန်တွင်အိမ်စည်ဈေးသွားနေ၍ မခေါ်တော[...]
သူမတို့ဘာသာထွက်လာခဲ့ခြင်းဖြစ်သည်။

သူမတို့ညီအစ်မနှစ်ဦးရောက်လာချိန်တွင် ခြံထဲ၌[...]
လောင်းနေသည့် နေနီကိုတွေ့လိုက်ကြရသည်။

"သြော် . . . မမြတ်စံတို့ပါလား၊ မနွေနှင်းလဲပါလ[...]
တာကိုး"





နေနီကသူမတို့ကိုမြင်တော့ ဆီးကြိုနှုတ်ဆက်လိုက်သည်။

"ဒေါက်တာသက်သာရဲ့လားလို့ ကျွန်မတို့လာကြည့်တာပါ၊ နွေနှင်းက စိုးရိမ်နေတယ်လေ"

"သက်သာပါတယ် မမြတ်စံ၊ မနေ့က မအိမ်စည်လာပို့တဲ့ဆေးလိမ်းပြီး အတော့်ကိုသက်သာသွားပါပြီ"

"အဲဒါ မမြတ်စံတို့အဘိုးဖော်တဲ့ဆေးလေ၊ မနေ့က ဘယ်သူ့ကိုမှမစောင့်ဘဲ အိမ်စည်တစ်ယောက်တည်းထွက်သွားလို့ မမတောင်သူ့ကို အပြစ်တင်ခဲ့သေးတယ်"

"သြော် . . . ဟုတ်လား၊ မနွေနှင်း ပါမလာလို့ ရှည်ရှယ်သူတောင် မေးနေသေးတယ်၊ ကဲ . . . ကဲ အိမ်ပေါ်တက်ကြ၊ ဧည့်ခန်းထဲကပက်လက်ကုလားထိုင်ပေါ်မှာ သူထိုင်နေတယ်"

သူကပက်လက်ကုလားထိုင်ပေါ်တွင်မှိန်းနေသည်။

"ဒေါက်တာဒဏ်ရာတွေသက်သာရဲ့လား"

မြတ်စံအသံကြားတော့ သူဖျတ်ခနဲ လန့်နိုးလာသည်။

"ဟင် . . . မမြတ်စံ၊ သြော် . . . နွေနှင်းလဲပါလာ



www.burmeseclassic.com

www.burmeseclassic.com



တာကိုး"

"ဟုတ်ကဲ့၊ ရှင်သက်သာရဲ့လားလို့ လာကြည့်တာပါ" ဟုနွေနှင်းကပြန်ပြောလိုက်သည်။

"ထိုင်ကြပါ၊ ကျွန်တော့်ကိုလာကြည့်ဖေါ်ရလို့ ကျေးဇူးပဲ"

နူးညံ့သောမျက်ဝန်းနှစ်စုံတို့ ဆုံစည်းသွားကြသည်။

တစ်ယောက်မျက်ဝန်းထဲတစ်ယောက် အဖြေရှာနေမိသည်မဟုတ်ပါလား . . .

မနေ့ကသူ့ကိုယ်ကြီးကို မနိုင်မနင်းထိန်းမတ်ပြီး တွဲယူ၍ခေါ်လာခဲ့ရသည့်အဖြစ်ကိုပြန်တွေးမိပြီး သူမရင်ထဲတွင် ရှိန်းခနဲ ခံစားလိုက်ရသည်။

မနေ့က ထူထူပူပူဖြင့် စိတ်လှုပ်ရှားရင်ခုန်ခွင့်မရခဲ့သော်လည်း ခုလိုတစိမ့်စိမ့်ပြန်တွေးမိချိန်မှာတော့ . . . နှစ်ဦးစလုံးရင်ခုန်နေမိတာအမှန်။

"နွေနှင်းနဲ့အိမ်စည်တို့ကို သိပ်ကျေးဇူးတင်တာပဲ နွေနှင်းရယ်၊ နွေနှင်းတို့နဲ့သာမတွေ့ရင် အဲဒီနားမှာဘယ်လောက်ကြာကြာ ကျွန်တော်လဲကျနေမိမယ်မသိဘူး"





ထိုစဉ် မြတ်စံက သစ်ခွမျိုးယူရန် သတိရပြီး ခြံထဲသို့ ချက်တရက်ဆင်းသွားသောကြောင့် သူနှင့်သူမနှစ်ဦးတည်း ကျန်ရစ်ခဲ့ကြသည်။

"နွေနှင်း"

သူမလက်ဖဝါးတစ်ဖက်ကို သူ့လက်ဖြင့်ရုတ်တရက်ဆုပ်ကိုင်ပြီး စိုက်ကြည့်နေသောကြောင့် သူမလန့်ဖျတ်သွားပြီး အသက်ရှူမမှန်လောက်အောင် လှုပ်ရှားတုန်ယင်သွားသည်။

"ရှင်ဘယ်လိုလုပ်လိုက်တာလဲ၊ ကျွန်မလက်ကိုလွှတ်ပါ"

"လက်ကလေးကိုကိုင်ထားခွင့်ပြုပါ၊ မြင်မြင်ချင်းကိုယ်သိပ်ချစ်မိတဲ့နွေနှင်းရယ် . . ."

"ရှင် . . ."

သူမလက်ကိုရုန်းရင်း စိတ်တိုစွာ သူ့လက်ကိုကြည့်လိုက်မိသည်။

သူမလက်ဖျားတွေအေးစက်နေသလို သူ့လက်တွေလည်းအေးစက်နေသည်။

"နွေနှင်းတို့ကို ကျေးဇူးတင်ပါတယ်"

"ကျေးဇူးရှင်ကို ဘာကြောင့်မရိုးသားတဲ့စကားတွေ

www.burmeseclassic.com

www.burmeseclassic.com



ပြောနေရတာလဲ၊ ရှင်ကကျွန်မကို အချစ်ငတ်နေတဲ့ သူငယ်နှပ်စားလေးများထင်နေသလား၊ ကျွန်မလက်ကို အခုလွှတ်၊ ကျွန်မပြန်တော့မယ်"

"မင်းကိုမြင်မြင်ချင်း ကိုယ်သိပ်ချစ်မိနေပြီ၊ ကိုယ်က ရင်ထဲမှာ အချိန်ကြာကြာသိုဝှက်မထားတတ်ဘူး၊ ပွင့်ပွင့်လင်းလင်းဖွင့်ပြောတတ်တဲ့စရိုက်မျိုးရှိတယ်"

ညင်သာသိမ်မွေ့သောသူ့အသံကို သူမသေသေချာချာဂရုတစိုက် နားထောင်နေမိသည်။

"မြင်မြင်ချင်းချစ်မိခဲ့တာတကယ်ပါနော် နွေနှင်း"

စကားဆုံးသည်နှင့်သူက သူမလက်ဖမိုးကိုငုံ့နမ်းလိုက်၏။

"အို . . ."

သူမ မျက်ဝန်းတွေရုတ်တရက်မှိတ်ပစ်လိုက်မိအောင် ရင်ထဲမှာ လှုပ်ခတ်သွားသည်။

"ကိုယ်က လွတ်လပ်တဲ့လူတစ်ယောက်ပါ၊ ဘယ်မိန်းကလေးနဲ့မှလဲ မငြိစွန်းသေးဘူး၊ နွေနှင်းမှာချစ်သူမရှိသေးဘူးဆိုရင် ကိုယ့်ကိုလက်ထပ်ခွင့်ပေးပါလား"

"ရှင်လောဘကြီးလှချည်လား ကိုဆရာဝန်ရယ်၊ ရှင်





ကျွန်မ တွေ့ကြတာ အချိန်တွေအလွန်စောပါသေးတယ်၊ ကျွန်မကိုပြန်ခွင့်ပြုပါဦး"

"မင်းကိုမြင်မိတဲ့အချိန်ကစပြီး အချိန်တိုင်း၊ စက္ကန့်တိုင်း မျက်နှာကိုပဲ မြင်ယောင်နေမိတယ်၊ အဲဒါစွဲလမ်းမှုတစ်ခုပဲ အချစ်ဆိုတဲ့အရာကို ကိုယ်နားလည်သွားပြီ"

"တော်ပြီ . . . ကျွန်မနားမထောင်ချင်တော့ဘူး၊ သွား ပြုပါတော့"

သူမလက်ကိုဆောင့်ရုန်းပြီး ပြေးထွက်လာခဲ့မိသည်။

ခြံထဲရောက်တော့ မျက်စိမျက်နှာပျက်နေသည့် သူမ မြတ်စံက အံ့သြစွာကြည့်ပြီး အကဲခတ်နေလေသည်။

"ပြန်ကြစို့ မမြတ်စံ"

"ခဏလေးနော် နွေနှင်း၊ ဟိုမှာ ကိုနေနီက ငါ့အတွက် ခွပန်းမျိုးတွေယူနေတယ်"

ဆယ်မိနစ်ခန့် ရပ်စောင့်နေရ၏။ နေနီသစ်ခွပန်းမျိုး လာခဲ့ပြီး ပေးလိုက်မှပင် သူမတို့နှစ်ယောက်အိမ်ပြန် ကြသည်။



www.burmeseclassic.com

# အခန်း(၇)

သူမတို့နှစ်ယောက် အိမ်ပြန်ရောက်လာကြသောအခါ မကျေမနပ်မျက်နှာဖြင့် ဧည့်ခန်းထဲတွင်ဆီးကြိုနေသည့် အိမ်စည့်ကို တွေ့လိုက်ကြရသည်။

"အိမ်စည့်ကိုမခေါ်ဘဲ ဘာဖြစ်လို့ထွက်သွားကြရတာလဲ နွေနှင်း၊ အိမ်စည်ဈေးကပြန်လာတဲ့ အချိန်လေးကိုတောင် မစောင့်နိုင်ကြတော့ဘူးလား"

အိမ်စည်ဆီး၍ပြောလိုက်သည်။

"ဟုတ်တယ်၊ အိမ်စည့်ကို တမင်မစောင့်တာ"

"ဘာဖြစ်လို့လဲ"



"ကိုယ်ချင်းစာတတ်အောင်ပေါ့၊ မနေ့တုန်းက နှင်လဲ ဒါကိုမစောင့်ဘဲ တစ်ယောက်တည်းထွက်သွားတာပဲ မဟုတ်ဘူးလား"

"ဩော် . . . ဒါဖြင့် တမင်ကလဲ့စားချေတာပေါ့ ဟုတ်လား၊ ကိစ္စမရှိဘူး၊ ရပါတယ်၊ အိမ်စည်မလိုက်ရလို့လဲ ဘာမှမဖြစ်ဘူး၊ အိမ်စည့်မှာလဲခြေထောက်ရှိတာပဲ၊ သူ့ဆီကို အချိန်မရွေးသွားနိုင်တယ်"

အိမ်စည်စိတ်ဆိုးနေပုံကိုကြည့်ပြီး မြတ်စံအံ့အားသင့်နေသည်။

အိမ်စည်က နွေနှင်းနှင့်သူငယ်တန်းမှစပြီး ပေါင်းလာသည့်သူငယ်ချင်းတွေမို့ တစ်ယောက်ကိုတစ်ယောက် အားနာကြပေ၊ စိတ်ထဲရှိသမျှ ပြောမနာဆိုမနာကြသူများဖြစ်သည်။

"နှင်ဘယ်လိုဖြစ်နေတာလဲ အိမ်စည်၊ တကယ်ဆို နှင်တစ်ယောက်စိတ်မဆိုးသင့်ဘူး၊ ဘာဖြစ်လို့ ဒီလောက်တောင်စိတ်ဆိုးနေရတာလဲ"

နွေနှင်းစကားကြောင့် အိမ်စည်က ပခုံးနှစ်ဖက်တွန့်ပြီး ပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ပွင့်ပွင့်လင်းလင်းပြောရင် နင်လက်ခံနားလည်ပေး
နိုင်မလား နွေနှင်း"

"ငါဘာကိုနားလည်ရမှာလဲ"

"အဲဒီလူကို အိမ်စည်ဆိုတဲ့ကျွန်မကမြင်မြင်ချင်း စိတ်
ဝင်စားနေမိတယ်ဆိုရင် ရှင်အပြစ်တင်မှာလား၊ ပြီးတော့ရှင့်
ရင်ထဲမှာ ဘယ်လိုခံစားရမှာလဲ"

"ဘာမှမခံစားရဘူး၊ ဒါပေမယ့်လောဘကြီးလွန်းတဲ့
နင့်ကိုတော့ အံ့သြမိတယ်"

"အိမ်စည်က ဘာလောဘကြီးလို့လဲ ပြောပါဦး"

"နင့်မှာရည်းစားတွေမှိုလိုပေါက်နေတဲ့ကြားက ဒီလူ
ကိုမြင်မြင်ချင်းစိတ်ဝင်စားတယ်ဆိုတာ လောဘမကြီးလွန်း
ဘူးလား"

"အဲဒီရည်းစားတွေကိုစိတ်မဝင်စားပါဘူး၊ ကိုယ်အ...
စိတ်ဝင်စားတဲ့လူက ဆရာဝန်တစ်ယောက်ပဲလေ၊ ပြီးတော့
သူကသန့်တယ်၊ ခန့်တယ်၊ သူ့ကို ကိုယ်ကြိုပြီးနံပါတ်ချိတ်လိုက်...
နွေနှင်းစိတ်ဝင်စားဖို့မကြိုးစားနဲ့တော့ ဒါပဲ"

အိမ်စည့်စကားကြောင့် နွေနှင်းရင်ထဲမှာမခံမရပ်နိုင်
ဖြစ်ပြီး ထောင်းခနဲဒေါသထွက်သွားသည်။





မြတ်စံလည်းအိမ်စည့်ကိုကြည့်ပြီး မယုံနိုင်လောက်
အောင်အံ့သြနေမိသည်မဟုတ်ပါလား . . .

"နင်ကငါ့ကိုတားဆီးပိုင်ခွင့်ရှိသလား"

"တားဆီးပိုင်ခွင့်မရှိပေမယ့် မင်းမှာမကြာခင်စေ့စပ်
တော့မယ့်ချစ်သူရှိနေတယ်မဟုတ်လား၊ မင်းရဲ့ချစ်သူက သူ
များတွေနဲ့မတူဘူးလေ၊ အင်မတန်အတ္တကြီးများပြီး မင်းကိုပိုင်
ဆိုင်ရယူမယ့် လူတစ်ယောက်ဖြစ်နေတယ်"

"ဒါတွေ နင်ဝေဖန်ဖို့မလိုပါဘူး အိမ်စည်၊ သူ့ကိုငါ
ဆက်ထပ်ဖို့ကိစ္စ စဉ်းစားနေတုန်းပဲ"

နွေနှင်းစကားကြောင့် အိမ်စည်အံ့သြတွေဝေသွား
သည်။ ပြီးမှ ဟက်ခနဲရယ်ချလိုက်၏။

"ဪ . . . ဒီလိုလား နွေနှင်းရယ်၊ မင်းဘက်က
သေချာပေမယ့် ကိုညီထွဋ်ဘက်ကတော့ ရာနှုန်းပြည့်သေ
ချာနေပြီ၊ သူဟာမင်းကိုပိုင်ဆိုင်ခွင့်မှမရရင် အသက်ပေးသွား
မယ့်ပုံစံပဲ၊ ဒါတောင်နွေနှင်းက တခြားလူတစ်ယောက်ကိုစိတ်
ဝင်စားချင်သေးလား"

သူမစကားကြောင့် နွေနှင်းရင်ထဲမခံရပ်နိုင်လောက်
အောင် ဆူဝေသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"တော်ပြီ . . . နင့်စကားတွေကိုရပ်လိုက်တော့ အိမ်စည်၊ နင့်စကားတွေဟာ ငါ့ရဲ့သိက္ခာကို တစ်စချင်းဖွဲ့ခြွေနေသလိုပဲ၊ နောက်ထပ်ငါမကြားချင်တော့ဘူး"

"ရှင်ဟာ မာန်မာနကြီးတဲ့ မိန်းမတစ်ယောက်မှန်း ကျွန်မနားလည်ပါတယ်၊ ဒါကြောင့် ကျွန်မစိတ်ဝင်စားနေပြီဖြစ်တဲ့ ဒေါက်တာရည်ရွှယ်သူကို ရှင်လုံးဝစိတ်မဝင်စားဘူးလို့ ကျွန်မမျှော်လင့်ပါတယ်နော်"

ခပ်ပြုံးပြုံးပြောနေသည့် အိမ်စည့်မျက်နှာကိုကြည့်ပြီး နွေနှင်းရွှံ့မုန်းသလို ခံစားလိုက်ရသည်မဟုတ်ပါလား . . .

ပွင့်လင်းရဲတင်းလွန်းသည့် အိမ်စည့်အပြောအဆိုများကြောင့် မြတ်စံပင်ဒေါသဖြစ်နေမိသည်။

သို့သော် အိမ်စည်သည် သူမ၏ညီမဝမ်းကွဲ နွေနှင်းနှင့် အတူပါလာသည့် ဧည့်သည်မို့ မြတ်စံဘာမှဝင်မပြောမိအောင် သည်းခံနေရသည်။

သူတို့နှစ်ဦးနားမှာ ကြာကြာဆက်ပြီးနေလျှင် တစ်ခုခု ဝင်ပြောမိမှာစိုး၍ မီးဖိုချောင်ဘက်သို့ရှောင်ထွက်လာခဲ့မိသည်။

နှစ်ယောက်တည်းကျန်ခဲ့မှပင် နွေနှင်းကအိမ်စည့်ကို မကျေမနပ်ကြည့်ရင်း ပြောလိုက်၏။



"တကယ်တော့ မင်းဟာတို့ခေါ်လာလို့ အတူပါလာတဲ့ဧည့်သည်ပါ၊ တို့သာမင်းကိုခေါ်မလာခဲ့ရင် ဒေါက်တာရည်ရွှယ်သူနဲ့မင်း ဆုံတွေ့ခွင့်ရခဲ့ကြမှာမဟုတ်ဘူး"

"အို . . . ဒါဖြင့် ရှင့်ကိုကျွန်မက ကျေးဇူးတင်နေရဦးမှာပေါ့ ဟုတ်လားနွေနှင်းရယ်၊ ဘာပဲဖြစ်ဖြစ် ဒါဟာရေစက်ပါလို့ဆုံတွေ့ရတာပဲ မဟုတ်လား၊ သည်ကနေ့ညနေ သူ့ကို သွားကြည့်မယ်၊ ရှင်လိုက်ဦးမလား"

"တို့ဒီနေ့သွားကြည့်ခဲ့ပြီးပြီ၊ ဒါကြောင့်မလိုက်တော့ဘူး၊ ဒါပဲ အိမ်စည် . . . ယောကျာ်းတစ်ယောက်အတွက်နဲ့ တို့သူငယ်ချင်းနှစ်ယောက် အခင်အမင်မပျက်စတမ်းနော်၊ တို့ မီးဖိုသွားပြီး မမြတ်စံကို ကူညီလိုက်ဦးမယ်"

စကားဆုံးသည်နှင့် မမြတ်စံရှိရာ မီးဖိုခန်းဆီသို့ သူမထွက်လာခဲ့သည်။

သို့သော် သူမရင်ထဲမှာတော့ ရှုပ်ထွေးနေမိ၏။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၈)

ထိုနေ့ညနေခင်းအချိန်တွင် အိမ်စည် သူ့ထံသို့ထွက်လာ ခဲ့၏။

နွေနှင်းက မြတ်စံတို့ဇနီးမောင်နှံနှင့်အတူ ဆေးဝယ် ရန် ကားဖြင့်ထွက်သွားကြသောကြောင့် အိမ်စည်တစ်ယောက် တည်း သူ့ထံသို့လမ်းလျှောက်ပြီး ထွက်လာခဲ့ရသည်။

အိမ်စည်ရောက်လာချိန်တွင် သူ VCD ကြည့်နေ သည်။

"ဟော. . . အိမ်စည်ပါလား၊ တစ်ယောက်တည်း လား"



သူက မြင်မြင်ချင်းလှမ်း၍ နှုတ်ဆက်လိုက်၏။

"တစ်ယောက်တည်းလာကြည့်လို့ရတယ် မဟုတ်လား အစ်ကိုဒေါက်တာ၊ ရှင်စားဖို့ လိမ္မော်သီးနဲ့သစ်တော်သီးတွေ ကျွန်မဝယ်လာခဲ့တယ်"

"ကျေးဇူးပါပဲဗျာ၊ ဒါပေမယ့် ကျွန်တော့်အတွက် နောက် ဘာမှဝယ်မလာခဲ့ပါနဲ့၊ အားနာလို့ပါ"

"အို. . . ဘာမှအပမ်းမကြီးပါဘူး၊ အစ်ကိုဒေါက်တာ အခြေအနေ ဘယ်လိုလဲ၊ မြင်းပေါ်က လိမ့်ကျပြီးရခဲ့တဲ့ ဒဏ်ရာ တွေအတော်သက်သာသွားပြီလား"

"သက်သာသွားပါပြီ"

"အစ်ကိုဒေါက်တာတို့ ဒီမြို့လေးကိုရောက်တာ ဘယ် လောက်ကြာပြီလဲဟင်၊ ဘယ်သူတွေ ချက်ပြုတ်ကျွေးသလဲ"

"ကျွန်တော်တို့က နှစ်ယောက်တည်းမဟုတ်ဘူး၊ ဒီအိမ် ရှင်ကြီးတော်ဒေါ်နန်းထွေးနဲ့အတူနေတာ၊ ဒေါ်နန်းထွေးက ကျွန်တော်တို့အတွက် နေ့စဉ်ထမင်းချက်ပေးတယ်၊ လိုအပ်တာ လေးတွေရှိရင်တော့ နေနီက ခုလိုပဲ ထွက်ဝယ်ပါတယ်"

"အိမ်စည်မေးတာကို အစ်ကိုဒေါက်တာ မဖြေရသေး

www.burmeseclassic.com

www.burmeseclassic.com



ဘူးနော်၊ အစ်ကိုတို့ ဒီမြို့ကလေးကိုရောက်လာတာ ဘယ်လောက်ကြာပြီလဲဟင်"

"နှစ်လလောက်ပဲ ရှိပါသေးတယ်၊ ကျွန်တော်တို့က နှစ်ယောက်လုံး ရန်ကုန်ကဆိုပါတော့၊ ခင်ဗျားတို့ကော. . . ရန်ကုန်က အလည်လာတာပဲလား"

"ဟုတ်ပါတယ်၊ ကျွန်မတို့နှစ်ယောက်က ငယ်သူငယ်ချင်းတွေလေ၊ Cosmetics ကုမ္ပဏီတစ်ခုကို နှစ်ယောက်အတူ စပ်တည်ထောင်ဖို့ စီစဉ်နေတယ်၊ နှစ်ယောက်လုံး Executive Director တွေဆိုပါတော့"

"ဟား. . . ဟား. . . ကိုယ့်ကုမ္ပဏီမှာ ကိုယ်ဒါရိုက်တာပြန်လုပ်နေတယ်ဆိုပါတော့၊ ကျွန်တော်လဲ ဆေးဆိုင်တစ်ခုဖွင့်ပြီး Executive Director လုပ်ရင်ဖြစ်တာပဲမဟုတ်လား"

သူနောက်လိုက်သောကြောင့် သူမနှုတ်ခမ်းစူသွားသည်။

"ဘာလဲ. . . ကျွန်တော်နောက်လိုက်လို့ စိတ်ဆိုးသွားပြီလား၊ ရန်ကုန်ရောက်မှ အိမ်စည်တို့နှစ်ယောက်ရဲ့ကုမ္ပဏီကို လာလည်ဦးမယ်၊ ယောက်ျားလေးတွေအတွက် Hair coat တို့



Hair cream တို့ရှိပါတယ်နော်"

"သိပ်ရှိတာပေါ့၊ အစ်ကိုသာဝယ်မယ်ဆိုရင် Discount နဲ့ပေးမယ်"

"နွေနှင်းက ရန်ကုန်ဘယ်နေရာမှာ နေတာလဲ အိမ်စည်ကကော. . ."

"အိမ်စည်ရဲ့ Visiting card အစ်ကို့ကို ပေးခဲ့မယ်၊ နွေနှင်းရဲ့ Address ကိုတော့ သူ့ဆီမှာပဲတောင်းပါ၊ အိမ်စည်က အစ်ကို့ကိုမြင်မြင်ချင်း သိပ်ခင်မင်နေမိပြီနော် ဒါပဲ၊ အိမ်စည့်ဆက်ပို့ပြီး နွေနှင်းကိုမခင်ရဘူး သိလား"

သူမစကားကြောင့် သူအံ့ဩသွားပြီး အိမ်စည့်ကို အကဲခတ်ကြည့်နေမိသည်။

"ဒါနဲ့ အစ်ကိုဒေါက်တာ့ဒဏ်ရာတွေ ဘယ်တော့လောက် လုံးဝဥဿုံပျောက်ကင်းသွားမှာလဲဟင်"

"အတော်ကောင်းနေပါပြီ အိမ်စည်ရဲ့၊ ဘာဖြစ်လို့မေးတာလဲ"

"အစ်ကိုနဲ့အတူ ပန်းခင်းတွေရှိတဲ့ဆီ ကားလျှောက်မောင်းချင်လို့ပါ၊ အိမ်စည်တို့စပြီး ဆုံတွေ့ခဲ့ကြတဲ့နေရာလေး

www.burmeseclassic.com

www.burmeseclassic.com



ကိုမှတ်မိသေးလား၊ အဲဒီနေ့က အစ်ကိုတို့မော်တော်ဆိုင်ကယ်ပျက်နေတာတွေ့ရတော့ အိမ်စည်သိပ်ကရုဏာဖြစ်မိတာပဲ ကားပေါ်ခေါ်ချင်ပေမယ့် နွေနှင်းကလုံးဝလက်မခံလို့ သည်အတိုင်းလစ်လျူရှုထားခဲ့ရတဲ့အတွက် စိတ်မကောင်းပါဘူး အဲဒီအကြောင်း ပြန်တွေးမိရင်း ရင်ထဲမှာခံစားရတယ်"

သူမမျက်နှာအမူအရာက တကယ်ပင်စိတ်ထိခိုက်ဝမ်းနည်းကြေကွဲနေဟန်များ ဖုံးလွှမ်းနေသည်မို့ သူနားမလည်နိုင်အောင်ဖြစ်နေမိသည်။

"ကိစ္စမရှိပါဘူး အိမ်စည်ရယ်၊ နွေနှင်းက ကိုယ်တို့ကိုယောက်ျားသားတွေဆိုပြီး တမင်ထားရစ်ခဲ့တာဆိုတော့ နားလည်ပေးရတာပေါ့"

"နွေနှင်းက မခေါ်ချင်တဲ့အကြောင်းတွေရှိနေတယ် အစ်ကိုဒေါက်တာရဲ့ သိလား"

နွေနှင်းအား သူစိတ်မဝင်စားစေရန် သူမအကြံထုတ်လိုက်သည်။

"ဘာအကြောင်းတွေများလဲ၊ ကျွန်တော်သိခွင့်ရှိရင် ပြောပြပါလား အိမ်စည်"



ရုတ်တရက်ပျာပျာသလဲမေးလိုက်သည့် သူ့အမူအရာကြောင့် အိမ်စည်ရင်ထဲစိုးရိမ်မကင်းဖြစ်သွားတော့၏။

ဒီလူ နွေနှင်းအပေါ်မှာ စိတ်များဝင်စားနေပြီလား.. သူကြည့်ရတာ ဂဏှာမငြိမ်ပျက်လောက်အောင် ပျာပျာသလဲဖြစ်နေပုံက တစ်မျိုးကြီးပဲ...

"နွေနှင်းမှာ..."

သူမစကားမဆုံးလိုက်ရ၊ နေနီအိမ်ပေါ်ပြေးတက်လာပြီး..."ဗျို့...ဆရာဝန်ရေ၊ ဒီမှာ ခင်ဗျားရောက်မလာလို့ဆိုပြီး လူနာတွေက ခင်ဗျားဆီလိုက်လာကြတယ်၊ ကဲ..လူနာတွေ ကြည့်ပေးလိုက်ပါဦး၊ လူနာက အဖျားအတော်ကြီးသတဲ့"

နေနီနှင့်အတူ အသက်သုံးဆယ်အရွယ်အမျိုးသမီးတစ်ဦး၊ အသက်ငါးဆယ်အရွယ်ယောက်ျားကြီးနှင့် မိန်းမကြီးတစ်ဦးတို့ပါလာကြသည်။

အသက်ငါးဆယ်ရွယ်အမျိုးသမီးကြီးမှာ အဖျားတက်နေပြီး သူ့ခင်ပွန်းဖြစ်သူနှင့် သမီးဖြစ်သူတို့က တစ်ဖက်တစ်ချက်စီတွဲလာကြ၏။

"ဪ...မအိမ်စည်ရောက်နေတာကိုး၊ ဆောရီးဗျာ၊

www.burmeseclassic.com

www.burmeseclassic.com



ညြှိသည်လူနာတွေရောက်လာတော့ စိတ်ရှုပ်သွားပြီထင်တယ်"

အရေးကောင်းမှ ဒိန်းဒေါင်းဖွက်ဆိုသလို လူနာများ ခေါ်လာသည့်နေနီကို ထရိုက်ချင်လောက်အောင် သူမရင်ထဲ မှာ ဒေါသဖြစ်နေမိသော်လည်း သွားပေါ်အောင် ဟန်ဆောင် ပြုံးလိုက်ပြီး . . .

"ဟင်း . . . ဟင်း . . . ဟင်း . . . ကိစ္စမရှိပါဘူး . ကိုနေနီရယ်၊ ဆရာဝန်ရှိရာ လူနာတွေရောက်လာတဲ့အဖြစ် မျိုးရှိတာပေါ့နော်၊ ကဲ . . . အိမ်စည့်ကို ပြန်ခွင့်ပြုပါဦး အစ် ကိုဒေါက်တာ၊ ဆက်ပြီးထိုင်နေရင် အလိုက်မသိရာကျမှာ စိုးလို့ပါနော်"

ဆက်ပြီးထိုင်နေရန် မသင့်တော်သဖြင့် နှုတ်ဆက်ပြီး ပြန်လာခဲ့ရသော်လည်း သူမပြောလိုသည့် စကားများကိုပြော ဆိုခွင့်မရခဲ့သောကြောင့် ရင်ထဲမှာ အားရကျေနပ်မှုမရှိဘဲ လိပ်ခဲတင်းလင်းဖြစ်နေမိသည်။

"အဟွန်း . . . ဟွန်း၊ မင်းဒီနေ့ ကံကောင်းသွားတယ် မှတ်လိုက်ပါ နွေနှင်းရယ် . . .

တကယ်တော့ မင်းနဲ့ကိုညီထွဋ်အကြောင်းကို သူ့ကို



အောင်တို့ပြောပြမလို့ပါပဲ။

ဒါပေမယ့် ပြောခွင့်မရလိုက်ဘူး . . .

မင်းရဲ့အချစ်သူရဲကောင်းကြီး ကိုညီထွဋ်အကြောင်း ကိုသာ သူသိအောင်ပြောခွင့်ရလိုက်မယ်ဆိုရင် မင်းကိုသူ ဘယ်လိုနည်းနဲ့မှ ချစ်ဝံ့တော့မှာမဟုတ်ဘူး . . .

ဝေးဝေးကရှောင်ပြီး ကျောခိုင်းသွားမှာ သေချာတယ်။

သူမတစ်ယောက်တည်း အားမလိုအားမရတွေးရင်း ခေါင်းငိုက်စိုက်ချ၍ လာရာလမ်းအတိုင်းပြန်လာခဲ့သည်။

● ● ●



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၉)

ထိုညလေးသည် လုပသာယာ၍ ရင်ခုန်ရသော ည
တစ်ညဟု ဆိုရပေမည်။

ချစ်ရန့်တို့ဖြင့် ထုံမွှမ်းသောညလည်းဖြစ်သည်။

ထိုနေ့ညက သူမသည် ပုန်းတလုတ်ကန်ဘက် လမ်း
လျှောက်ထွက်ပြီး ပြန်လာခဲ့ချိန်ဖြစ်၏။

အိမ်စည်က မြတ်စံတို့ဇနီးမောင်နှံနှင့်အတူ ရွှေဥမင်
လိုက်ဂူဘုရားဖူးရန် ပါသွားသည်။





သူမတစ်ယောက်တည်း ခြံထဲတွင်ထိုင်ပြီး နေကြာ၊
ဒေလီယာပန်းများကို ငေးကြည့်နေမိစဉ် သူမအနီးသို့ သူ
ရောက်လာခဲ့သည်။

"နွေနှင်း"

"ဟင်. . . ဒေါက်တာပါလား၊ ရှင်ဘယ်လိုရောက်
လာတာလဲ"

"နွေနှင်းကို တွေ့ချင်လို့ရောက်လာတာလေ"

"ရှင်နေကောင်းသွားပြီလား"

"နေကောင်းသွားပါပြီ နွေနှင်းရဲ့"

"ရှင့်ဆီကိုတောင် လူနာသတင်းမေးဖို့မရောက်တာ
အတော်ကြာပြီနော်"

"ဟုတ်တယ်၊ နွေနှင်းနဲ့မတွေ့ရတာ ရက်အတော်ကြာ
နေပြီ၊ ဒါကြောင့် ကိုယ်ရောက်လာခဲ့တာ၊ ဒီခုံတန်းလေးမှာ ပဲ
ကိုယ့်ကိုထိုင်ခွင့်ပြုပါလားဟင်"

သူက သူမထိုင်နေသည့် ခုံတန်းရှည်လေးပေါ်တွင်
ဝင်ထိုင်ရင်းပြောလိုက်ခြင်းပါ။

နွေနှင်းက သူ၏ရွှန်းစိုနက်မှောင်သော မျက်လုံးရွဲကြီး



www.burmeseclassic.com

www.burmeseclassic.com



များကိုကြည့်နေရာမှ ရင်ထဲလှိုက်ဖိုပြီး မျက်လွှာချလိုက်မိ၏။

“နွေနှင်းကို ကျွန်တော်သိပ်ချစ်မိတယ်၊ ကျွန်တော်တို့ ဆုံစည်းခဲ့ကြတဲ့အဖြစ်တွေက အိပ်မက်တစ်ခုလိုပဲနော်”

သူမရင်ထဲလှိုက်ဖိုရှက်ရွံ့ရင်ခုန်နေမိသည်မဟုတ်ပါ လား. . .

“ကိုယ်တို့နှစ်ဦးဆုံစည်းခဲ့ကြတဲ့အချိန်နဲ့ တိုင်းတာရင် ကိုယ့်အချစ်ဟာ သိပ်မြန်တယ်လို့ နွေနှင်းယူဆနိုင်ပေမယ့် ကိုယ့်အချစ်က အမြဲတမ်းစွဲမြဲခိုင်မာနေမှာပါ နွေနှင်းရယ်”

“ဟုတ်တယ်နော် ဒေါက်တာ၊ နွေနှင်းတို့ဆုံစည်းတဲ့ အချိန်က သိပ်စောလွန်းပါသေးတယ်”

“အချစ်ဆိုတာ အသက်အရွယ်၊ ဆင်းရဲချမ်းသာ အချိန်အတိုင်းအတာ ကန့်သတ်ချက်ရယ်လို့ မရှိပါဘူး နွေနှင်း ကိုယ့်အချစ်ကို နားလည်လက်ခံနိုင်ရင်ပြီးတာပါပဲ”

သူပြောရင်း သူမပခုံးနှစ်ဖက်ကို တင်းကျပ်စွာဆုပ် ကိုင်လိုက်သည်။

“ဖြေပါဦး နွေနှင်း၊ ကိုယ့်နှလုံးသားထဲမှာ ပထမဦးဆုံး ဖူးပွင့်လာတဲ့အချစ်ပန်းလေးကို နွေနှင်းပန်ဆင်မယ်မဟုတ်





လားဟင်”

သူ့စကားတွေကို မကြားတစ်ချက်ကြားတစ်ချက်ဖြစ် နေလောက်အောင် သူမစိတ်လှုပ်ရှားပြီး ရင်ခုန်နေမိသည်။

သူ့အသံသည်သာယာနူးညံ့ပြီး သူမနှလုံးသားကို နှစ် ခွန်းနေစေသည်။

“နွေနှင်းကို ယုယခွင့်၊ ကြင်နာခွင့်ရချင်တယ်”

သူ့မျက်နှာက သူမမျက်နှာနားထိကပ်လုနီးပါးဖြစ်လာ သောကြောင့် သူမရှုန်းထွက်လိုက်ရသည်။

သို့သော် သူကသူမ၏နက်မှောင်ထူထဲသော ဆံနွယ် များကိုအမိအရဆုပ်ကိုင်ထားပြီး သူမမျက်နှာလေးကို မော့ ထားစေသည်။

“ကိုယ်ပြောပါရစေဦး နွေနှင်းရယ်၊ နွေနှင်းနဲ့ဆုံတွေ့ ခဲ့ရတဲ့နေ့ကစပြီး ကိုယ့်စိတ်တွေထိန်းမနိုင်သိမ်းမရဖြစ်နေမိ တယ်၊ နွေနှင်းမျက်နှာလေးကိုမြင်ယောင်ပြီး ကြည်နူးနှစ်သိမ့် ခဲ့ရတယ်၊ ကိုယ့်ကို နွေနှင်းလက်ထပ်ခွင့်ပေးပါနော်”

သူမက သူ့လက်တွေကိုဆွဲဖယ်ပစ်နေရာမှ. . .

“ရှင်စကားကို သိက္ခာရှိရှိပြောပါ၊ ကျွန်မဆံပင်တွေ



www.burmeseclassic.com

www.burmeseclassic.com



နာလှပြီ သိလား၊ ရှုံးသလိုကြောင်သလိုမျက်နှာကြီးနဲ့ ကြောက်ဖို့ကောင်းလိုက်တာ”ဟု သူမစိတ်ဆိုးမာန်ဆိုး ရန်တွေ့လိုက်သည်။

“နွေနှင်းရဲ့ဆံကေသာတွေက လှလွန်းလို့ ကျက်သရေရှိလွန်းလို့ မြတ်နိုးစွာဆုပ်ကိုင်ထားမိတာပါ နွေနှင်းရယ်၊ ကိုယ့်အချစ်ကို လက်ခံပါနော်”

“မဖြစ်နိုင်ဘူး. . . မဖြစ်နိုင်ဘူး၊ ရှင်ထွက်သွားပါနော်”

သူက သူမကိုရင်ခွင်ထဲဆွဲဖက်ထားလိုက်သည်။

“ရှင်ပါးကောင်းလို့လက်ဝါးတောင်းနေတာလား၊ မဖြစ်နိုင်ဘူးလို့ပြောနေတာ ရှင်နားလည်ဖို့ကောင်းတယ်”

သူ့ကိုသူမတွန်းပစ်လိုက်ပြီး ထိုင်ရာမှ ထရပ်လိုက်သည်။

“ရှင့်မျက်နှာကိုမကြည့်ချင်တော့ဘူး၊ ရှင်အခုထွက်သွားပါ။ နောက်နောင် ကျွန်မကိုစကားပြောဖို့ ဘယ်တော့မှ မကြိုးစားနဲ့”

“ကိုယ့်ကို မယုံဘူးလား နွေနှင်း၊ ကိုယ့်အချစ်က အထင်မကြီးဘူးလား”





“ဟင့်အင်း. . . အထင်မကြီးဘူး”

“ကိုယ့်အချစ်ကို နွေနှင်းသံသယဝင်နေပုံရတယ်၊ ကို ကိုယ်တကယ်ချစ်တာပါ”

စိတ်အားထက်သန်စွာပြောနေသည့် သူ့အမူအရာကို ိုင်ရဲတော့သလို သူမမျက်လွှာချလိုက်သည်။

“ကိုယ့်ကိုအခွင့်အရေးသမားတစ်ယောက်လို့ အထင် ကြည်းနေပြီလား နွေနှင်းရယ်”

“ရှင်နဲ့ဘာစကားမှ မပြောချင်တော့ဘူး၊ ကျွန်မရှေ့က

စကားဆုံးသည်နှင့် သူမလှည့်ထွက်လိုက်သည်။

“နေပါဦး နွေနှင်း၊ ကိုယ့်ရင်ထဲက အချစ်တွေပေါက်ကွဲ တတ် ကိုယ်ခံစားနေရလို့ပါ”

သူမလက်မောင်းနှစ်ဖက်ကိုဆုပ်ကိုင်ပြီး သူမကိုယ် ကို သူ့ဘက်ဆွဲလှည့်လိုက်သောကြောင့် သူမမျက်ဝန်း ယ်သွားသည်။

အခက်တွေ့လှုပ်ရှားတုန်ယင်နေမိရာမှ. . .

“ရှင်ဒီလောက် မရိုင်းပါနဲ့”



www.burmeseclassic.com

www.burmeseclassic.com



"ရိုင်းပျတယ်လို့ မထင်ပါနဲ့ နွေနှင်း၊ နွေနှင်းအနား

တစ်သက်လုံးနေခွင့်ရချင်တယ်"

"ရှင့်ကိုပြောပြလိုက်မယ်၊ ကျွန်မကို ရှင်မေ့ပစ်လိုက်

"ဘာဖြစ်လို့လဲ နွေနှင်း"

"ရှင့်အချစ်ကိုလက်မခံနိုင်တဲ့အကြောင်းတွေ ကျွန်

အများကြီးရှိနေတယ်"

"ဘယ်လိုအကြောင်းမျိုးတွေလဲ နွေနှင်း၊ နွေနှ

ချစ်သူရှိသလား"

"ချစ်သူ ဟုတ်လား၊ ကျွန်မဘယ်လိုဖြေရမှာပါ

"ကိုယ်အသည်းကွဲရတော့မှာလား နွေနှင်း၊

ရှိတယ်လို့ မပြောလိုက်ပါနဲ့"

"မမြတ်စံတို့ ပြန်လာကြတော့မယ်၊ ရှင်ပြန်ပါ

"ချစ်တယ် နွေနှင်း၊ ကိုယ့်နှုတ်ကပြောနေတာ

ပိုပြီးချစ်နေမိပြီ"

"ကျွန်မကိုတကယ်ချစ်တယ်ဆိုရင် ရှင်ပြန်ပါ

"ကောင်းပါပြီ နွေနှင်း၊ ကိုယ်ပြန်ပါတော့မယ်"

သူခေါင်းငိုက်စိုက်ချပြီး လှည့်ထွက်သွားတော့



သူ့ကိုမျက်စိတစ်ဆုံးငေးကြည့်ပြီး သူမရင်ခုန်သံမြန်

သည်။

အိမ်ကလေးပေါ်သို့ပြေးတက်လာခဲ့မိသည်။

အိမ်ပေါ်ရောက်တော့ စိတ်လှုပ်ရှားမှုပြေပျောက်စေရန်

စက်ခလုတ်ကို နှိပ်လိုက်သည်။

ကက်စက်ထဲမှ သီချင်းသံကြောင့် သူမရင်ခုန်သံများပို၍

ဆန်သွားရသည်။





www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၀)

ပင်းဒယတွင်နေထိုင်ကြစဉ်ရက်များအတွင်း အိ[illegible] သည် မြင်းစီးတတ်ရန်လေ့ကျင့်ခဲ့၏။

သူမမြင်းစီးကျွမ်းကျင်လာသည့်အခါ အိုက်ပန်၏[illegible] ကိုယူ၍ ထွက်လာခဲ့သည်။

မြို့နှင့်ခပ်ဝေးဝေး အဝါရောင်နှမ်းပန်းစိုက်ခင်း[illegible] ရှိရာသို့ မြင်းကိုဦးတည်ပြီး စီးလာခဲ့သည်။





လွန်ခဲ့သည့်ဆယ့်ငါးရက်က ဒေါက်တာရည်ရွှယ်သူ မြင်းစီးရင်း လိမ့်ကျသွားသည့် တောင်ကုန်းဆင်ခြေလျှောအနီး သို့ ရောက်လာတော့ သူမမြင်းကိုရပ်နားလိုက်ပြီး သစ်ပင်တစ် ခင်တွင် မြင်းဇက်ကြိုးကို ချည်ထားလိုက်သည်။

သူမမျက်ဝန်းတွေက တစ်စုံတစ်ယောက်ကိုမျှော်နေ မိသည်မဟုတ်ပါလား. . .

မကြာခင်အချိန်ကလေးအတွင်းမှာပင် သူမရှိနေရာ ဘက်သို့ပြေးလာနေသော မြင်းခွာသံသဲ့သဲ့ကိုကြားလိုက်ရ သောကြောင့် သူမနှုတ်ခမ်းကိုကွေးနေအောင် ပြုံးလိုက်မိသည်။

ထိုမြင်းကြီး သူမအနီးမရောက်ခင် သူမကမြင်းပေါ် မှနေ၍ လက်ပြတားဆီးလိုက်၏။

သူမတားဆီးလိုက်သောကြောင့် မြင်းစီးလာသူက မြင်းဇက်ကြိုးကိုဆွဲပြီး ရပ်နားလိုက်သည်။

ထိုမြင်းကိုစီးလာသူမှာ ဒေါက်တာရည်ရွှယ်သူပင် ဖြစ်သည်။

"အစ်ကိုဒေါက်တာ. . . မနက်စောစော မြင်းစီးထွက် လာတာလား"



www.burmeseclassic.com

www.burmeseclassic.com



"အိမ်စည်ပါလား အိမ်စည်တစ်ယောက်တည်းလား"

သူ့အမေးကြောင့် အိမ်စည် နှုတ်ခမ်းစူပစ်လိုက် ပြီး . . .

"အို . . . အစ်ကိုဒေါက်တာကလဲ၊ အိမ်စည်တစ်ယောက်တည်းကိုတွေ့ရဲ့သားနဲ့ တစ်ယောက်တည်းပေါ့၊ အိမ်စည်ကလေ မနက်ဖက်မြင်းစီးထွက်တိုင်း ဒီနေရာလေးကို အမြဲတမ်းရောက်ရောက်လာမိတယ်၊ ဘာကြောင့်လဲ အစ်ကိုသိလားဟင်"

သူက အိမ်စည့်စကားကို နားမလည်သလိုစဉ်းစားနေ၏။ အိမ်စည်က တောင်ကုန်းဆင်ခြေလျှောဘက် မျက်လုံးလေးဝင့်ပြီး ငေးကြည့်လိုက်ရင်း . . .

"ဒီနေရာလေးမှာ အစ်ကိုဒေါက်တာ ဒဏ်ရာရသွားခဲ့တာကို သတိရလို့ပါ၊ ပြီးတော့ ရင်ထဲမှာ ထိခိုက်နေမိလို့ပါ၊ ဒီနေရာလေးကိုရောက်တိုင်း အဲဒီနေ့ကအဖြစ်လေးကို ပြန်သတိရမိတယ်"

"အဲဒီနေ့က အိမ်စည်တို့ နွေနှင်းတို့ကြောင့် ကိုယ်ကံကောင်းသွားတာပါ၊ အဲဒီအတွက် ကျေးဇူးတင်နေမိပါတယ်"

"သြော် . . . မေ့နေလိုက်တာ၊ ဒီမှာလေ . . . အစ်ကို





ဒေါက်တာ့အတွက် လက်ဆောင်"

အိမ်စည်ကယူဆောင်လာခဲ့သော ကျွတ်ကျွတ်အိတ်တစ်လုံးကိုလှမ်းပေးလိုက်သည်။

"ဘာများလဲ အိမ်စည်"

"ယုန်မွှေးဆွယ်တာလေးပါ အစ်ကိုဒေါက်တာ၊ မနေ့ နက်က ကလောဘက်ရောက်တာနဲ့ အစ်ကို့ကိုသတိရပြီး အိမ်စည်ဝယ်လာခဲ့တာပါ၊ ကံကောင်းချင်တော့ ဒီနေ့မနက် ဒီနေရာလေးမှာ အစ်ကိုနဲ့ဆုံခဲ့ရတယ်၊ အစ်ကိုဒေါက်တာနဲ့ ပတ်သက်ပြီး အားလုံးလိုလိုအမှတ်တရတွေချည်းဖြစ်နေတယ်နော်. . . တကယ်ပြောတာ"

ပြောရင်း မျက်လုံးလေးများ ရွှန်းမြလက်ဖျာနေသော အိမ်စည့်ကို သူနားမလည်နိုင်သလိုကြည့်နေမိသည်။

"အားနာစရာ အိမ်စည်ရယ်"

"အို . . . အားမနာပါနဲ့၊ အိမ်စည်က အစ်ကိုဒေါက်တာ ဝတ်စေချင်လွန်းလို့ တကူးတက ဝယ်လာခဲ့တာ၊ အိမ်စည့် စေတနာကို အသိအမှတ်ပြုရင် ယူရမယ်"

ပြောပြီး အိမ်စည်က ယုန်မွှေးဆွယ်တာလေးကိုဖြန့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



သူ့ပခုံးပေါ် အသာခြုံပေးလိုက်သည်။

"ကျေးဇူးတင်ပါတယ် အိမ်စည်"

အိမ်စည်က သူ့ကို ပြုံးပြီးကြည့်နေသည်။

"ဒီမြို့လေးက သိပ်သာယာတာပဲနော် အစ်ကိုဒေါ တာ၊ ဒီလိုသာယာလှပတဲ့မြို့လေးမှာ အစ်ကိုဒေါက်တာ ဆုံတွေ့ခွင့်ရခဲ့တာ သိပ်ကံကောင်းတာပဲ၊ ပြီးတော့ အရ ပျော်ရွှင်နေမိတယ်၊ အစ်ကိုဒေါက်တာကော. . . အိမ်စည် နဲ့ဆုံရတာ မပျော်ဘူးလားဟင်"

"ပျော်ပါတယ်၊ ဒါနဲ့ နွေနှင်းကော. . . အိမ်စည် ဘာလို့လိုက်မလာတာလဲ"

"ဪ. . . သူလား. . ."

နွေနှင်းအကြောင်းမေးနေသောကြောင့် ရင်ထဲတွ မခံမရပ်နိုင်လောက်အောင်ဖြစ်သွားမိပြီးမှ ဟန်ဆောင်ပြ လိုက်ပြီး. . .

"သူက မမြတ်စံတို့နဲ့ ပင်လောင်းဘက်သွားကြတ လေ၊ အိမ်စည်က ပျင်းတာနဲ့ ပြီးတော့ အစ်ကိုဒေါက်တာ လဲ သတိရနေမိတာနဲ့ ဒီဘက်ကို မြင်းစီးပြီးထွက်လာခဲ့တာ





"ဪ. . ."

"ဒါနဲ့ ကြုံတုန်း အစ်ကိုဒေါက်တာကိုပြောထားရဦးမယ်"

"ဘာများလဲ"

"နွေနှင်းအကြောင်းကိုပေါ့"

"ဟင်. . ."

"တကယ်တော့ နွေနှင်းမှာ. . . နွေနှင်းမှာ ချစ်သူရှိပြီးသားပါ။ အစ်ကိုဒေါက်တာ သိလိမ့်ဦးမယ်မထင်ဘူး၊ မိန်းကလေးအတော်များများက ဒီလိုပဲ၊ ချစ်သူရှိရင်လဲ ဖုံးကွယ်ထားတတ်ကြတယ်လေ"

အိမ်စည့်စကားကြောင့် ရည်ရွယ်သူဘာမှပြန်မပြောနိုင်လောက် တွေဝေငေးငိုင်သွားလေသည်။

"သူက သိပ်လျှို့ဝှက်တတ်တာ အစ်ကိုဒေါက်တာရဲ့၊ သူ့မှာ ချစ်သူရှိတဲ့အကြောင်း တချို့သူငယ်ချင်းတွေတောင် မသိကြဘူးလေ၊ သူ့ချစ်သူနာမည်က ကိုညီညီထွန်းတဲ့၊ သူ့ကို သိပ်ချစ်တာ၊ ပြီးတော့လေ. . . သိပ်လဲကြောက်ဖို့ကောင်းတယ်"

"ဟင်. . . သိပ်ကြောက်ဖို့ကောင်းတယ် ဟုတ်လား၊



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့လဲ”

“သူ့ကိုအရမ်းချစ်ပြီး အရမ်းသဝန်တိုတာလေ၊ သူ့နား ရစ်သီရစ်သီလုပ်တဲ့ကောင်လေးတွေဆိုရင် ကောင်းကောင်း lesson ပေးတတ်တာ၊ သူ့ကိုကြောက်လို့ တော်ရုံယောကျ်ား လေးတွေ နွေနှင်းနား မကပ်ရဲကြဘူးလေ”

“ဟုတ်လား”

သူ့အသံက အင်အားမရှိလှ။ သူ့မျက်နှာအမူအရာကို အကဲခတ်သလိုကြည့်ရင်း အိမ်စည်က ဆက်ပြောသည်။

“အင်း. . . တကယ်တော့ အချစ်ဆိုတဲ့အရာဟာ ဆန်းကြယ်ပါတယ်၊ သူတို့ချစ်နေကြတာ သုံးနှစ်လောက်ရှိပြီ လေ၊ သိပ်မကြာခင်မှာပဲ လက်ထပ်ကြတော့မှာ”

“ဒါဖြင့် နွေနှင်းမှာ. . . နွေနှင်းမှာ တကယ်ပဲချစ်သူရှိ နေတယ်ပေါ့”

အံ့ဩမယုံနိုင်သလို အမူအရာဖြင့် သူကမေးသည်။

“ဟုတ်ပါတယ် အစ်ကိုဒေါက်တာ၊ ဒါနဲ့ အစ်ကိုဒေါက် တာမှာကော ချစ်သူမရှိဘူးလားဟင်”

သူဘာမှပြန်မဖြေဘဲ သက်ပြင်းရှိုက်နေ၏။





“အိမ်စည်ကတော့လေ. . . အချစ်ဆိုတာကို အရင်က စိတ်မဝင်စားခဲ့မိပါဘူး၊ ဒါပေမယ့် ဒီမြို့လေးကိုရောက်မှ လူတစ်ယောက်ကို မထင်မှတ်ဘဲ မြင်မြင်ချင်းဆိုသလို ချစ်မိ သွားခဲ့တယ်”

“ဟုတ်လား”

“အဲဒီလူ ဘယ်သူလဲဆိုတာ အစ်ကိုဒေါက်တာ မသိ ဘူးလားဟင်”

သူက အိမ်စည့်အမေးကို ခေါင်းခါပြသည်။ အိမ်စည် က မပွင့်တပွင့်ရယ်မောလိုက်ပြီး. . .

“တစ်နေ့တော့ အစ်ကိုသိခွင့်ရမှာပါ အစ်ကိုရယ်. . . အိမ်စည်က နွေနှင်းလိုတော့ ဖုံးကွယ်ထားတတ်တဲ့သူမဟုတ် ပါဘူး၊ ကဲ. . . အိမ်စည်တို့ မြင်းစီးထွက်ကြရအောင်”

“ကောင်းပြီလေ”

သူနှင့်အိမ်စည် မြင်းစီးထွက်ခဲ့ကြပြီး တစ်နေရာ အရောက်တွင် လမ်းခွဲလိုက်ကြသည်။

“ဩော်. . . အစ်ကိုဒေါက်တာ”

အိမ်စည့်ခေါ်သံကြောင့် သူပြန်လှည့်ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟိုလေ . . . အိမ်စည်ပေးတဲ့ ယုန်မွှေးဆွယ်တာလေး ကို အမြဲတမ်း ခြုံထားရမယ်နော်"

သူက ခေါင်းအသာညိတ်ပြပြီး မြင်းစီး၍ထွက်သွား တော့၏။

အိမ်စည့်ရင်ထဲ ရှိန်းမြနွေးထွေးနေပြီး သူ့အကြောင်း တငိုင်ငိုင်တွေးရင်း ရင်ခုန်လှုပ်ရှားလျက် အိမ်ရှိရာသို့ မြင်းစီး၍ ပြန်လာခဲ့လေသည်။

❀ ❀ ❀

# အပိုင်း (သုံး)



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁)

ညဉ့်နက်ချိန်ရောက်နေပြီဖြစ်သော်လည်း နွေနှင်း အိပ်မပျော်နိုင်ပါ။

သူမသည် ညဝတ်အင်္ကျီရှည်အနက်ရောင်ကိုဝတ်ပြီး ခြံထဲသို့ ဆင်းလာခဲ့သည်။

ဆောင်းလေနှင့်အတူ နှင်းမှုန်နှင်းစက်များ ဝေ့ဝဲပြီး ရိုက်ခတ်လျက်ရှိသည်။

တစ်ခြံလုံး ချယ်ရီပင်ကြီးများ အုံ့ဆိုင်းနေပြီး အကိုင်း အပေါ်မှာ နှင်းစက်များ ခိုတွဲနေတာကို လရောင်ဖြင့်မြင်နေရ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ဆောင်းလေအေးများကြောင့် ချမ်းစိမ့်စိမ့်အရသာ ခံစားလိုက်ရ၏။

ထိုစဉ် မမြတ်စံခြံထဲပြေးဆင်းလာပြီး . .

"နွေနှင်း . . ဖုန်းလာနေတယ်၊ ရန်ကုန်ကတဲ့"ဟု အော် ပြောလိုက်သောကြောင့် သူမရပ်နေရာမှ အိမ်ထဲသို့ပြန်ဝင် လာခဲ့ပြီး တယ်လီဖုန်းရှိရာလျှောက်လာခဲ့သည်။

"ဟယ်လို"

ဖုန်းခွက်ကိုကောက်ကိုင်ပြီး နားထောင်လိုက်သည်။

"နွေနှင်း"

သူမအံ့သြပြီး မျက်မှောင်ကုတ်လိုက်မိ၏။

လုံးဝမမျှော်လင့်မထားသော သူ၏အသံကိုဖုန်းထဲမှ ကြားလိုက်ရသောကြောင့် အံ့သြနေမိခြင်းပါ။

"နွေနှင်း . ကိုယ့်အသံကို မှတ်မိတယ်မဟုတ်လား"

"ညဉ့်နက်သန်းခေါင် ဘာကိစ္စဖုန်းဆက်နေတာလဲ"

"နွေနှင်းကို သတိရလို့ပါ"

"ရှင်နဲ့ကျွန်မ ဘယ်လိုပတ်သက်မှုမှ မရှိတော့ဘူးလေ"





"ကိုကိုစိတ်မကောင်းပါဘူး နွေနှင်း"

"စိတ်မကောင်းဘူး ဟုတ်လား၊ ရှင်ပြောခဲ့တဲ့စကား တွေအတွက် စိတ်မကောင်းဖြစ်နေတာလား"

"ဟုတ်တယ်၊ ကိုယ်ပြောခဲ့တဲ့စကားတွေအတွက် စိတ်မကောင်းဖြစ်နေတာပါ"

သူပြောခဲ့သည့်စကားများကို ပြန်လည်ကြားယောင် ပြီး နွေနှင်းရင်ထဲနာကျင်နေမိသည်။

ထိုကိစ္စနှင့်ပတ်သက်၍ စိတ်ထိခိုက်ရလွန်းသဖြင့် သူမ ရန်ကုန်မှထွက်လာခဲ့ခြင်းပင်မဟုတ်ပါလား . .

စိတ်ပြေလက်ပျောက် ခရီးထွက်လာခြင်းဖြစ်သည်။

သို့သော် သူကသူမထံ အခုလိုဆက်သွယ်လာပြန်တော့ သည်။ နွေနှင်းဘယ်လိုနားလည်ရမှာပါလိမ့် . .

"နွေနှင်း . . ကိုကို့ကို စိတ်ဆိုးနေသလား၊ ကိုကို့ကို ခွင့်လွှတ်ပါ ချစ်လေးရယ်"

သူ့အသံက လှိုက်လှဲတုန်ယင်နေပြီး စိတ်ထိခိုက်နေမှန်း သိသာလှပါသည်။

"ဒီမှာ ရှင်ကျွန်မကို ဘာကြောင့် ဆက်သွယ်နေရတာ



www.burmeseclassic.com

www.burmeseclassic.com



လဲ၊ တကယ်ဆို ရှင်နဲ့ကျွန်မ ဘာမှပတ်သက်မှုမရှိကြတော့ဘူ
မဟုတ်လား”

“ပတ်သက်မှုမရှိတော့ဘူး ဟုတ်လား”

“ရှင်ပဲ ကျွန်မကိုလမ်းခွဲစကားပြောခဲ့တယ် မဟု
လား၊ ဒီမှာ ကိုညီထွဋ်၊ လွန်ခဲ့တဲ့တစ်လလောက်က ရှင် ကျွန်
ကိုပြောခဲ့တဲ့စကားတွေဟာ အကြောင်းနာတရားကင်းမဲ့ပြီး သ
ရက်စက်ခဲ့တယ်ဆိုတာ ရှင်ကိုယ်တိုင် နားလည်တယ် မဟု
လား”

“ကိုယ်တောင်းပန်ပါတယ် ချစ်လေးရယ်”

“ခုမှတောင်းပန်မနေနဲ့တော့၊ ရှင်ကိုယ်တိုင် လမ်း
ချင်တဲ့ဆန္ဒနဲ့ ရက်ရက်စက်စက်ပြောခဲ့တဲ့စကားတွေကြော
ကျွန်မရင်ထဲမှာ ဒဏ်ရာအနာတရခံစားနေရပြီ၊ ဘာအကြော
ပြချက်မှမရှိဘဲ ရှင်ကကျွန်မကိုလမ်းခွဲဖို့ ပြောခဲ့တယ်၊ ရှ
အမုန်းတွေနဲ့ ရှင်စွန့်ပစ်ခဲ့တဲ့အသည်းကွဲဇာတ်လမ်းဟာ ကျွန်
ဖူးသစ်စနုလုံးသားကို ကျိုးပဲ့ကြေမွသွား အောင် ရက်စက်ခဲ့တာ
မဟုတ်လား”

“မင်းကိုသိပ်လွမ်းလို့ ကိုယ်ဖုန်းဆက်ခဲ့တာပါ ချစ်လေ



ယ်၊ မင်းစိတ်ထိခိုက်အောင် ကိုယ်ပြောခဲ့မိတဲ့အတွက် ကိုယ်
တောင်းပန်ပါတယ်”

“ဒီလိုတောင်းပန်နေမယ့်အစား ရှင့်ရဲ့လမ်းခွဲစကား
တွေကို ပြန်ရုတ်သိမ်းပေးပါလား ကိုကို”

သူမစကားကြောင့် တစ်ဖက်မှ ရုတ်တရက် တိတ်ဆိတ်
ငြိမ်သက်သွားသည်။

သူဘာပြောလာလေမလဲ မျှော်လင့်ချက်ဖြင့် သူမ
အသက်မရှူမိဘဲ စောင့်စားနေမိသည်။

သို့သော် သူက သူမကြားချင်သည့်စကားကို လုံး၀
မပြောခဲ့ပေ။

“ကိုကို. . . ရှင်ဘာတစ်ခွန်းမှ မပြောနိုင်တော့ဘူး
လား”

“ငွတ်နိုက် ချစ်လေး. . . ငွတ်နိုက်၊ မင်းအသံလေး
ကြားလိုက်ရလို့ ကိုကိုကျေနပ်သွားပါပြီကွာ”

သူဆို့နစ်ကြေကွဲစွာပြောပြီး. . .

စကားဆုံးသည်နှင့် သူဖုန်းချသွားသည်။

သူဖုန်းချသွားသဖြင့် ခြံထဲသို့ပြန်ဆင်းလာမိသည်။

ဘာရဏီစာပေ

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ခြံထဲရှိခုံတန်းရှည်လေးပေါ်မှာ တစ်ယောက်တည်းထိုင်ပြီးကြိတ်၍ ရှိုက်ငိုနေမိသည်။

တကယ်တော့ ကိုကို(သို့မဟုတ်)ညီညီထွန်းနှင့်သူမတို့ ချစ်ခဲ့ကြသည့်အကြောင်းတွေကို ရုတ်တရက်မေ့ဖျောက်ပစ်ရန်မဖြစ်နိုင်ပါ။

အသည်းခွဲခံခဲ့ရသည့်သူမအဖြစ်တွေကို သူမ ဘယ်လိုမှမေ့ဖျောက်ပစ်၍ မရနိုင်သေးပါ။

အတိတ်ပုံရိပ်များက သူမရင်ထဲတိုးဝင်လာပြန်သည်။

ခရေပင်တန်းလမ်းတွင် လမ်းခွဲစကားအပြောခံခဲ့ရသောနေ့။

ထိုနေ့ညတွင် သူမသည် ညစာပင်မစားဖြစ်တော့ဘဲ အိပ်ရာထဲတွင်ခွေနေမိလျက် အသည်းနှလုံးတစ်ခုလုံးကြေကွဲစွာခံစားနေခဲ့ရသည်။

ညကိုးနာရီခန့်တွင် သီတာနွယ်က သူမထံဖုန်းဆက်ခဲ့၏။

"ဟယ်လို မနွေလား"

"ဟုတ်တယ် သီတာနွယ်"





"မနွေ ဘာဖြစ်နေလဲ၊ နေကောင်းရဲ့လား၊ မနွေအသံက ငိုသံပေါက်နေသလိုပဲနော်"

"ဘာကိစ္စ တို့ဆီဖုန်းဆက်နေတာလဲ သီတာနွယ်၊ မင်းမှာ ပြောစရာရှိရင် မြန်မြန်ပြော၊ တို့အိပ်ချင်ပြီ"

"ပြောရမှာ အားနာမိပါရဲ့ မနွေ၊ ဒါပေမယ့် မပြောမပြီး မတီးမမြည်ဆိုသလို ပြောမှမနွေသိမှာမို့ ပြောရတော့မှာပဲ"

"မင်းနိဒါန်းတွေကလဲ ရှည်လိုက်တာ၊ တို့စိတ်မရှည်တော့ဘူး သိလား"

"ဒါဖြင့် ခပ်ရှင်းရှင်းပဲပြောတော့မယ်နော် မနွေ၊ ကိုကိုညီထွန်းနဲ့ ကျွန်မချစ်နေကြတယ်ဆိုတာ မနွေသိပါတယ်နော်၊ ကိုကိုညီထွန်းနဲ့နွယ် မကြာခင်လက်ထပ်ကြတော့မယ် မနွေ"

"ဘာ"

သီတာနွယ့်စကားကြောင့် သူမအံ့သြမယုံနိုင်သလို စိတ်လန့်တုန်ယင်သွား၏။

"တကယ်ပြောတာပါ မနွေ၊ နွယ့်စကားကို မနွေမယုံဘူးလား"

"လုံးဝမယုံဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူမဒေါသဖြင့် အော်ပစ်လိုက်မိသည်။

"ယုံတာမယုံတာကတော့ မနွေအပိုင်းပါပဲ၊ နွယ်တို့က တော့ လက်ထပ်ကြတော့မယ်၊ ဒါကြောင့်လဲ ကိုကိုညီထွင့်က မနွေကိုအပြီးအပိုင် ဇာတ်လမ်းဖြတ်ခဲ့တာပေါ့"

နွယ့်အသံသည် သူမရင်ကိုနာကျင်ထိခိုက်သွားစေ၏။

"တော်စမ်း နွယ်၊ နင်ဘာမှဆက်မပြောရင်ကောင်း မယ်"

"ဆက်မပြောချင်ပါဘူး မနွေ၊ ဒါပေမယ့် ရှင်းရှင်း လင်းလင်းဖြစ်အောင် နွယ်ကပြောနေရတာပါ"

"ဒီလောက်ဆို ငါသဘောပေါက်ပြီ၊ နင်တို့ရဲ့ သစ္စာမဲ့ တဲ့ဇာတ်လမ်းကို ငါကောင်းကောင်းနားလည်သွားပါပြီ"

"အို. . . နွယ်တို့ဇာတ်လမ်းက စခဲ့တာကြာပါပြီ မနွေ ကိုကိုနဲ့နွယ်ချစ်နေကြတာ ကြာခဲ့ပါပြီ၊ သစ္စာမဲ့တဲ့ဇာတ်လမ်းလို့ မပြောပါနဲ့"

"တော်ပြီ သိတာနွယ်၊ နင့်အသံကို ငါမကြားချင်တော့ ဘူး"

ဖုန်းကိုပိတ်ပြီး နံရံကိုပစ်ပေါက်လိုက်မိ၏။ သူမ၏





ဘိုင်းလ်ဖုန်းလေး တစ်စစီကျိုးပဲ့သွားလေသည်။

သူမရင်ထဲမှာလည်း နှလုံးသားတွေအပိုင်းပိုင်း ကျိုးကြေ ပြီး ပြန်ဆက်၍မရလောက်အောင် နာကျင်ထိခိုက်လျက်ရှိ၏။

သိပ်ရက်စက်တယ် သိပ်ရက်စက်တယ် ကိုကိုရယ်. .

ရှင့်ကို သိပ်စိတ်နာတယ်၊ ရှင့်အပေါ် ကျွန်မချစ်ခဲ့၊ ယုံကြည်ခဲ့သလောက် ရှင်သစ္စာမဲ့ရက်ခဲ့တယ်. . .

ရင်ထဲတွင် နာကျင်ထိခိုက်လွန်းသဖြင့် မျက်ရည်များ အတားအဆီးမဲ့ စီးကျလာခဲ့လေသည်။

ထိုနာကျင်မှုန်းတီးဖွယ် အသည်းကွဲဇာတ်ကြောင်းများ ကို မေ့ပစ်နိုင်ရန် ရှမ်းပြည်နယ်ဘက်သို့ သူမအပန်းဖြေခရီး ထွက်လာခဲ့ခြင်းဖြစ်သည်။

ထိုညက ကိုကို့ထံမှဖုန်းလာပြီးနောက် ကိုကိုနှင့် ပတ် သက်ဆက်နွယ်ခဲ့သမျှအကြောင်းအရာများကိုတွေးရင်း တစ်ည လုံးသူမအိပ်မရနိုင်ဘဲ မိုးစင်စင်လင်းသွားခဲ့သည်။

တစ်ညလုံးမအိပ်ဘဲ ခြံထဲရှိခုံတန်းရှည်လေးပေါ်တွင် ငုတ်တုတ်ထိုင်နေခဲ့မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂)

နောက်တစ်နေ့နံနက်။

ပင်းဒယဈေးသို့ ရွှေအိမ်စည်တစ်ယောက်တည်း ထွက်လာခဲ့သည်။

ဈေးတွင်စားစရာအချို့နှင့်ဆေးအချို့ လိုက်ဝယ်နေရင်း ဒေါက်တာရည်ရွှယ်သူကို မထင်မှတ်စွာ တွေ့လိုက်ရ၏။

ဒေါက်တာရည်ရွှယ်သူက သူမကိုမမြင်။ ဆေးဆိုင်တွင် ဆေးအချို့ဝယ်နေသည်။





"အစ်ကိုဒေါက်တာ"

အိမ်စည်က သူ့အနီးတွင်သွားရပ်ပြီး သူ့ကိုနှုတ်ဆက်လိုက်သည်။

"ဟင်. . . အိမ်စည်ပါလား"

"ဒေါက်တာဆေးတွေ လာဝယ်တာထင်တယ်"

"ဟုတ်တယ်၊ ဒါနဲ့အိမ်စည်ကော. . . တစ်ယောက်တည်းလား"

"နွေနှင်းကော မပါဘူးလားလို့မေးဦးမလို့မဟုတ်လား"

အိမ်စည်နောက်လိုက်သောကြောင့် သူပြုံးနေ၏။

"နွေနှင်းဖျားနေတယ်လေ၊ အခု သူ့အတွက်အိမ်စည် ဆေးလာဝယ်တာပါ"

"ဟင်. . . သူဘာဖြစ်လို့ဖျားရတာလဲ"

"ညက အအေးမိသွားတယ်ထင်တာပဲ"

"ဟုတ်လား၊ ကျွန်တော်လိုက်ကြည့်ရင်ကောင်းမယ် ထင်တယ်"

"အို. . . လိုက်မကြည့်ပါနဲ့၊ သူသက်သာနေပါပြီ၊ ဒေါက်တာ့အလုပ်တွေပျက်နေပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ဒီမနက်အားပါတယ်၊ ဆိုင်ကယ်လဲပါလာခဲ့တယ် အခု လိုက်ခဲ့မယ်လေ"

နွေနှင်းကိုစိုးရိမ်ပူပန်ပြီး အားတက်သရောပြောနေသော ရည်ရွယ်သူ့ကိုကြည့်ပြီး အိမ်စည့်ရင်ထဲမသက်မသာ ဖြစ်သွား၏။

"လိုက်ကြည့်ချင်တယ်ဆိုရင်လဲ လိုက်ကြည့်ပေါ့ အစ်ကိုဒေါက်တာရယ်၊ အိမ်စည့်မှာလဲ ကားပါလာပါတယ်၊ အိမ်စည်နဲ့ တစ်ခါတည်း လိုက်ခဲ့ပါလား"

"ရပါတယ်ဗျာ၊ ကျွန်တော်ဆိုင်ကယ်နဲ့ပဲ သွားပါရစေ"

"ဒါဖြင့် ကောင်းပြီလေ အစ်ကိုဒေါက်တာ၊ သွားကြတာပေါ့၊ ဩော်. . . ဒါနဲ့ အစ်ကိုဒေါက်တာ မနက်စာစားပြီးပြီလားဟင်"

"ကိုယ်လား. . . မစားရသေးဘူး၊ ကိစ္စမရှိဘူး၊ ရပါတယ်"

"ဒါဆိုအတော်ပဲ၊ အိမ်စည်လဲမစားသေးဘူး၊ ဟိုနားက Tea house လေးမှာ အစ်ကိုဒေါက်တာနဲ့အိမ်စည် မနက်စာ အတူစားကြရအောင်နော်"





သူက သူမစကားကိုခေါင်းမညိတ်ဘဲ တွေဝေစဉ်းစားနေ၏။

"ဟို. . . နွေနှင်းဖျားနေတယ်ဆိုတော့. . ."

"နွေနှင်းက အအေးမိရုံလေးပါ အစ်ကိုဒေါက်တာရဲ့၊ မနက်စာမစားဘဲ နွေနှင်းကို စိတ်ပူဖောနဲ့ ဆေးသွားကုမှ အစ်ကိုဒေါက်တာအစာအိမ်ရောဂါရနေဦးမယ် အဟင်း၊ လာပါ. . . အစ်ကိုရဲ့၊ ပြီးရင် သွားကြတာပေါ့"

အိမ်စည်မရမကဆွဲခေါ်နေသောကြောင့် လက်ဖက်ရည်ဆိုင်ထဲသို့ သူလိုက်ပါလာခဲ့ရသည်။

လက်ဖက်ရည်ဆိုင်ထဲရောက်တော့ အိမ်စည်က သူမနှင့်သူ့အတွက် မုန့်နှင့်လက်ဖက်ရည်များမှာသည်။

"အစ်ကိုဒေါက်တာ ဒီမုန့်တွေစားတတ်ရဲ့လား မသိဘူး၊ အိမ်စည့်အကြိုက်တွေပဲမှာနေမိတယ်"

"ဘာပဲဖြစ်ဖြစ် ကိစ္စမရှိဘူး၊ ရပါတယ်"

"အစ်ကိုက ဆရာဝန်ဆိုတော့ နယ်လှည့်ပြီးဆေးကုနေရတယ်ထင်တယ်နော်၊ ဒါကြောင့် အစားမရွေးတာ ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ဘာနဲ့ပဲဖြစ်ဖြစ် စားတတ်နေတတ်အောင် ကြိုးစားထားတယ်၊ အားလုံးနဲ့လိုက်လျောညီထွေဖြစ်အောင် လို့ပေါ့"

"အဟင်း . . . ဟင်း၊ အစ်ကိုက သိပ်ချီးကျူးဖို့ကောင်း တာပဲ၊ ဆေးကုတာလဲ တော်တယ်၊ ပေါင်းသင်းဆက်ဆံရေး လဲကောင်းတယ်၊ ရုပ်ရည်လဲ ခန့်ညားချောမောတယ်"

"သိပ်မမြှောက်ပါနဲ့ဗျာ၊ ကျသင့်ငွေကို ကျွန်တော် ရှင်းမှာ ပါ"

သူက အိမ်စည့်ကိုပြန်နောက်လိုက်၏။

"အို . . . အဲဒီသဘောမျိုးနဲ့ပြောတာမဟုတ်ပါဘူး"

"နောက်တာပါဗျာ၊ ကဲ . . . အချိန်မစောတော့ဘူး နွေနှင်းကိုသွားကြည့်ကြရအောင်"

"အို . . . အစ်ကိုကလဲ လောလိုက်တာ၊ဖြည်းဖြည်းပေါ့ ဩော် . . . အစ်ကိုဒေါက်တာ့ကိုမေးရဦးမယ်၊ အိမ်စည် ပေးထား တဲ့ သိုးမွေးဆွယ်တာလေးကောဟင် . . . ဒေါက်တာ မဝတ်ရ သေးဘူးလား"

"ဩော် . . . ဟုတ်သားပဲ၊ မဝတ်ဖြစ်သေးဘူးဖြစ်နေ





တယ်"

"အို . . . အစ်ကိုဒေါက်တာကလဲ၊ အိမ်စည်က ဝတ် စေချင်လို့လက်ဆောင်ပေးတဲ့ဟာကို၊ နောက်တစ်ခါ အိမ်စည် တို့အိမ်ကိုလာလည်ရင် အဲဒီဆွယ်တာလေး ဝတ်လာခဲ့ရမယ် နော်၊ ဒါပဲ"

"ကောင်းပါပြီဗျာ"

လက်ဖက်ရည်နှင့်မုန့်များကို စားသောက်ပြီးသော အခါ အိမ်စည်ကကားဖြင့် ရည်ရွယ်သူက ဆိုင်ကယ်ဖြင့် ဒေါ်နန်း မြတ်စံတို့အိမ်ရှိရာသို့ လာခဲ့ကြ၏။

အိမ်ရောက်တော့ မမြတ်စံက ဒေါက်တာရည်ရွယ်သူ ကိုမြင်သောအခါ တအံ့တဩဖြစ်သွားလေသည်။

"ဟင် . . . ဒေါက်တာပါလား၊ အိမ်စည်နဲ့ဘယ်မှာ တွေ့ခဲ့ကြသလဲ"

"ဈေးထဲမှာပါ မမြတ်စံ၊ ဒေါက်တာက နွေနှင်းနေမ ကောင်းဘူးဆိုလို့ လိုက်လာခဲ့တာလေ"ဟု အိမ်စည်ကပြောလိုက် လေသည်။

"ဩော် . . . ဟုတ်လား၊ ကြွပါ ဆရာ . . . ကြွပါ၊



www.burmeseclassic.com

www.burmeseclassic.com



နွေနှင်းက အပေါ်ထပ်က အိပ်ခန်းထဲမှာပါ"

နွေနှင်းရှိရာအခန်းသို့ ဒေါက်တာ့ကိုမြတ်စံက ရှေ့မှ ဦးဆောင်ပြီးခေါ်သွား၏။

နွေနှင်းက အခန်းတစ်ခန်းထဲရှိခုတင်တစ်လုံးပေါ်တွင် လဲလျောင်းနေသည်။

"နွေနှင်းရေ. . . ဒေါက်တာလာကြည့်တယ်"

မမြတ်စံအသံကြောင့် နွေနှင်းမှိန်းနေရာမှ မျက်လုံး အသာဖွင့်ကြည့်သည်။ ဒေါက်တာရည်ရွယ်သူကိုမြင်တော့ လှဲနေရာမှ ထရန်ဟန်ပြင်လိုက်သောကြောင့် ရည်ရွယ်သူ တားဆီးလိုက်၏။

"သက်သာသလိုနေပါ နွေနှင်း၊ ကျွန်တော့်ကိုဘာ အားနာဖို့မလိုပါဘူး၊ နွေနှင်းဖျားနေတယ်ဆိုလို့လာကြည့်တာ"

သူက နွေနှင်းအနီးလျှောက်လာရင်းပြောသည်။

"ဟုတ်တယ် နွေနှင်း၊ တို့နဲ့အစ်ကိုဒေါက်တာ ဈေး ကဆေးဆိုင်မှာတွေ့လာခဲ့ကြတာလေ၊ နွေနှင်းနေမကောင်း တဲ့အကြောင်း တို့ပြောပြလိုက်လို့ ဒေါက်တာက လိုက်လာတာ"

သူကနွေနှင်းခုတင်ဘေးရှိခုံတွင် အသာဝင်ထိုင်ပြီး

ဆေးအိတ်ကိုဖွင့်၍ နားကျပ်ကိုယူထုတ်လိုက်သည်။ ပြီးတော့ သူမကိုစမ်းသပ်ပေးသည်။

သူမနဖူးပြင်ကို သူ့လက်ဖြင့်အသာစမ်းသပ်လိုက်၏။

"အဖျားသိပ်မကြီးပေမယ့် အအေးအတော်မိသွားပုံပဲ၊ ညဘက်အနွေးထည်ဝတ်မအိတ်ဘူးထင်တယ်"

"ဟုတ်ကဲ့"

"ရော့. . . ဒီဆေးလေးတွေပေးခဲ့မယ်၊ တစ်နေ့သုံး ကြိမ်သောက်ရမယ်၊ နွေနှင်းမျက်နှာလဲချောင်နေပါလား၊ အိပ်ရေး ဝဘူးထင်တယ်၊ အိပ်ရေးဝအောင်အိပ်ရမယ်နော်၊ ဒါမှ အားရှိ မှာ၊ အအေးမိလဲမခံနဲ့"

"သူက ညညဆိုအတွေးတွေလွန်ပြီး မအိပ်ဘူးလေ အစ်ကိုဒေါက်တာရဲ့၊ ဒါကြောင့် အအေးမိပြီး ဖျားတာပေါ့"

အိမ်စည်က အခွင့်ရေးရတုန်း တွန်းလိုက်၏။

"ဟုတ်လား. . . ဘာတွေများတွေးနေလို့လဲ"

"သူက ညညဆို ဟိုလေ. . ."

"အိမ်စည်"

အိမ်စည့်ကို နွေနှင်းကဟန့်တားလိုက်၏။





www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . . နွေနှင်း၊ ကျွန်တော်ပြန်တော့မယ်"

"ကျေးဇူးတင်ပါတယ် ဒေါက်တာ"

"ရပါတယ်ဗျာ၊ ကိစ္စမရှိပါဘူး"

"ဟော့. . . နွေနှင်း၊ တို့ကိုလဲ ကျေးဇူးတင်ရမယ်နော် တို့က အစ်ကို့ကိုခေါ်လာပေးရတာ၊ အဲလေ ပင့်လာခဲ့ရတာ"

နွေနှင်းက ဘာမှပြန်မပြောပေ။

"ကျွန်တော်နောက်နေ့မှ နွေနှင်းကိုလာကြည့်ပါဦးမယ် မမြတ်စံ. . . ကျွန်တော့်ကိုခွင့်ပြုပါဦးနော်"

အိမ်စည်က သူ့ဆေးသေတ္တာကိုဆွဲပြီး သူ့နောက် လိုက်သွား၏။

"ရော့. . . အစ်ကိုဒေါက်တာ၊ မနက်ဖြန်ရော လာ မှာလားဟင်"

အိမ်စည်က သူ့အတက်ချီကေ့(စ်)ကိုလှမ်းပေး ပြောလိုက်၏။

"လာဖြစ်မယ်ထင်တာပဲ၊ အရေးကြီးလူနာမရှိရင်

"နောက်မှအေးအေးဆေးဆေး ပြောပြရဦးမ နွေနှင်းရဲ့အိပ်မရတဲ့ညများအကြောင်းပေါ့"





"ဘာများလဲ အိမ်စည်"

"စိတ်ဝင်စားလို့လား ဒေါက်တာ၊ ပြောရရင် အရှည် ကြီးပဲ၊ နောက်နေ့မှပေါ့"

"ကောင်းပြီလေ၊ ကဲ. . . ကျွန်တော်ပြန်ဦးမယ်"

"တာ့တာ. . . မနက်ဖြန်ကျရင် အိမ်စည်တို့အိမ်မှာပဲ နေ့လယ်စာစားရမယ်နော်၊ အစ်ကိုဒေါက်တာ့အတွက် ဟင်း ကောင်းကောင်းချက်ထားပေးမယ်"

"အားနာစရာဗျာ"

"အားမနာရဘူး၊ အိမ်စည့်စေတနာကို အသိအမှတ် ပြုရမယ်၊ ဒါပဲ"

သူက ခေါင်းညိတ်ပြပြီး ဆိုင်ကယ်မောင်း၍ ထွက် သွား၏။

သူ့ကိုမျက်စိတစ်ဆုံးငေးမောရင်း ကျန်ရစ်ခဲ့သူက အိမ်စည်ပင်မဟုတ်ပါလား. . .



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃)

နောက်ရက်များတွင် နွေနှင်းတို့အိမ်သို့ ဒေါက် ရည်ရွယ်သူမကြာခဏရောက်လာတတ်၏။

ဒေါက်တာရည်ရွယ်သူက နွေနှင်းထံသို့လာခဲ့ ဖြစ်သော်လည်း တကယ်တမ်းမှာတော့ နွေနှင်းနှင့်စကား ခွင့်သိပ်မရခဲ့ဘဲ အိမ်စည်နှင့်သာပို၍ရင်းနှီးခဲ့ရ၏။

နွေနှင်းက သူနှင့်ရောရောနှောနှောစကားပြော ခြင်းမရှိဘဲ အိမ်စည်ကသာသူနှင့်စကားပြောလိုက်၊ မုန့် ကျွေးလိုက်၊ ထမင်းကျွေးလိုက်နှင့် အပျော်လွန်လျက်ရှိသ

နွေနှင်းကိုအကြောင်းပြု၍ ရည်ရွယ်သူ အိမ်သို့ ခဏရောက်လာခြင်းကို အိမ်စည်ကျေနပ်မဆုံးရှိနေ၏။



"နွေနှင်းက နေကောင်းနေပြီပဲ အိမ်စည်ရယ်၊ ဒေါက် ကို နေ့တိုင်းလာစကြည့်ခိုင်းပါနဲ့တော့"

မမြတ်စံက အားနာသလိုပြောတာကို အိမ်စည်က

"အို. . . ဒေါက်တာအိမ်ကိုခဏခဏလာလည်တာ ဖြစ်လို့လဲ မမြတ်စံရဲ့၊ ဒေါက်တာနဲ့ရင်းနှီးရတာ အရှုံးမရှိ ဘူး"

"ဒါပေမယ့် အားနာစရာကောင်းနေပြီလေ"

"အိမ်စည်တော့ အားမနာပေါင်၊ ဒေါက်တာက လူနာ ည့်ရုံသက်သက်မဟုတ်ပါဘူး၊ အိမ်စည်တို့နဲ့ စကားလက် ကျနေတာလဲ ပါပါတယ်"

"ဒါဖြင့်လဲ ပြီးတာပါပဲ"

မမြတ်စံ အပြိုင်အဆိုင်မပြောလိုတော့သဖြင့် နောက် ီးဖိုချောင်ထဲသို့ဝင်သွား၏။

"မမြတ်စံပြောတာ မှန်တယ် အိမ်စည်၊ ဒေါက်တာ နေ့တိုင်းလာနေတာ ခုဆို တစ်ပတ်လောက်တောင်ရှိပြီ၊ လုပ်ပျက်နေမှာပေါ့"

နွေနှင်းက အိမ်ပေါ်မှဆင်းလာရင်း ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"အမလေး နွေနှင်းရယ်၊ ရှင့်ကို ဆေးခန်းမသွားရဘဲ နေ့တိုင်းလာကြည့်ပေးအောင် ကျွန်မကာစီစဉ်ပေးတာ ရှင်ဗ ကျေးဇူးတောင်တင်ရဦးမှာ"

"တင်ပါတယ် အိမ်စည်ရယ်၊ တင်ပါတယ်"

"ဒါဖြင့်လဲ ဘာမှပြောမနေနဲ့၊ ဒါနဲ့ အခုနွေနှင်းဏ ဘယ်သွားမလို့လဲ၊ အဝတ်သစ်အစားသစ်တွေဝတ်လို့ပါလား"

"ကလောဘက်ကားလျှောက်မောင်းမလို့ပါ၊ အိမ်ထ မှာနေရတာကြာပြီဆိုတော့ ငြီးငွေ့လို့၊ အပြင်ခဏထွက်မလို့"

"တို့လဲအပြင်ထွက်မလို့ပါပဲ၊ ဒါပေမယ့် တို့က မုန်း လုတ်ကန်ဘက်သွားလည်မှာ ၊ နင်လိုက်ဦးမလား"

"မလိုက်တော့ဘူး"

"ဒါဖြင့် ငါတို့တစ်ယောက်တစ်လမ်းဆီနဲ့ကားကို ဘ သူယူသွားမှာလဲ"

"နင်သွားချင်တဲ့ဆီငါလိုက်ပို့ပေးခဲ့မှာပေါ့"

"နေပါစေတော့၊ ငါ့ဘာသာငါပဲ သွားတော့မယ်"

ပြောပြီး အိမ်စည်ကစိတ်ဆိုးသလိုထွက်သွားတေ သူမစိတ်မကောင်းဖြစ်သွားမိ၏။





နောက်နေ့ကျရင်တော့ သူ့ကိုကားပေးလိုက်ပါမယ် လေ. . .

သူမတစ်ယောက်တည်း ကားမောင်းထွက်လာခဲ့ သည်။ ပြီးတော့ ချယ်ရီပင်နှင့် ထင်းရှူးပင်တန်းများရှိရာဘက် ရောက်တော့ ကားရပ်လိုက်၏။

ကားပေါ်မှဆင်းလာခဲ့ပြီး အရိပ်ကောင်းသည့် ထင်း ရှူးပင်တန်းတစ်နေရာအောက်ရှိ ထိုင်ခုံလေးတစ်ခုံတွင် ထိုင် နေမိသည်။

သူမအတွေးထဲတွင် ကိုကို့ပုံရိပ်များပေါ်လွင်ထင်ဟပ် လာပြန်သည်မဟုတ်ပါလား. . . .

*** "နွေနှင်းကို အသက်နဲ့ထပ်တူချစ်တယ်၊ မယုံရင် ကိုယ့်ရင်ကိုခွဲကြည့်ပါလား. . ."

*** "ချစ်လေးကလွဲပြီး ဘယ်မိန်းမကိုမှ ကိုယ်မချစ်ပါဘူး၊ စိတ်ချပါ၊ တစ်မိုးအောက် တစ်ယောက်ပါပဲ"

*** "ဖူးစာရှင်အမှန်ဆိုရင် နွေနှင်းဆိုတဲ့ကောင်မလေးရဲ့ နဖူးလေးကို နမ်းခွင့်ပြုပါလား"

ကိုကို့စကားသံတွေကို ပြန်လည်ကြားယောင်နေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



သူမရင်ထဲမှာ ကိုကိုနဲ့ပတ်သက်သမျှ ရင်ခုန်လှုပ်ရှား မောဖွယ်၊ တမ်းတဖွယ်၊ နာကျင်ကြေကွဲဖွယ်များအားလုံး အမှတ်ထင်ထင်ရှိနေသေးသည်မဟုတ်ပါလား. . .

အတိတ်အကြောင်းအရာများကို မေ့ပစ်ချင်သော် လည်း နှလုံးသားက အမြဲသတိတရရှိနေတာ ဘာကြောင့်များ လဲကွယ်. . .

သူမအတွေးထဲနစ်မြောနေစဉ် သူမကျောနောက်မှ ခြေသံသဲ့သဲ့ကိုကြားရ၏။

"နွေနှင်း"

ခေါ်သံကြောင့် နောက်ကိုသူမလှည့်ကြည့်လိုက်မိ သည်။

"ဟင်. . . ဒေါက်တာ"

"နွေနှင်း ဒီမှာတစ်ယောက်တည်းထိုင်ပြီး ဘာလုပ် နေတာလဲ၊ ကိုယ် ကလောဘက်ကပြန်လာတုန်း နွေနှင်းရဲ့ကား လေးရပ်ထားတာတွေ့လိုက်လို့ နွေနှင်းကိုတွေ့ရမလားဆိုပြီး ဒီထင်းရှူးပင်တန်းထဲဝင်လာခဲ့တာပါ"

သူက နွေနှင်းရှေ့မှာလာရပ်ပြီး နွေနှင်းမျက်နှာလေး





ကိုငုံ့ကြည့်နေသောကြောင့် သူမခေါင်းငုံ့ထားလိုက်မိသည်။

"ဟင်. . . နွေနှင်း၊ ငိုနေတာလားဟင်"

ခုနက သူမတစ်ယောက်တည်းငေးငိုင်ပြီး မျက်ရည် ဝဲနေမိသည့်အဖြစ်ကို သတိရမိသွားပြီး မျက်တောင်များပုတ် ခတ်ကာ သူမမျက်ရည်များကို သူ မမြင်နိုင်စေရန် ဖုံးကွယ်နေ မိ၏။

"ဘာဖြစ်လို့လဲဟင် နွေနှင်း၊ ကိုယ့်ကိုပြောပြပါဦး"

သူကမေးတော့ သူမခေါင်းခါနေမိသည်။

"မဟုတ်သေးဘူး၊ နွေနှင်းတစ်ခုခုဖြစ်နေပါတယ်၊ ကိုယ့်ကိုပြောပြပါလားဟင်"

သူက သူမဘေးတွင်ဝင်ထိုင်လိုက်ပြီး သူမပခုံးနှစ်ဖက် ကို အသာဆုပ်ကိုင်ကာ မေးသည်။

"အို. . . လွှတ်ပါ၊ ကျွန်မပြန်ပါရစေတော့"

သူ့လက်တွေကို ပုတ်ထုတ်ရင်း သူမပြောသည်။ သို့ သော် သူကမလွှတ်။

"ကိုယ်မေးတာကို ဖြေပါ နွေနှင်း၊ ကိုယ်မေးတာကို မဖြေရင် မင်းကိုကိုယ်ပြန်ခွင့်မပြုနိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မဘာဖြေရမှာလဲ"

"မင်းတစ်ယောက်တည်းငိုနေတာ ဘာကြောင့်လဲ မင်းရင်ထဲမှာ ဘယ်လိုဝမ်းနည်းထိခိုက်စရာတွေ ခံစားနေရသလဲ၊ ကိုယ်သိခွင့်မရှိဘူးလား"

သူက အတင်းမေးတော့ သူမခေါင်းခါယမ်းလိုက်ပြီး

"မရှိဘူး"

"ဘာဖြစ်လို့လဲ နွေနှင်းရယ်၊ ကိုယ်က မင်းကိုအသည်းနှင့်အောင်ချစ်နေမိတဲ့သူပါ။ မင်းခံစားနေရတာတွေကို ကိုယ်မကြည့်ရက်နိုင်ဘူး"

"ရှင်နဲ့ဘာဆိုင်လို့လဲ၊ ရှင့်ကိုဘာမှပြောမပြချင်ဘူး ကျွန်မပြန်ပါရစေ"

ထင်းရှူးပင်တန်းများကြားတွင် သူနှင့်နှစ်ယောက်တည်း ရှိနေရသည့်အဖြစ်ကို မဝံ့ရဲ့သလို ခံစားနေရလေသည်။

"တကယ်လို့ ကိုယ်သာရောက်မလာခဲ့ဘူးဆိုရင် မင်းပြန်ဦးမှာမဟုတ်ဘူး မဟုတ်လား၊ မင်းတစ်ယောက်တည်း အတွေးနယ်ချဲ့နေဦးမှာပဲ"

"ဟုတ်တယ်၊ ကျွန်မတစ်ယောက်တည်းပဲတွေးနေချင်





တယ်"

"မင်းမှာ ခံစားချက်တွေ ပြင်းထန်နေသလား နွေနှင်း"

"ခံစားချက်ဆိုတာ လူတိုင်းမှာရှိကြတာပဲ"

"ဟုတ်ပါတယ်၊ ကိုယ့်မှာလဲ မင်းကိုသိပ်ချစ်မိတဲ့ ခံစားချက်ရှိနေတယ်လေ၊ ကိုယ်တစ်ခုမေးချင်တယ် နွေနှင်း၊ မင်းချစ်ခဲ့ဖူးသလား"

"ဒါတွေ ရှင့်ကိုပြောပြဖို့ လိုမယ်မထင်ဘူး"

"သိပ်လိုတာပေါ့ နွေနှင်းရယ်"

"ဘာကြောင့်လဲ"

"ကိုယ်က မင်းအချစ်ကိုပိုင်ဆိုင်ဖို့ မျှော်လင့်နေမိတဲ့သူလေ၊ ဒီတော့ မင်းမှာချစ်သူရှိမရှိ ကိုယ်သိခွင့်ရချင်တယ်"

ပြောပြီး သူကသူမလက်ဖမိုးလေးကို ငုံ့နမ်းလိုက်၏။

"အိုး. . . ဒါဘာလုပ်တာလဲ"

"သိပ်ချစ်တယ် နွေနှင်းရယ်၊ နွေနှင်းကိုပိုင်ဆိုင်ခွင့်ရချင်တယ်"

"မဖြစ်နိုင်ပါဘူး ဒေါက်တာ"

"ဘာဖြစ်လို့မဖြစ်နိုင်ရမှာလဲ၊ နွေနှင်းမှာ ချစ်သူရှိနေ



www.burmeseclassic.com

www.burmeseclassic.com



လို့လား"

သူမ မဖြေဘဲတွေဝေနေမိ၏။ သူမငြိမ်သက်နေစဉ် သူက သူမကိုရင်ခွင်ထဲဆွဲဖက်ထားလိုက်သည်။

"ဒီလိုမလုပ်ပါနဲ့ ဒေါက်တာ၊ နွေနှင်း ရှင့်ကိုမုန်းလိုက်မှာနော်"

"မမုန်းလိုက်ပါနဲ့ နွေနှင်းရယ်၊ နွေနှင်းကိုမြင်တဲ့နေ့ကစပြီး ချစ်ခဲ့မိတဲ့ကိုယ့်အဖြစ်ကို နားလည်ပေးပါလား၊ တိုတောင်းတဲ့အချိန်အတွင်းမှာ မင်းကိုကိုယ် ဒီလောက်ချစ်မိသွားလိမ့်မယ်လို့ မထင်ခဲ့မိဘူး"

"ရှင့်ကိုမချစ်နိုင်ဘူး ကိုရည်ရွှယ်သူ၊ ဒါကိုတော့ နားလည်ပေးပါ"

"ကိုယ့်အချစ်ကို အထင်သေးနေသလား နွေနှင်း"

"အို. . . မသိဘူး၊ ရှင်ဖယ်ပါတော့"

သူ့ရင်ဘတ်ကိုတွန်းပြီး သူမပြေးထွက်လာခဲ့မိသည်။

"နွေနှင်း. . . နွေနှင်း"

သူက သူမနောက်မှပြေးလိုက်လာသည်။

"ကိုယ့်ကိုစိတ်ဆိုးသွားပြီလား နွေနှင်း"





"ရှင့်ကို စိတ်မဆိုးစေချင်ရင် နောက်ကိုမနှောင့်ယှက်ပါနဲ့"

"နှောင့်ယှက်ချင်တဲ့စိတ်မျိုး လုံးဝမရှိပါဘူး နွေနှင်း၊ မင်းကို ချစ်နေမိတာတော့ အမှန်ပဲ"

"ကျွန်မသွားပါရစေတော့"

"နွေနှင်းကိုကြည့်ရတာ သိပ်နေကောင်းပုံမရသေးဘူး၊ ဖြူဖတ်ဖြူလျော်နဲ့၊ ကျန်းမာရေးကိုဂရုစိုက်ပါ နွေနှင်းရယ်၊ ခင်းကိုကြည့်ရတာ ကိုယ်အားမရဘူး၊ မနက်ဖြန် ကိုယ်လာခဲ့ဦးမယ်နော်"

"မလာပါနဲ့"

"ဘာဖြစ်လို့လဲ'

"အကြောင်းအထွေအထူးမရှိဘဲ အိမ်ကိုခဏခဏ ခလာစေချင်ဘူး၊ ဪ. . . ဒါပေမယ့် ကျွန်မဆီကိုပြောတာ နော်၊ အိမ်စည့်ဆီကိုလာချင်တယ်ဆိုရင်တော့ လာပေါ့"

"ကိုယ်အဲဒီကိုလာတယ်ဆိုတာ မင်းဆီကိုပဲ အမြဲတမ်း လာနေတာပါ"

"တကယ်ပဲလား၊ အိမ်စည်နဲ့ရှင် အတော်ရင်းနှီးနေကြ



www.burmeseclassic.com

www.burmeseclassic.com



ပြီမဟုတ်လား"

"ဩော်. . . လက်စသတ်တော့ မင်းက ကိုယ်နဲ့သူ့ကို အထင်လွဲနေတာကိုး"

"အို. . . ဘာကိစ္စအထင်လွဲရမှာလဲ၊ အိမ်စည်နဲ့ရှင် ရင်းနှီးကြတာ ကျွန်မနဲ့ဘာမှမဆိုင်ပါဘူး"

"ကိုယ်သူ့ကို လုံးဝစိတ်မဝင်စားဘူး"

"ဟုတ်လား၊ သူကတော့ ရှင့်ကိုအတော်စိတ်ဝင်စား နေပုံရတယ်"

"ကိုယ့်ခေါင်းထဲမှာ မင်းတစ်ယောက်တည်းပဲရှိတယ် ဒါကို နားလည်ပေးပါကွာ"

သူမက သူ့စကားကိုမကြားဟန်ပြုပြီး ကားထဲဝင်ထိုင် လိုက်သည်။ ပြီးတော့ ကားစက်နှိုးပြီး မောင်းထွက်လာခဲ့သည်။

သူက သူမကားလေးကိုငေးကြည့်ရင်း ကျန်ရစ်ခဲ့သည်။

သူမရဲ့နာကျင်နေတဲ့နှလုံးသားကို သူရဲ့နွေးထွေးတဲ့ အချစ်နဲ့ ပြန်ပြီးလှုပ်ရှားလာစေမှာလား. . .



# အခန်း(၄)

နောက်တစ်နေ့မနက်တွင် သူအိမ်သို့ရောက်လာမည် ဆို၍ သူနှင့်မတွေ့ချင်သောကြောင့် သူမရှောင်နေခဲ့မိသည်။

"ဟင်. . . အစ်ကိုဒေါက်တာပါလား၊ ရောက်မလာ တာတောင် အတော်ကြာပြီနော်၊ ပြောပါဦး. . . အလုပ်တွေ များနေလို့လား"

"အင်း. . . ဆိုပါတော့"



www.burmeseclassic.com

www.burmeseclassic.com



သူက နွေနှင်းကိုတွေ့ရမလားဆိုသောအတွေးနှင့် ရှ
ဖွေနေမိတာကို အိမ်စည်ကရိပ်မိ၏။

"နွေနှင်းမရှိဘူး အစ်ကိုဒေါက်တာ၊ မနက်အစောကြီး
ထွက်သွားတယ်လေ၊ သူ့ရည်းစားဆီက ဖုန်းလာလို့"

အိမ်စည့်စကားကြောင့် သူ့ရင်ထဲခံစားသွားရ
သည်။

"သူ့ . . . သူဘယ်ကိုသွားတာလဲ၊ ကိုယ်က သူ
နေမကောင်းဘူးထင်လို့ လာကြည့်တာပါ"

"အမလေး နေကောင်းသွားပါပြီ၊ အခု သူ့ချစ်သူ
အတွက် ပင်းဒယအပြန်လက်ဆောင်တွေ သွားဝယ်တ
ထင်ပါရဲ့"

သူ့မျက်နှာညှိုးသွားတာကိုကြည့်ပြီး အိမ်စည်ကြိတ်
လိုက်မိ၏။

"ဒါနဲ့ အစ်ကိုဒေါက်တာတို့အိမ်ဘက်ကို မနေ့
အိမ်စည်ရောက်သေးတယ်၊ အစ်ကိုဘယ်တွေသွားနေတာ
ဟင်"

"ကိုယ်မနေ့က ကလောဘက်က patient တစ်ယော





တို့ သွားကြည့်တာပါ"

"ဟင် . . . ကလောဘက် ဟုတ်လား၊ ဒါဆို . . . ဒါဆို
နွေနှင်းနဲ့တွေ့ကြသေးလားဟင်"

စိတ်လှုပ်ရှားနေသောအသံဖြင့် အိမ်စည်က မေး
သည်။

"အင်း . . . တွေ့ဖြစ်ကြတယ်"

"ဘယ်နေရာမှာ တွေ့ခဲ့ကြတာလဲဟင်"

"ထင်းရှူးပင်တန်းတွေနားမှာ နွေနှင်းကားလေးကို
မြင်ခဲ့တာလေ"

"ဩော် . . . ဒါဖြင့် မနေ့ကတွေ့ခဲ့ကြသေးတာပေါ့၊
ဒါတောင် နွေနှင်းက ဘာမှမပြောဘူး၊ ဟွန့် သိပ်လျှို့တာပဲ"

"စကားမစပ်လို့နေမှာပေါ့"

"မဟုတ်ပါဘူး အစ်ကိုဒေါက်တာရယ်၊ နွေနှင်း
အကြောင်း အစ်ကိုဒေါက်တာမသိလို့နော်၊ ဘာကိစ္စမဆို သိပ်
လျှို့တာ၊ သူလက်ထပ်တော့မယ်ဆိုတဲ့အကြောင်းတောင် တော်
တော်ကြီးနောက်ကျမှ သိခဲ့ရတာ"

"ဟင် . . . နွေနှင်းလက်ထပ်တော့မယ် ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ၊ သူနဲ့သူချစ်သူ လက်ထပ်ကြတော့ မလို့ပဲလေ၊ လက်ထပ်ခါနီးမှ ဘာပြဿနာတွေဖြစ်တယ် မသိ ပါဘူး၊ ခုတော့လဲ ပြန်ပြေလည်သွားကြပြီထင်ပါရဲ့"

သူဘာမှပြန်မပြောနိုင်လောက်အောင် တိတ်ဆိတ် ငြိမ်သက်နေမိသည်။

သူ့ရင်ထဲမှာ လှုပ်ခတ်နေလေသည်။

"ကိုယ်ပြန်တော့မယ် အိမ်စည်"

"ဟင်. . . ပြန်တော့မလို့လား အစ်ကိုဒေါက်တာရဲ့ ထမင်းစားသွားပါဦးလား"

"မစားတော့ပါဘူး အိမ်စည်၊ ကိုယ်သွားစရာလေး ရှိနေသေးလို့ပါ"

သူဆိုင်ကယ်ပေါ်တက်ပြီး မောင်းထွက်သွားတော့၏

အိမ်စည်က နွေနှင်းနှင့်သူကြား မဟုတ်မမှန်၊ ကတုန်း ကတိုက်ပြောခွင့်ရလိုက်သောကြောင့် ကျေနပ်ပျော်ရွှင်နေမိ၏

တကယ်တော့ မနက်က နွေနှင်းထံ ဘယ်သူဆီကမှ ဖုန်းလာခြင်းမရှိခဲ့ပါ။ နွေနှင်းကို တစ်ဖက်သတ်စွဲလမ်းနေသည့် ရည်ရွယ်သူ စိတ်ပျက်နောက်ဆုတ်သွားစေရန် အိမ်စည်က





...န်တီးခဲ့ခြင်းပင်။

ရည်ရွယ်သူ့ရင်ထဲမှာ မတည်မငြိမ်ဖြင့် လှုပ်ရှားလျက် ...၏။

မင်းကိုကိုယ် တကယ်ပဲဆုံးရှုံးရတော့မှာလား နွေနှင်း ...ယ်. . .

မင်းကို ကိုယ့်နှလုံးသားနဲ့ထပ်တူ ချစ်နေမိတယ် နွေ ...င်းရယ်. . .

သူ့ရင်ထဲတွင် ပွဲတင်ထပ်မျှပြောနေသည့်စကားများကို ...သူမကြားနိုင်ပါ့မလား. . .



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၅)

နောက်တစ်ပတ်ခန့်အကြာ။

သူနှင့်နွေနှင်းတွေ့ခွင့်မရခဲ့တာ တစ်ပတ်ခန့်ရှိခဲ့ပြီ ဖြစ်သည်။ နွေနှင်းနှင့်မတွေ့ဖြစ်အောင် သူရှောင်နေမိခဲ့သော သည်။

သည်နေ့တော့ ဘာကြောင့်မှန်းမသိ။ သူမြင်းစီးနေ တောင်ကုန်းတွေဘက် မြင်းစီးလာခဲ့မိသည်။

မြို့နှင့်ခပ်ဝေးဝေး ရွှေဝါရောင်နှမ်းပန်းခင်းများအနီး သူရောက်လာခဲ့၏။ ထိုနေရာသည် တစ်ခါက သူမြင်းစီး





လိမ့်ကျသွားခဲ့သည့် တောင်ကုန်းဆင်ခြေလျှောလေးဖြစ်သည်။

ထိုဆင်ခြေလျှောတောင်ကုန်းလေးအနီးတွင် မြင်း က်ကြိုးကိုဆွဲ၍ မြင်းကိုရပ်လိုက်ပြီး သူတွေဝေစဉ်းစားနေမိ သည်။

သူလိမ့်ကျခဲ့သည့်နေ့ကအကြောင်းကို ပြန်၍စဉ်းစား နေမိခြင်းရယ်ပါ။ သူ့ရင်ထဲမှာ သူမကို တွေ့မြင်လိုသည့် ဆန္ဒတစိတ်တွေ ပြည့်လျှံတက်လာခဲ့သည်မဟုတ်ပါလား. . .

ထိုစဉ် သူနှင့်မနီးမဝေးသစ်ပင်တစ်ပင်အနီး ရပ်သွား သော မြင်းတစ်စီးကိုတွေ့လိုက်ရ၏။ မြင်းပေါ်တွင်ထိုင်နေသော မိန်းကလေးတစ်ယောက်ကို မြင်တွေ့ရလေသည်။

ထိုမိန်းကလေးမှာ နွေနှင်းပင်ဖြစ်၏။

"ဟင်. . . နွေနှင်း"

မျှော်လင့်ထင်မှတ်မထားဘဲ သူမနှင့်ဆုံတွေ့လိုက်ရ သောကြောင့် သူအလွန်အံ့ဩပျော်ရွှင်သွားမိသည်။

"နွေနှင်း"

သူမနားသို့ သူမြင်းကိုခပ်ဖြည်းဖြည်းစီးလာရင်း လှမ်း ခေါ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုမြင်တော့ သူမအံ့ဩသွားပြီး လှည့်ထွက်
ဟန်ပြင်လိုက်သည်။

"နေပါဦး နွေနှင်းရယ်၊ ကိုယ့်ကိုမြင်တာနဲ့ ရှောင်
တော့မလို့လား၊ မင်းကိုယ့်ကိုရှောင်နေတယ်ဆိုတာ ကိုယ်
တယ်"

"သိရင်လဲပြီးတာပဲ၊ ရှင်နဲ့ကျွန်မကြားမှာ ဘာမှ
စရာမရှိဘူး"

"စိမ်းကားလှချည်လား နွေနှင်းရယ်၊ ကိုယ့်အချ
နားလည်ပေးပါလား၊ မင်းအသည်းကွဲနေတာလား နွေနှ
ကိုယ့်ကို ဘာလို့ဒီလောက်ရှောင်နေရတာလဲ"

"အို... ရှင်ဘာတွေမေးနေတာလဲ၊ ကျွန်မမသိဘူး"

"မသိချင်ယောင်ဆောင်မနေပါနဲ့ နွေနှင်းရယ်၊ ကို
လေ မင်းကိုသိပ်ချစ်တယ်၊ မင်းကို ဝမ်းနည်းပူဆွေးမှုတွေ
မယ့်သူမျိုးမဟုတ်ဘူးဆိုတာ မင်းယုံစေချင်တယ်"

"ရှင်နဲ့ကျွန်မ ဒီအကြောင်းတွေ မဆွေးနွေးချင်ဘူး"

သူမပြောပြီးတာနှင့် မြင်းကိုဒုန်းစိုင်းပြီး စီးသွား
၏။





"နေပါဦး နွေနှင်း"

သူက သူမနောက်မှ အရှိန်ဖြင့်မြင်းစီးပြီး လိုက်သည်။

နွေနှင်း၏မြင်းက တအားပြေးနေသည်မို့ သူစိုးရိမ်ပူ
န်သွားမိသည်။

"နွေနှင်း မြင်းကိုအရှိန်လျှော့လိုက်ပါ၊ မြင်းက တအား
ပြေးနေတယ်၊ တော်ကြာ မြင်းကိုမထိန်းနိုင်ရင် ဒုက္ခရောက်
သိမ့်မယ်နော် နွေနှင်း"

သူမမြင်းနောက်မှ သူမြင်းဖြင့်လိုက်ရင်း သူစိုးရိမ်တကြီး
အော်ပြောနေမိ၏။

"ကျွန်မ... ကျွန်မမြင်းကိုအရှိန်သတ်လို့မရတော့ဘူး"

"ဟင်... ဒုက္ခပါလား၊ မြင်းဇက်ကြိုးကို ဆောင့်ဆွဲ
လိုက်လေ"

"ဟင့်အင်း... မရဘူး... မရတော့ဘူး"

သူမကြောက်ကြောက်ရွံ့ရွံ့ဖြင့် အော်သည်။

သူဘာလုပ်ရမှန်းမသိသလိုဖြစ်နေပြီးမှ...

"ကိုယ်အဲဒီဘက်ကူးလာခဲ့မယ် နွေနှင်း၊ မကြောက်နဲ့
နော်"



www.burmeseclassic.com

www.burmeseclassic.com



နွေနှင်းကိုလှမ်း၍အားပေးလိုက်ပြီး သူ့မြင်းကို သူ့မြင်းနားကပ်စီးလာခဲ့ပြီး သူမမြင်းပေါ် သူလှမ်း၍ ခုန်တက်လိုက်သည်။

ပြီးတော့ နွေနှင်းလက်ထဲမှ မြင်းဇက်ကြိုးကိုယူ၍ မြင်းကိုကြိုးစားပြီး ထိန်းလိုက်သည်။ သို့သော် မြင်းက တော်တော်နှင့် အရှိန်သတ်မရဘဲဖြစ်နေ၏။

တစ်နေရာအရောက်တွင် မြင်းကိုထိန်းလိုက်နိုင်သော်လည်း သူရောသူမပါ မြင်းပေါ်မှလိမ့်ဆင်းသွားတော့၏။

သူက သူမကိုယ်လေးကိုဖက်ထားလျက် တောင်စောင်းအတိုင်း နှစ်ယောက်အတူလိမ့်ဆင်းသွားကြသည်။

မြေပြန့်ပေါ်ရောက်တော့ သူ့ရင်ဘတ်ပေါ် သူမရောက်နေ၏။ သူမကုန်းထရန်ပြင်သော်လည်း သူကမလွှတ်သေးဘဲ သူမကိုယ်လေးကို တင်းကျပ်စွာဖက်ထားလိုက်သည်။

"အို. . . ရှင်ဘယ်လိုလုပ်လိုက်တာလဲ၊ ကျွန်မကို လွှတ်ပါ"

ခုနကကြောက်စိတ်ကြောင့် သူမကိုယ်လေး တဆတ်ဆတ် တုန်ယင်နေသည်။



"သိပ်ကြောက်သွားသလား နွေနှင်း၊ မြင်းကောင်းကောင်းမစီးတတ်ဘဲနဲ့ မြင်းကိုဒုန်းမစိုင်းရဘူး၊ မှတ်ထားနော်"

သူမက ခေါင်းညိတ်ပြီး သူ့ရင်ဘတ်ကို တွန်းသည်။ သူက သူမမျက်နှာလေးကိုငေးကြည့်နေရာမှ ပါးပြင်နှင့်နှုတ်ခမ်းဆည်တိုင်အနှံ့နမ်းလိုက်၏။

"ဒီလိုမလုပ်ပါနဲ့၊ ရှင် ဆရာဝန်တစ်ယောက်ဖြစ်ပြီး သိက္ခာမမဲ့ပါနဲ့"

"ချစ်လို့နမ်းမိတာ သိက္ခာမဲ့သတဲ့လားကွာ၊ ကိုယ်က ဆရာဝန်တစ်ယောက်ဖြစ်တာနဲ့ပဲ ကိုယ်ချစ်တဲ့မိန်းကလေးကို မနမ်းရတော့ဘူးတဲ့လား"

"မနမ်းရဘူး"

သူမက ကျိုးထပြီးထွက်ပြေးတော့ သူက သူမပခုံးနှစ်ဖက်ကိုဆုပ်ကိုင်လျက် ပြန်ထိုင်စေသည်။

"ကိုယ်မင်းကို ဘယ်လောက်ချစ်တယ်ဆိုတာ မသိသေးဘူးလား နွေနှင်းရယ်၊ မင်းကိုကိုယ်သိပ်ချစ်တယ်"

သူက သူမကိုယ်လေးကို သူ့ရင်ခွင်ထဲ အတင်းအကြပ်ဆွဲသွင်းပြီး နမ်းပြန်သည်။ သူ့အနမ်းများကြောင့် သူမရင်



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ ထိတ်လန့်စိုးရွံ့မှု၊ စိတ်လှုပ်ရှားမှုများပြည့်လျှံလျက် တ
ခါနေလေသည်။

"ကိုယ့်ကို ပြန်ချစ်မယ်မဟုတ်လားဟင်"

သူမထိတ်လန့်နေသောအမူအရာဖြင့် ခေါင်းခါသည်။

"မရဘူး၊ ကိုယ့်ကိုပြန်ချစ်ရမယ်"

သူက သူမကိုယ်လေးကို အသာထွေးဖက်ထားပြီး
တိုးတိတ်ညင်သာစွာပြောသည်။

"မင်းကိုကိုယ် သိပ်ချစ်တယ် အချစ်ရယ်၊ ကိုယ့်ကို
ပြန်ချစ်ပါလားဟင်၊ မင်းဆွေးမြေ့ခံစားနေရတာ ကိုယ်မကြည့်
ရက်ဘူး၊ မင်းနှလုံးသားကို ကိုယ့်အချစ်နဲ့ပြန်ပြီး လန်းဆန်း
လှပစေချင်တယ်"

ညိုစင်သောသူ့မျက်နှာပေါ်တွင် မျက်ခုံးနက်နက်နှ
တန်းက လှပပြီး နှာတံကချွန်သည်။ နှုတ်ခမ်းတွေက ပိရိလှ
သည်။ မျက်ဝန်းနှစ်ဖက်က ရွှန်းစိုလှပပြီး ဆွဲဆောင်မှုရှိ
သည်။

သူ့မျက်နှာကို သူမငေးကြည့်နေမိ၏။

"ဘာကြည့်နေတာလဲ ချစ်လေးရဲ့"





ပြောပြီး သူက သူမပါးပြင်ကိုလှစ်ခနဲ နမ်းလိုက်သည်။
ချစ်လေး. . . တဲ့။

သူမနှလုံးသားထဲမှာ တစ်စုံတစ်ယောက်ကို ပြင်းပြစွာ
သတိရသွားမိသည်မဟုတ်ပါလား. . .

အလွန်စိမ်းကားရက်စက်နိုင်သော ကိုကို။

ခု. . . ဒေါက်တာရည်ရွယ်သူက သူမကိုအလွန်ချစ်
မြတ်နိုးပြီး နူးညံ့ကြင်နာတတ်သူ။

သူမရင်ထဲတွင် အတွေးများစွာဖြင့် ရှုပ်ထွေးလျက်
တွေတွေဝေဝေရှိလှသည်။

တွေဝေနေသည့် သူမမျက်နှာလေးကို သူ့လက်တစ်
ဖက်ဖြင့် အသာဆွဲမော့လိုက်ပြီး မျက်ဝန်းတွေထဲစိုက်ကြည့်
သည်။

"အချစ်"

"- - - - - -"

"ကိုယ့်အချစ်. . . ကိုယ့်ကို ထာဝရစိမ်းကားနေမှာ
လားဟင်၊ အချစ်ရဲ့အဖြေဟာ ထာဝရ No ပဲလား"

သူမခေါင်းညိတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်မယုံချင်ဘူးကွာ၊ တစ်နေ့ကျရင် ကိုယ့်ကို ပြန်ချစ်လာလိမ့်မယ်လို့ပဲ ကိုယ်ယုံကြည်တယ်"

"ရှင့်ကိုမချစ်နိုင်ဘူး"

"မင်းမှာ ကိုယ့်ထက်အလျှင်ချစ်ဦးသူရှိတယ်ဆိုတာ တကယ်ပဲပေါ့"

"ဟုတ်တယ်၊ ဒါပေမယ့် သူ့ကိုကျွန်မမုန်းလိုက်ပြီ"

သူမစိတ်ပေါက်ပေါက်ဖြင့် ပြောမိသည်။

"ဒါဖြင့် ကိုယ့်အတွက်မျှော်လင့်ချက်ရှိနိုင်တာပေါ့"

"ဟင့်အင်း"

ပြောပြီး သူမထိုင်နေရာမှထရပ်သည်။ သူကလည်း လိုက်ရပ်သည်။

"မင်းကို အရမ်းစွဲလမ်းနေမိတဲ့လူတစ်ယောက်ရဲ့ အချစ်ကို ဒီလိုပဲဥပေက္ခာပြုတော့မှာလား အချစ်"

"ဟုတ်တယ်၊ ကျွန်မ ရန်ကုန်ပြန်တော့မှာ"

"ကိုယ်လိုက်ခဲ့မှာပေါ့"

"ရှင့်အလုပ်တွေ ပစ်ထားခဲ့မလို့လား"

"ပစ်ခဲ့မှာပဲ"





"ရှင်ကလေးလဲ မဟုတ်ဘဲနဲ့"

"ကလေးမဟုတ်လို့ ချစ်တတ်တာပေါ့၊ ဒီလောက်မှ နားမလည်ဘူးလားကွာ"

သူမလက်ဖဝါးနှစ်ဖက်ကို ဖျစ်ညှစ်လိုက်ရင်း သူပြောသည်။

"ဖယ်စမ်းပါ. . . စကားပြောရင် လက်မပါနဲ့၊ ရှင် ကျွန်မကိုချစ်တယ်. . . ချစ်တယ်ပြောပြီး တန်ဖိုးမထားဘူး"

"ဘာလို့ဒီလိုပြောရတာလဲ၊ မင်းကိုသိပ်ချစ်လို့ ယုယ ကြင်နာမိတာပဲ၊ အရမ်းလဲတန်ဖိုးထားတယ်၊ ကိုယ့်ဘဝမှာ ပထမဦးဆုံးနမ်းခဲ့တဲ့မိန်းကလေးဟာ မင်းပဲ"

"ဟွန့်. . . ယုံချင်စရာကြီး"

"မယုံရင်လဲ ရပါတယ်၊ ကိုယ်ကော. . . မင်းရဲ့အနမ်း ဦးဖြစ်နိုင်ပါ့မလား"

"ဘာတွေလျှောက်မေးနေတာလဲ"

သူ့နားမှ သူမပြေးထွက်လာခဲ့တော့ သူကရယ်မောပြီး ကျန်ရစ်ခဲ့၏။ ပြီးတော့ သူမနောက်မှလိုက်လာခဲ့သည်။

"ကိုယ့်မြင်းကြီးတောင် ဘယ်နားမှာကျန်ခဲ့ပြီလဲ မသိ



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ နွေနှင်းမြင်းကြီးကတော့ ဟိုနားမှာ နားနေလေရဲ့"

"ဒီနေ့ ကျွန်မသိပ်ကံမကောင်းဘူး၊ မြင်းပေါ်က
ပြုတ်ကျတယ်၊ ခြေထောက်လဲနာသွားပြီ"

"ဟင်. . . ခြေထောက်အတော်နာနေသလား၊ ကိုယ်
တောင် သတိမထားလိုက်မိဘူး၊ ဒါဖြင့် ကိုယ်အိမ်အထိလိုက်ပို့
ပေးမယ်လေ"

"တော်ပါပြီ၊ ရှင်နဲ့မြင်းအတူမစီးပါရစေနဲ့တော့"

"ဘာဖြစ်လို့လဲ၊ ကိုယ့်ကိုကြောက်သွားပြီလား"

"မှုန်းသွားတာ၊ ကဲ. . . သိပြီလား"

ပြောပြီး သူမက မြင်းပေါ်တက်သည်။ သို့သော် တက်
၍မရဘဲဖြစ်နေသောကြောင့် သူမကိုယ်ချီပြီး သူကမြင်းပေါ်
တင်ပေးလိုက်သည်။

"ကဲ. . . ဖြည်းဖြည်းစီးသွားနော်"

"အင်းပါ. . . ကျွန်မထိန်းပြီးစီးသွားပါ့မယ်"

"မနက်ဖြန်လဲ ကိုယ်ဒီနေရာမှာ စောင့်နေပါရစေနော်"

"ဘာလုပ်ဖို့လဲ"

"မင်းနဲ့တွေ့ချင်လို့ပေါ့"





"မလာနိုင်ပါဘူး"

"မလာနိုင်ရင် ကိုယ်လာခေါ်မယ်၊ ပြီးရင် ကိုယ်တို့
လျှောက်လည်ကြမယ်လေ"

သူမက သူ့ကိုဘာမှပြန်မပြောဘဲ မြင်းဇက်ကြိုးကို ဆွဲ၍
မြင်းကိုနှင်လိုက်၏။

သူမရင်ထဲမှာ လှုပ်ရှားနေမိသည်မဟုတ်ပါလား. . .

ယောကျ်ားတစ်ယောက်အတွက်နဲ့ အသည်းကွဲခဲ့ဖူးတဲ့
မိန်းမတစ်ယောက်ဟာ နောက်ယောကျ်ားတစ်ယောက် အတွက်
ခုန်နေမိတာ သင့်တော်ပါ့မလား. . .

သူမကိုယ်သူမ အပြစ်တင်ချင်နေမိသော်လည်း. .



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၆)

နောက်တစ်နေ့မနက်။

ခြံထဲရှိ ခုံတန်းရှည်လေးပေါ်တွင် သူမတစ်ယော
တည်းထိုင်ပြီး မဂ္ဂဇင်းတစ်အုပ်ဖတ်နေမိသည်။

"ဟော့. . . နွေနှင်း"

အိမ်ထဲမှထွက်လာသော အိမ်စည့်ကိုတွေ့လိုက်ရ

ခုတလော အိမ်စည်နှင့်နွေနှင်း သိပ်မျက်နှာခ
မဆိုင်ဖြစ်ခဲ့ကြသလို သိပ်စကားမပြောဖြစ်ခဲ့ကြပေ။

"ရှင်တစ်ယောက်တည်း ဘာတွေဖတ်နေတာလဲ"





"သရဖူမဂ္ဂဇင်းပါ"

"အလှအပရေးရာတွေဖတ်နေတာပေါ့၊ ဪ. . .
ဒါနဲ့ မေးရဦးမယ်၊ မနေ့က နွေနှင်းမြင်းစီးထွက်တာအတော်
ကြာတယ်နော်၊ ဘယ်တွေရောက်ခဲ့သလဲ"

"သိပ်ဝေးဝေးမသွားဖြစ်ပါဘူး၊ ဒီနား ဟိုနားပေါ့"

"မှန်မှန်ဖြေနော်၊ တို့မေးစရာရှိတယ်"

"ဘာမေးမလို့လဲ အိမ်စည်ရယ်၊ နင်ကလဲ ငါ့ကို လာ
ကြပ်နေပြန်ပါပြီ"

"မနေ့က နင်နဲ့အစ်ကိုရည်ရွယ်သူနဲ့ တွေ့ခဲ့တယ်
ဟုတ်လား၊ ငြင်းမယ်မကြံနဲ့နော်"

"မငြင်းပါဘူး၊ တွေ့ခဲ့သားပဲ၊ အဲဒါ ဘာဖြစ်သလဲ"

"ဘာဖြစ်သလဲ ဟုတ်လား၊ မနေ့က ငါနဲ့အစ်ကို
ဒေါက်တာတွေ့ခဲ့ကြသေးတယ်၊ အစ်ကိုက နင်နဲ့တွေ့ခဲ့ကြတဲ့
အကြောင်း၊ နင်ချော်လဲလို့ သူကယ်ခဲ့ရတဲ့အကြောင်းတွေ
ငါ့ကိုအကုန်ပြောပြတယ်၊ သူက သိပ်ပွင့်လင်းရိုးသားတဲ့လူ၊
နင်ကတော့. . ."

"ငါက ဘာဖြစ်သလဲ အိမ်စည်၊ နင်ဘာကိုဆိုလိုချင်



www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုတာ ရှင်းရှင်းပြောပါ"

အိမ်စည်၏ထွေတွေတွေ အပြုံးများနှင့်မခံချိမခံသာ ဖြစ်စေသည့် စကားများကြောင့် နွေနှင်းစိတ်မရှည်နိုင်တော့ သလို ပြောလိုက်၏။

"ရှင်းရှင်းပြောဆိုတော့လဲ ပြောရမှာပေါ့ သူငယ်ချင်း ရယ်၊ နင်က သူနဲ့တွေ့ခဲ့တဲ့အကြောင်းလေးတောင် ငါ့ကို ပြောမပြခဲ့ဘူးဆိုတော့ သူနဲ့ပတ်သက်တဲ့ လျှို့ဝှက်ချက်တ တရာ နင့်မှာရှိနေပြီလား နွေနှင်း"

အိမ်စည့်စကားကြောင့် နွေနှင်းရင်ထဲ မခံမရပ်နိုင် လောက်အောင် ဖြစ်သွားမိသည်။

"ဘာတွေမေးနေတာလဲ အိမ်စည်၊ သူနဲ့ပတ်သက်ပြီး ငါက ဘာကြောင့်လျှို့ဝှက်ရမှာလဲ"

"ဒါတော့ နင့်ဘာသာနင် အသိဆုံးဖြစ်မှာပေါ့၊ ငါ တော့ ရှင်းရှင်းပဲပြောချင်တယ်၊ ဒေါက်တာ့ကို ငါသိပ်စိတ် စားတယ်၊ နောက်ပြီး တစ်ဘဝလုံးသူနဲ့လက်တွဲဖို့အထိ ဖြတ်ထားတယ်၊ ဒါတွေအားလုံး နင့်ကိုပြောပြထားပြီးသား လေ၊ နင်နားလည်မှာပါ"





"ငါက ဘာကိုနားလည်ရမှာလဲ အိမ်စည်"

"နွေနှင်းရယ်. . . နားမလည်သေးဘူးလား၊ မင်းမှာ က်ထပ်ရမယ့် ချစ်သူတစ်ယောက်လုံးရှိပြီးသားပဲ၊ ဒေါက်တာ့ ိုင်ဆိုင်ဖို့ မကြိုးစားပါနဲ့လား"

လွန်ကျူးလာသော အိမ်စည့်စကားများကြောင့် သူမ သားတွေ တဆတ်ဆတ်တုန်လောက်အောင် ဒေါသဖြစ် ားမိ၏။

"ဒီမှာ အိမ်စည်၊ ငါဘယ်ယောကျ်ားကိုမှ ပိုင်ဆိုင်ဖို့ ကြိုးစားခဲ့ဖူးဘူး၊ ယောကျ်ားတွေကသာ ငါ့ကိုပိုင်ဆိုင်ဖို့ကြိုး းခဲ့ကြတာပါ၊ ဒါကို ငါနဲ့ငယ်ငယ်လေးက ပေါင်းလာခဲ့တဲ့ င်သိပြီးသားဖြစ်မှာပါ"

"သိပါတယ်. . . သိပါတယ်၊ ဒါကြောင့်မို့ စန်းပွင့်လွန်း ွင့်မှာ များလွန်းနေတော့ တို့အတွက်ဒေါက်တာ့ကို ဦးထား ပြီပါလား"

အိမ်စည့်စကားများကြောင့် အိမ်စည့်ကိုမယုံနိုင် ောက် သူမအံ့သြစွာစူးစိုက်ကြည့်ရင်း မဲ့ပြုံးပြုံးလိုက်မိသည်။

"နင့်ကိုငါ သိပ်အံ့သြတာပဲ အိမ်စည်၊ နင်အဲဒီလောက်

www.burmeseclassic.com

www.burmeseclassic.com



ပြောထွက်လိမ့်မယ်လို့ ငါလုံးဝထင်မထားခဲ့မိဘူး၊ နင်နဲ့ငါ
သူငယ်ချင်းတွေပါ၊ အရမ်းခင်ခဲ့ကြတဲ့ သူငယ်ချင်းတွေ
ပြိုင်ဘက်တွေမဟုတ်ဘူး၊ ယောကျ်ားတစ်ယောက်ကိုရဖို့ မိန်း
ချင်း ယှဉ်ပြိုင်လုရတာမျိုးလဲ ငါလုံးဝဝါသနာမပါဘူး အိမ်
ဒါပေမယ့် နင်နားလည်ထားရမှာက လွတ်လပ်တဲ့ယော
တစ်ယောက်က ချစ်လှချည်ရဲ့ဆိုပြီး ချစ်ခွင့်ပန်လာခဲ့ရင် ငါ့
လက်ခံပိုင်ခွင့်ရှိတယ်"

သူမ၏ပြတ်သားလှသည့်စကားကြောင့် အိမ်
တုန်ယင်လှုပ်ရှားသွားပြီး. . .

"နင့်ကိုယ်နင် လွတ်လပ်တယ်လို့ ဘာလို့ပြောရ
နွေနှင်း၊ နင့်မှာ. . . နင့်မှာ မကြာခင်လက်ထပ်ဖို့ ရည်
ထားတဲ့ ကိုညီထွဋ်ရှိပြီးသားမဟုတ်လား"

"ဒါငါ့ကိစ္စပါ အိမ်စည်၊ ငါ့အကြောင်း ငါ့ကိစ္စ
နင်ဝင်ပြီး စွက်ဖက်ပိုင်ခွင့်မရှိဘူး၊ ပြီးတော့ ကိုကိုနဲ့ငါက
လမ်းပြတ်သွားခဲ့ကြပြီ"

"ဒါဖြင့် နင်က ဒေါက်တာ့ကို ပိုင်ဆိုင်အရယူဖို့
စားတော့မယ်ဆိုပါတော့. . ."



အိမ်စည့်အမေးကို သူမချက်ချင်းပြန်မဖြေဘဲ ပြုံးနေ
သည်။

"ဖြေပါဦး နွေနှင်း၊ ငါမေးတာကို နင်ဖြေပါ"

သူမလက်မောင်းနှစ်ဖက်ကို အားမလိုအားမရ ဆွဲခါ
း အိမ်စည်မေးသည်။

"အခြေအနေက ကြိုးစားစရာကိုမလိုတာ၊ သူ့အလိုလို
ခွင့်ပန်ပြီးသား" ဟုပြောပြီး အိမ်စည့်လက်တွေကို ပုတ်
တ်ပစ်လိုက်၏။

ပြီးတော့ အိမ်စည့်နားမှ ခြေလှမ်းကျဲဖြင့် ထွက်လာ
သည်။

သူမရင်ထဲမှာ သိက္ခာကိုစော်ကားခံရခြင်းကြောင့်
မရပ်နိုင်ဖြစ်ခြင်း၊ ဒေါသဖြစ်ခြင်းများ ဆူဝေလှိုက်မောနေ
သည်။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၇)

နောက်ရက်များတွင် နွေနှင်းထံသို့ ရည်ရွယ်သူမကြာ ခဏရောက်လာတတ်သည်။

အိမ်စည်က သူနှင့်လျှောက်လည်ကြရန် မကြာခဏ ပြောလေ့ရှိသော်လည်း သူက အမြဲလို ရှောင်လွှဲသွားတတ် သည်။

သို့သော် နွေနှင်းတစ်ယောက်တည်းအပြင်ထွက်လာ ချိန်များတွင် တစ်နေရာရာကစောင့်ပြီး သူမနောက်တကောက်





ကောက်လိုက်လာတတ်သည်။

သူမကားနောက်သို့ သူ့ဆိုင်ကယ်လေးဖြင့် မသိမသာ ခပ်လိုက်လာလေ့ရှိသည်။

ကလောဟိုတယ်လ်ဝင်းထဲဝင်လာခဲ့ပြီး တစ်နေရာ အရောက်တွင် ကားကိုရပ်လိုက်သည်။ ပြီးတော့ သူမကားပေါ်မှ ဆင်းလိုက်၏။

သူကသူ့ဆိုင်ကယ်ကို သူမကားနှင့်မနီးမဝေးတွင်ရပ်ပြီး သူမကိုပြုံးပြသည်။

"ဟိုတယ်လ်ထဲ လာလည်တာလား နွေနှင်း"

"ဟုတ်တယ် ဒေါက်တာ၊ ဒီမှာ နွေနှင်းသူငယ်ချင်း တစ်ယောက် Reception မှာရှိနေလို့"

"ဪ. . . ဟုတ်လား"

"ဒေါက်တာကော ဘယ်လာတာလဲ"

"ကိုယ်က ဒီဟိုတယ်လ်ဝင်းထဲကို မကြာခဏလာလည် နေကျပဲ၊ ဒီဟိုတယ်လ်မှာ ကိုယ်နဲ့မသိတဲ့လူမရှိသလောက်ပဲ"

"ဟုတ်လား၊ ကျွန်မသူငယ်ချင်းကို သွားတွေ့လိုက်ဦး မယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီ နွေနှင်း"

နွေနှင်းဟိုတယ်လ်အဆောက်အဦထဲဝင်လာခဲ့ပြီး သူ ငယ်ချင်းရှိရာ လာခဲ့သည်။ သူငယ်ချင်းနှင့်နာရီဝက်ခန့် စကား ပြောပြီး သူမပြန်ထွက်လာခဲ့သည်။

သူမပြန်ထွက်လာခဲ့ချိန်တွင် ပန်းခင်းတစ်ချကြားမှ ထွက်လာသော သူ့ကိုတွေ့လိုက်ရသည်မို့ အံ့သြသွားမိ၏။

"ဟင်. . . ဒေါက်တာ မပြန်သေးဘူးလားဟင်"

"ကိုယ်နွေနှင်းကို စောင့်နေတာပါ"

"ကျွန်မကို. . . ဘာကိစ္စရှိလို့လဲ"

"ဒီဟိုတယ်လ်ဝင်းထဲက ပန်းခင်းတွေထဲ နွေနှင်း မရောက်ဖူးသေးဘူး မဟုတ်လား၊ နွေနှင်းကို ကလောက ပန်းရောင်စုံတွေလိုက်ပြမလို့ပါ"

သူမတွေဝေနေစဉ် သူကသူမလက်တစ်ဖက်ကို ဖျတ် ခနဲဆုပ်ကိုင်ပြီး ရောင်စုံပန်းခင်းတွေကြားဆွဲခေါ် လာပြီးပြသည်။

"ဒေလီယာပန်းတွေကိုကြည့်ပါဦး"

"သိပ်လှတာပဲနော်"

"အရမ်းလှတယ်"





သူကပြောပြီး ဒေလီယာပန်းပွင့် ခပ်ကြီးကြီးတစ်ပွင့် ကိုယူ၍ သူမဆံကေသာကြားတွင် ပန်ပေးလိုက်သည်။

"သိပ်လှတာပဲ နွေနှင်းရယ်"

သူ့အသံက တိုးတိတ်ညင်သာပြီး သူမနှလုံးသားကို လှုပ်ရှားစေသည်။

"မင်းလေးကို ဓာတ်ပုံရိုက်ပေးချင်တယ်၊ ဒါပေမယ့် ကိုယ့်မှာ Camera ပါမလာခဲ့ဘူး"

သူမက ရယ်လိုက်ပြီး သူ့ကိုသူမပိုက်ဆံအိတ်ထဲမှ Digital camera လေးကို ထုတ်ပေးလိုက်သည်။

"ရော့. . . နွေနှင်းမှာပါတယ်"

"ကျေးဇူး နွေနှင်း"

သူကယူပြီး နွေနှင်းဒေလီယာပန်းပန်ထားသည့်ပုံ လေးကို ရိုက်ယူလိုက်သည်။

"ဒီဓာတ်ပုံလေး ကိုယ့်ကိုအမှတ်တရပေးမလားဟင်"

"ဟင့်အင်း"

"ဘာဖြစ်လို့လဲ"

"နွေနှင်းဓာတ်ပုံကို ဘယ်ယောကျ်ားလေးကိုမှ



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းမဲ့သက်သက်မပေးတတ်ဘူး”

သူက သဘောကျသလိုပြုံးသည်။

“အကြောင်းမဲ့သက်သက် မဟုတ်ပါဘူးကွာ၊ ကိုယ့်နှလုံးသားနဲ့ထပ်တူချစ်ရတဲ့ မိန်းကလေးတစ်ယောက်ရဲ့ပုံကို ထာဝရသိမ်းထားချင်လို့ပါ”

သူမက မကြားချင်ယောင်ဆောင်ကာ တစ်ဖက်ရှိ ပန်းခင်းထဲသို့ ပြေးထွက်လာခဲ့သည်။ သူက သူမနောက်မှ လိုက်လာပြီး. . .

“ကိုယ့်ကို ချစ်နိုင်မလား နွေနှင်း”

သူမရှက်ပြုံးလေးဖြင့် ငြိမ်သက်တွေဝေနေ၏။

“ကိုယ့်နှလုံးသားထဲမှာ နွေနှင်းထာဝရစိုးမိုးနေပြီ နွေနှင်းကို သိပ်ချစ်တယ်”

သူမပခုံးနှစ်ဖက်ကို ခပ်ဖွဖွဆုပ်ကိုင်ပြီး သူပြောသည်။

“နွေနှင်းအချစ်ကို ပိုင်ဆိုင်ပါရစေကွာနော်”

သူမရင်ထဲတွင် အတွေးများစွာဖြင့် ရှုပ်ထွေးနေ၏၊ အသည်းခွဲခဲ့သည့် ကိုကို. . .

ပြီးတော့ ရည်ရွယ်သူကို တစ်ဖက်သတ်စွဲလမ်းနေ





သော အိမ်မက်စည်း. . .

သူမစိတ်ထဲတွင် မခံချင်စိတ်များပြည့်နှက်ကာ ပြင်းပြင်းပြပြလှုပ်ရှားလျက်ရှိသည်။

သူမတွေဝေနေစဉ် သူက သူမကိုယ်လေးကိုဆွဲယူပြီး သူနှင့်ရင်ချင်းအပ်ထားလိုက်၏။

“အို. . . ဖယ်ပါ ဒေါက်တာ”

“နွေနှင်းကို အသက်နဲ့ထပ်တူချစ်တယ်၊ နွေနှင်းသာ ပြန်မချစ်ရင် ကိုယ့်ဘဝပျက်ရလိမ့်မယ် နွေနှင်း၊ ကိုယ့်ကိုပြန်ချစ်ပါနော်”

သူမပါးပြင်ကို သူ့ပါးပြင်နှင့်ထိကပ်ရင်း တိုးကပ်စွာပြောသည်။

“သူများတွေမြင်သွားရင် မကောင်းဘူးဒေါက်တာ”

“မြင်ချင်တဲ့သူတွေ မြင်ကြပါစေကွာ”

“နွေနှင်းကို တန်ဖိုးထားရင် ဒီလိုမပြောပါနဲ့”

“ဆောရီး နွေနှင်း၊ ကိုယ်ဒီလိုသဘောမျိုးမရည်ရွယ်ပါဘူး”

ပြောပြီး နွေနှင်းကိုယ်လေးကို လွှတ်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ကို မောင်လို့ခေါ်ပါလား"

"ရှင်နဲ့နွေနှင်း ချစ်သူတွေမှမဟုတ်ကြတာ"

"ချစ်သူတွေဖြစ်ပါရစေလား"

"စဉ်းစားပါရစေဦး"

"ဒီလောက်ထိ စဉ်းစားနေရအောင် ကိုယ်က ကလေ ကချေတစ်ယောက်မဟုတ်ဘူးနော်၊ မင်းကိုကိုယ် သိပ်ချစ်လို့ ချစ်ခွင့်တောင်းနေတာကို မင်းသိပ်မစိမ်းကားပါနဲ့"

သူစိတ်ဆိုးသွားသလို ပြောသည်။

"ကျွန်မပြန်တော့မယ် ဒေါက်တာ"

"ကိုယ့်ကို အဖြေပေးပြီးမှ ပြန်ရမယ်"

ပြောပြီး သူကသူမလက်ကိုဆွဲကာ ချယ်ရီပင်ကြီး အောက် ခေါ်လာခဲ့သည်။

"အို. . . ကျွန်မလက်ကိုလွှတ်ပါ"

"မလွှတ်ဘူး၊ မင်းကိုကိုယ်ထာဝရဖက်ထားမယ်"

ပြောပြီး သူက သူ့ရင်ခွင်ထဲသူမကိုယ်လေးကို နစ်မြုပ် သွားမတတ် တင်းကြပ်စွာဖက်ထားလိုက်၏။

"ချစ်တယ်. . . အချစ်ဆိုတာ တစ္ဆေတစ်ကောင်လို



တဲ့၊ ရုတ်တရက် ဖြုန်းဆိုဝင်ရောက်လာတတ်ပြီး အဲဒီလူကို နှုးလောက်အောင် ပြုစားတတ်သတဲ့. . . ကြားဖူးလားဟင်"

သူက တိုးလျှသောအသံဖြင့် မေးသည်။

"ဟင့်အင်း"

"ကိုယ်ကတော့ ကိုယ်တိုင်ကြုံခဲ့ဖူးတာ၊ မင်းကို စတွေ့ တဲ့နေ့ကတည်းက စွဲလမ်းခြင်းဝေဒနာတွေကို ရင်နဲ့အပြည့် ခံစားခဲ့ရတယ်၊ မောင့်ကိုချစ်တယ်လို့ ပြောပါလား နွေနှင်းရယ်"

သူမပါးပြင်ပေါ် ပူနွေးနူးညံ့သည့် ယုယမှုတွေကျ ရောက်လာသည်။ သို့သော် သူမ မရုန်းဖယ်မိ။

သူမရင်ထဲတွင် ကိုကို့ကို နာကြည်းသည့်စိတ်နှင့် အိမ်စည့်ကိုမုန်းတီးစိတ်တို့ ပြည့်သိပ်မွန်းကျပ်နေ၏။

သူမရင်ထဲတွင် ဝေခွဲမရနိုင်ဘဲ သူ့အချစ်ကိုငြင်းပယ် ရန် တွေတွေဝေဝေရှိလှသည်မဟုတ်ပါလား. . .

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၈)

ရန်ကုန်သို့မပြန်ဖြစ်တော့ဘဲ ပင်းဒယတွင် သူမဆ[illegible] ပြီး နေဖြစ်ခဲ့သည်။

သူမနှင့်ဒေါက်တာရည်ရွှယ်သူတို့ ချစ်သူတွေဖြစ်[illegible] ကြပြီ။

သူမအနားမှာ တရစ်ဝဲဝဲနှင့်ချစ်နိုင်လွန်းသည့် သူ[illegible] အချစ်ကို ဥပေက္ခာမပြုနိုင်တော့ပါ။





တကယ်တော့ သူမရင်ထဲတွင် နာကျင်မှုအစိုင်အခဲက ကြီးမားလွန်းနေခဲ့လေပြီ။

ကိုကိုရဲ့ရက်စက်စိမ်းကားမှု. . .

ညီမဝမ်းကွဲဖြစ်သူ သီတာနွယ်၏သစ္စာမဲ့မှု. . .

ဒါတွေအားလုံးကို မေ့ဖျောက်ပစ်၍မရလောက်အောင် ရင်ထဲခါးသီးနာကြည်းလွန်းလှသည်။

ပထမအကြိမ်တွင် အချစ်ဦးကိုကို့ကို အလုယူခံခဲ့ရသည်မို့ ဒုတိယကြိမ်တွင်တော့ သူငယ်ချင်းအိမ်စည်ရဲ့လှည့်စားမှု သစ္စာမဲ့မှုကိုထပ်ပြီး မခံယူချင်တော့ပါ။

အကြိမ်ကြိမ်ရှုံးနိမ့်ရတဲ့ မိန်းမတစ်ယောက်မဖြစ်ချင်ဘူး. . .

သူမအား အလွန်စွဲလမ်းနေသည့် ယောကျ်ားတစ်ယောက်ကို သည်တစ်ခါလက်လွှတ်ဆုံးရှုံးမခံချင်တော့ပါ။ တစ်ခါလောက် မိန်းမသားချင်း အနိုင်လိုချင်မိသည်။

ဒါကြောင့် ဒေါက်တာရည်ရွှယ်သူ့အချစ်ကို သူမလက်ခံခဲ့ခြင်းပါ။

သူ့ကို သူမနှလုံးသားထဲက တကယ်ချစ်မချစ်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ဝေခွဲမရနိုင်သေးပေ။ သို့သော် သီတာနွယ့်ကိုရှုံးသလို အိမ်စည်
ကိုထပ်ပြီး အရှုံးပေးရမှာကြောက်နေမိသည်။

လွန်ခဲ့သည့်ရက်အနည်းငယ်က သူမနှင့်အိမ်စည်
စကားများခဲ့သည့်အကြောင်း ပြန်၍စဉ်းစားနေမိ၏။

"ကျွန်မအတိအကျသိချင်တယ် နွေနှင်း၊ ရှင်တို့နှ
ယောက် ဘယ်အခြေအနေရောက်နေကြပြီလဲ"

အိမ်စည့်အသံက မှုမမှန်။ ဒေါသနှင့်မခံချင်စိတ်
ကြောင့် လှိုက်တုန်လျက်ရှိ၏။

"ဒေါက်တာနဲ့တို့အကြောင်းကို မေးနေတာလား . . .
အိမ်စည်"

"သိပ်သေချာတာပေါ့ နွေနှင်း၊ ရှင်တို့နှစ်ယောက်
ဘာလဲ၊ ဘာလို့ဒီလောက်တောင် တတွဲတွဲဖြစ်နေရတာလဲ"

"ဒါက ရှင်းပါတယ်၊ သူနဲ့တို့ချစ်သူတွေဖြစ်သွား
ပြီလေ၊ နင်လူကဲခတ် ဒီလောက်ညံ့လိမ့်မယ်လို့ ငါမထင်ခဲ့မိ
အိမ်စည်"

သူမအသံတွင် မခံချင်စိတ်နှင့်အနိုင်ယူလိုစိတ်
ရောထွေးနေ၏။



"တောက်. . . နင်. . . နင် သိပ်လောဘကြီးတဲ့ မိန်းမ"

"ငါက လောဘကြီးတယ် ဟုတ်လား"

"ဟုတ်တယ်၊ ဟုတ်တယ်၊ နင်ဟာ very greedy and
selfish၊ သိပ်လောဘကြီးပြီးတစ်ကိုယ်ကောင်းဆန်တယ်"

အိမ်စည့်အသံက ကျယ်လောင်စူးရှနေပြီး ဒေါသ
ကြောင့် တစ်ကိုယ်လုံး တဆတ်ဆတ်တုန်ယင်နေ၏။

"နင်ထင်ချင်သလိုထင်နိုင်တယ် အိမ်စည်၊ ငါဂရု
စိုက်ဘူး၊ ဒေါက်တာက ငါ့ကိုသိပ်စွဲလမ်းနေတဲ့အတွက် သူ့
အချစ်ကို ငါလက်ခံလိုက်တာပါ၊ သူ့ကိုငါ လက်ထပ်မယ်"

"ဘာ. . . နင်ကသူ့ကိုလက်ထပ်မယ် ဟုတ်လား"

သူမစကားကြောင့် အိမ်စည့်မျက်ဝန်းများပြူးကျယ်
သွားလေသည်။

"လက်ထပ်မယ်ဆိုတာ ထူးဆန်းလို့လား အိမ်စည်၊
ချစ်သူတွေဆိုတာ တစ်နေ့လက်ထပ်ကြမှာပဲ မဟုတ်လား"

"နင်. . . နင်သိပ်မာယာများတဲ့ မိန်းမ"

အိမ်စည့်မျက်ဝန်းထဲတွင် မျက်ရည်များပြည့်လျှံလာပြီး
နေရာမှ ဆတ်ခနဲထပြေးသွားတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ခဏကြာတော့ အဝတ်သေတ္တာဆွဲပြီး အပေါ်ထပ်
အိမ်စည်ပြန်ဆင်းလာခဲ့သည်။

“ဒါက ဘယ်လဲ အိမ်စည်”

“ငါပြန်မယ်”

‘ဟင်. . .”

“တော်ပြီ. . . နွေနှင်း၊ ငါဒီမှာ တစ်စက္ကန့်တော
မနေချင်တော့ဘူး၊ ဒီရက်တွေအတွင်း ဒီအိမ်မှာနေခွင့်ပြုခဲ့
အတွက်တော့ ကျေးဇူးပါပဲ၊ ဒါပေမယ့် နင့်ကိုငါမုန်းသွား
နွေနှင်း၊ ငါသွားမယ်”

အိမ်စည်စိတ်ဆိုးမာန်ဆိုးဖြင့် အိမ်ထဲမှထွက်သွား
တော့၏။

သူမစိတ်မကောင်းဖြစ်မိသော်လည်း အိမ်စည်
မတားဖြစ်တော့ပေ။

တကယ်လို့ သူမသာ ရည်ရွယ်သူ့အချစ်ကို လက်
ခဲ့မိပါလျှင် အခုလိုအသည်းကွဲရမည့်သူက သူမပင်မ
ပါလား. . .





နောက်တစ်ကြိမ်ရှုံးနိမ့်ရမှာကို သူမအလွန်ကြောက်
ရွံ့မိလေသည်။

ဒီတစ်ခါအနိုင်ယူပါရစေတော့ အိမ်စည်ရယ်. . .



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၉)

အင်းလေး၊ ခေါင်တိုင်ဘက်သို့ သူဆေးသွားကုတာ လေးရက်ခန့်ရှိခဲ့ပြီဖြစ်သည်။

ထိုရက်များအတွင်း သူမသူ့ကို သတိရနေမိ၏။

ဩော်. . . တတွဲတွဲနေလာတဲ့ရက်ကလေးတွေကြာ လာတော့လဲ သူ့ကိုတကယ်ပဲ သံယောဇဉ်တွယ်နေမိပြီထင် ပါရဲ့. . .

သူနှင့်သွားခဲ့ဖူးသည့် ထင်းရှူးပင်နှင့်ချယ်ရီပင်တန်း





များရှိရာသို့ သူမတစ်ယောက်တည်း ကားမောင်းပြီးထွက်လာ ခဲ့မိသည်။

ရန်ကုန်မှ သူမထွက်လာခဲ့တာ ခုဆိုရင် ခြောက်လ တော့၊ ခုနစ်လပြည့်တော့မယ်မဟုတ်ပါလား. . .

ရင်နာစရာအဖြစ်တွေကို ပြန်လည်သတိမရလိုတော့ သဖြင့် ရန်ကုန်မြေကိုကျောခိုင်းထားခဲ့မိတာ ကြာခဲ့လေပြီ။

ကားကိုရပ်ရပ်ထားခဲ့ပြီး ထင်းရှူးပင်တစ်ပင်အောက်ရှိ ခုံတန်းလေးပေါ်တွင် ထိုင်နေမိသည်။

ဘယ်လောက်ကြာကြာထိုင်နေမိသည်မသိပါ။

သူမနောက်မှ သူမကိုယ်လေးကိုသိုင်းဖက်လိုက်သော လက်အစုံကြောင့် သူမလိပ်ပြာလွင့်မတတ် လန့်ဖျတ်သွားမိ၏။

“အမလေး”

“မောင့်အချစ်”

“ဟင်. . . ဒေါက်တာ၊ ရှင်ပြန်ရောက်လာပြီလားဟင်”

“ခုပဲ ပြန်ရောက်တာ၊ အချစ်အိမ်ကို တန်းပြီးသွားရင်း ဒီထင်းရှူးပင်ရှေ့မှာ အချစ်ကားလေးရပ်ထားတာမြင်လို့

www.burmeseclassic.com

www.burmeseclassic.com



မောင်ဒီကိုဝင်လာခဲ့တာပါ"

သူက သူမမျက်နှာလေးကို သေချာစိုက်ကြည့်သည်ပြီးတော့ ပြောသည်။

"မောင့်ကိုမလွမ်းဘူးလား အချစ်"

"မလွမ်းပါဘူး"

"မညာရဘူးနော်"

"မညာပါဘူး"

"မောင်ကတော့ လွမ်းလိုက်ရတာကွာ၊ ဆေးသာသွားကုနေရတာ၊ စိတ်ကိုမဖြောင့်ဘူး"

"ဒေါက်တာ အတော်ပင်ပန်းခဲ့သလားဟင်"

သူမမေးတာကို သူကမဖြေဘဲ မျက်နှာကြီးစူပုပ်သွား၏။

"ဘာဖြစ်သွားတာလဲ ဒေါက်တာ"

"ဘာဒေါက်တာလဲကွာ. . . မောင်လို့ခေါ်ပါလို့ ပြောထားလျက်နဲ့"

သူမက ဘာမှမပြောဘဲငြိမ်နေတော့ သူမကိုယ်လေးကိုဆွဲဖက်လိုက်ပြီး. . .





"ခေါ်လေကွာ. . . မောင်လို့"

"မခေါ်ရင်ကော. . ."

"မခေါ်ရင် ခေါ်အောင်ပညာပေးမယ်"

သူမက ပြုံးနေတော့ သူက. . .

"အချစ်. . . မောင့်ကို တကယ်မချစ်ဘူးလားဟင်"

". . . . . . . ."

"မောင်တို့လက်ထပ်ကြရအောင်နော်၊ ချစ်ကို မောင်သိပ်ချစ်နေမိပြီ၊ အခု မောင်အခွင့်လေးဘက်သွားနေရတာချစ်ကိုစိတ်မချနိုင်ဘူး၊ အရမ်းလွမ်းရတယ် ချစ်ရယ်"

သူမပါးပြင်ကို သူ့နှာခေါင်းဖြင့်ထိကပ်ရင်း တိုးတိတ်စွာ ပြောသည်။

"မောင့်ကိုပြောပြချင်တာ တစ်ခုရှိတယ်"

"ပြော. . . ပြော၊ ဘာများလဲ"

"နွေနှင်းမှာလေ. . . နွေနှင်းမှာ ချစ်သူတစ်ယောက်ရှိခဲ့ဖူးတယ်"

"မောင်သိတယ်လေ ချစ်ရဲ့"

"သူက သစ္စာမဲ့ခဲ့တယ် မောင်၊ နွေနှင်းမှာ ဘာအပြစ်



www.burmeseclassic.com

www.burmeseclassic.com



မှမရှိဘဲနဲ့ နွေနှင်းကို အဆက်ဖြတ်ပစ်ခဲ့တယ်၊ ဒါကြောင့် သူ့ကို သိပ်စိတ်နာတယ် မောင်"

"ချစ်ကိုတန်ဖိုးမထားတဲ့ အဲဒီလူအကြောင်း မေ့ပစ်လိုက်ပါ ချစ်ရယ်၊ မောင်လဲ အဲဒီအကြောင်းတွေနဲ့ပတ်သက်ပြီး ရင်ထဲမှာ ဘာမှမရှိဘူး၊ ချစ်ကို အသက်တမျှချစ်နေမိတဲ့ မောင်တစ်ယောက်လုံးရှိနေပြီပဲ၊ မောင့်ကို ချစ်လက်ထပ်မယ် မဟုတ်လားဟင်"

သူမ ခေါင်းညိတ်ပြမိသည်။

"ကျွန်မတို့ ရန်ကုန်ကိုပြန်ပြီး လက်ထပ်ကြရအောင်နော်"

"ချစ်သဘော၊ ချစ်မိဘတွေဆီမှာ ချစ်ကိုသွားတောင်းရဦးမယ်လေ၊ ပြီးရင် လက်ထပ်ကြမယ်၊ လက်ထပ်ပြီးရင် ဒီပင်းဒယမှာပဲ ပြန်နေကြမယ်နော် ချစ်"

"ဟုတ်"

"မောင်က ဒီမှာတာဝန်ကျနေတော့ ဒီမှာပဲနေမှဖြစ်မှာ တကယ်လို့ ချစ်ရန်ကုန်မှာနေချင်ရင် မောင်ကြိုးစားပါဦးမယ်ကွာ"





သူမဆံပင်လေးတွေကို ဆုပ်ကိုင်ကြည့်ရင်း သူပြောနေသည်။ သူက သူမအလိုကိုအလွန်လိုက်သူရယ်ပါ။

"ချစ်. . . မောင်တစ်ခုပြောစရာရှိတယ်";

"ဘာများလဲ"

"ဟိုတစ်ခါ ကလောဟိုတယ်လ်က ဒေလီယာခင်းတွေကြားမှာ ရိုက်ထားတဲ့ချစ်ရဲ့ပုံလေး မောင့်ကိုလက်ဆောင်ပေးပါလားဟင်"

"ဒါများ မောင်ရယ်၊ လက်တောင်ထပ်ကြတော့မယ်ဥစ္စာ၊ ဓာတ်ပုံတောင်းနေရသလား"

"မောင်အဝေးကိုထွက်သွားနေချိန်မှာ ချစ်ဓာတ်ပုံလေးကိုကြည့်ပြီး အလွမ်းဖြေနေချင်လို့ပါ ချစ်ရဲ့၊ ခုတစ်ခေါက်ခွဲလိုက်ရတာ တစ်သက်လောက်ကြာတယ်လို့တောင် ထင်မိခဲ့တယ်"

သူက ကလေးတစ်ယောက်ချွဲနွဲ့သလို လွမ်းလွမ်းဆွေးဆွေး ပြောနေပြန်သည်။

သည်လိုနှင့် ရန်ကုန်ရှိသူမမိဘတွေထံ သွားတွေ့ရမည့်ရက်က တစစနှင့်နီးလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရန်ကုန်သွားရမယ့်ရက်က နီးလာပြီနော် မောင်၊ အဝတ်အစားတွေ ဘာတွေ သိမ်းထားပြီးပြီလားဟင်"

"မသိမ်းရသေးဘူး ချစ်၊ ချစ်ကိုပြောရဦးမယ်၊ မောင် ဒီမှာ ကိစ္စလေးတစ်ခုပေါ်လာလို့ ခုချက်ချင်းမလိုက်နိုင်သေးဘူး ချစ်သွားနှင့်နော်၊ မောင်နောက်တစ်ပတ်လောက်မှ လိုက်လာခဲ့မယ်နော်"

"ဟင်. . . မောင်ကလဲ"

သူက သူမကိုယ်လေးကိုတင်းကြပ်စွာဖက်ထားလိုက်ပြီး ပါးပြင်တစ်ဖက်ကို ငုံ့နမ်းသည်။ ပြီးတော့ ပြောသည်။

"ဖြစ်နိုင်ရင် အားလုံးကိုစွန့်လွှတ်ပြီး ချစ်နောက်ကို လိုက်ခဲ့ချင်ပါတယ်ကွာ"

"တကယ်တော့ ရန်ကုန်ကို မောင်နဲ့အတူပြန်ချင်တာပါ မောင်ရယ်၊ ဒါပေမယ့် မေမေတို့ဆီဖုန်းဆက်ပြီးသား ဖြစ်နေတော့ ရှေ့နှင့်သွားရတော့မယ်"

"တစ်ပတ်ထဲပါ ချစ်ရယ်၊ မောင်လဲမခွဲချင်ပါဘူး၊ ချစ်ကို အိပ်မက်ထဲထိလွမ်းနေမိမှာပါ"

သူက သူမမျက်နှာပေါ် ဝေ့ဝဲကျနေသည့် ဆံနွယ်လေး





တွေကို တယုတယသပ်တင်ရင်းပြောသည်။

သူမရင်ထဲမှာ ရန်ကုန်ကိုတစ်ယောက်တည်း ပြန်သွားရမှာ စိုးရွံ့နေမိ၏။ တကယ်တော့ သူနှင့်အတူ ခေါင်းမော့ရင်ကော့ပြီး ရန်ကုန်ပြန်ချင်မိသည်မဟုတ်ပါလား. . .



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၀)

ရန်ကုန်သို့ သူမတစ်ယောက်တည်း ကားမောင်းပြီး ပြန်လာခဲ့သည်။

မောင်က တစ်ယောက်တည်းကားမောင်းပြီး မပြန်ရန် အတန်တန်တားသော်လည်း သူမက ဇွတ်အတင်းပြန်လာခဲ့သည်။

"ချစ်ကိုမောင် လုံးဝစိတ်မချဘူး ချစ်ရယ်၊ Express ကားနဲ့ပြန်ပါလားကွာ"ဟု အထပ်ထပ်ပြောပေမယ့် သူမက လက်မခံခဲ့။

ရန်ကုန်ပြန်ရောက်တော့ ဖေဖေမေမေတို့ကို အကြောင်းစုံ ရှင်းပြခဲ့သည်။ ဖေဖေမေမေတို့က ဘာမှမပြောကြသော်လည်း မျက်နှာတော့သိပ်ကောင်းကြပါ။

"ဒေါက်တာရည်ရွယ်သူက ဘယ်တော့လိုက်လာမလဲ သမီး"

"တစ်ပတ်လောက်ကြာရင် သူလိုက်လာပါလိမ့်မယ် အဖေ"

"ကဲ. . . ကဲ၊ သမီးလဲ ခုမှအိမ်ပြန်ရောက်တော့ နားဦး ပေါ့ကွယ်"

ဖေဖေက ဘာမှမပြောသော်လည်း မေမေက သူမ အား တစ်ခုခုပြောလိုဟန်ရှိသည်။ သို့သော် ဘာမှတော့မပြော။

ရန်ကုန်ပြန်ရောက်သည့်ညက မောင့်ထံမှဖုန်းလာ သည်။

"ဘာလို့ ဒီလောက်တောင်စိတ်ပူနေရတာလဲ၊ ချစ် ဘာမှမဖြစ်ပါဘူး"

"မောင့်ကိုမလွမ်းဘူးလား"

"ဒီနေ့မှ ရန်ကုန်ပြန်ရောက်တာ လွမ်းရတော့မှာလား"

"မောင်ကတော့ လွမ်းတယ်၊ တစ်မိနစ်ဝေးရရင်ကောင်



www.burmeseclassic.com

www.burmeseclassic.com



အသည်းကြွေမတတ် လွမ်းရတယ်"

"အပြောသိပ်ကောင်းတဲ့သူတွေဟာ မယုံရတတ်ဘူးလို့ ကြားဖူးတယ် မောင်"

"မောင့်အချစ်ကို မယုံနိုင်သေးဘူးလား ချစ်ရယ် ချစ်ကို အရာအားလုံးထက်ပိုပြီး မြတ်နိုးတယ်၊ စွဲလမ်းရတယ်"

"သိပါတယ် ဒေါက်တာရယ်၊ ကဲ. . . ကျွန်မခရီးပန်းလာလို့ နားပါရစေတော့နော်"

"ဆောရီး ချစ်၊ ဒါဖြင့် မောင်ဖုန်းချလိုက်တော့မယ်နော် ချစ်. . . မောင့်ကိုသတိရပြီးမှ အိပ်နော်"

"အင်းပါ. . . အင်းပါ"

ဖုန်းပိတ်ပစ်လိုက်ပြီး သူမမျက်လုံးတွေမှိတ်ထားလိုက်သည်။

မျက်ဝန်းတွေထဲမှာ မောင့်ပုံရိပ်လေးတွေ ပေါ်လာသည်။

မောင့်ကို ကျွန်မတကယ်ချစ်မိခဲ့ပြီလား. . .

ကိုကို့ကို ကျွန်မတကယ်မေ့နိုင်ပြီပေါ့. . .

သူမဝေခွဲမရ။





သူမမျက်ဝန်းတွေက ခုတင်ဘေးရှိ Photo stand လေးပေါ်သို့ရောက်သွားသည်။ ဓာတ်ပုံဘောင်ထဲမှ 'ကိုကို'က သူမကိုပြုံးပြနေလေသည်။

နက်မှောင်တဲ့ မျက်ခုံး၊ ရွှန်းလဲ့တောက်ပသော မျက်ဝန်း၊ ပေါ်လွင်ထင်ရှားသည့် နှာတံနှင့် ပိရိသေသပ်ပြီး ပရိသာယ်ကြွယ်ဝလှသော နှုတ်ခမ်းတစ်စုံ. . .

ဓာတ်ပုံကိုငေးကြည့်ရင်း သူမရင်ထဲလှိုက်မောလာပြီး မျက်ဝန်းထဲမျက်ရည်တွေ သူ့အလိုလိုရောက်လာသည်။

နှလုံးသားသည် တဆစ်ဆစ်နာကျင်လာ၏။

ခုတင်ပေါ်မှ ဝုန်းခနဲထပြီး Photo stand လေးကို မှောက်ပစ်လိုက်သည်။ ပြီးတော့ မျက်ရည်များကို လက်ခုံဖြင့် ခပ်ကြမ်းကြမ်းသုတ်ပစ်လိုက်၏။

"အို. . . မုန်းတယ်. . . ရှင့်ကို သိပ်မုန်းတယ်"

ခုချိန်ထိ သူ့ကြောင့်ခံစားနေရသော သူမနှလုံးသားကို သူမ နာကြည်းနေမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁၁)

နောက်သုံးရက်ခန့်အကြာ။

ထိုနေ့မနက်စောစော သူမမနက်စာစားနေစဉ် ရုတ်တရက်ကြားလိုက်ရသောအသံကြောင့် စိတ်အနှောင့်အယှက်ဝင်သွားမိ၏။

"မနွေ. . . မနွေပြန်ရောက်နေပြီနော်၊ မတွေ့ရတာတောင် အတော်ကြာပြီနော် မနွေ၊ အသားနည်းနည်းညိုသွားသလိုပဲ၊ ဒါပေမယ့် ပိုလှလာတယ် သိလား"

ရွှန်းရွှန်းဝေအောင် သူမကိုနှုတ်ဆက်နေသည့် သီတာ





နွယ့်ကို သူမပြန်၍ပြုံးမပြဖြစ်ပါ။

"ဘယ်အချိန်ကတည်းက ထွက်လာခဲ့သလဲ မသိတာ"

မေမေက မေးသည်။

"မနက်အစောကြီးထွက်တဲ့ကားနဲ့ လာခဲ့တာပါ. . အန်တီ"

"ဩော်. . . အေး အေး၊ ညီမနှစ်ယောက်စကားပြောကြဦးပေါ့ ဟုတ်လား"

မေမေက ထမင်းစားခန်းမှထွက်သွားတော့ သီတာနွယ်က သူမဘေးတွင်ဝင်ထိုင်လိုက်သည်မို့ သူမထိုင်နေရာမှ ဆတ်ခနဲထရပ်လိုက်၏။

"ခဏနေပါဦး မနွေရယ်"

"နင့်မျက်နှာကို ငါမကြည့်ချင်ဘူး သီတာနွယ်၊ နင်နဲ့ငါ့ကြားမှာလဲ ဘာမှပြောစရာစကားမရှိဘူး"

သူမအသံက ဒေါသကြောင့် အနည်းငယ် တုန်ယင်နေ၏။

"နွယ်သိပါတယ်၊ နွယ့်ကိုမနွေ မတွေ့ချင် မမြင်ချင်ဘူးဆိုတာ နွယ်သိပါတယ်၊ ဒါပေမယ့် နွယ့်မှာပြောစရာစကား

www.burmeseclassic.com

www.burmeseclassic.com



တွေ ရှိနေလို့ပါ မနွေ့"

သီတာနွယ့်မျက်နှာကို သူမစူးစိုက်ကြည့်လိုက်ပြီး. . .

"အေး. . . ပြောစရာရှိတယ်ဆိုရင် ငါကပဲအရင်ပြောလိုက်မယ်၊ ငါအခု ရန်ကုန်ကိုပြန်လာတာ အကြောင်းမဲ့ သက်သက်မဟုတ်ဘူး၊ ငါနဲ့ဒေါက်တာရည်ရွှယ်သူဆိုတဲ့လူနဲ့ မကြာခင်လက်ထပ်တော့မယ်ဆိုတဲ့အကြောင်း ဖေဖေနဲ့မေမေ့ကို လာပြီးအသိပေးတာ"

သူမစကားကြောင့် သီတာနွယ်အလွန်အံ့ဩတုန်လှုပ်သွားသည့်အမူအရာဖြင့်. . .

"ဟင် မနွေ့. . . မနွေ့ လက်ထပ်တော့မယ် ဟုတ်လား"

"ဟုတ်တယ်၊ ပင်းဒယမှာသွားနေတုန်း ဒေါက်တာနဲ့ ငါချစ်ခဲ့ကြတယ်၊ ပြီးတော့ လက်ထပ်ဖို့စီစဉ်ခဲ့ကြတာပဲ ငါ့လက်ထပ်ပွဲ နင့်ကိုဖိတ်မှာပါ၊ စိတ်ချ"

သူမအသံတွင် မခံမရပ်ဖြစ်ခြင်း၊ နာကြည်းခြင်း၊ မုန်းခြင်းများ ပါဝင်နေကြောင်းသိနိုင်ပါသည်။

"မနွေ့တကယ်ပဲ လက်ထပ်တော့မှာပေါ့နော်၊ ကို





ညီထွဋ်ကို သတိမရတော့ဘူးလားဟင်၊ မနွေ့ သူ့ကိုတကယ်မေ့နိုင်ပြီလား"

သူမ ခပ်မဲ့မဲ့ပြုံးလိုက်ပြီး. . .

"သူ့ကို ငါ့ခေါင်းထဲက အပြီးအပိုင်ထုတ်ပစ်လိုက်တာ ကြာခဲ့ပြီ"

"မနွေ့က တကယ်ပဲ မေ့နိုင်ပြီကိုး"

"ဒါနဲ့ နေပါဦး၊ နင်တို့နှစ်ယောက် လက်မထပ်ဖြစ်ကြသေးဘူးလား"

သီတာနွယ်က ခေါင်းကိုဖြည်းညင်းစွာ ခါယမ်းရင်း မှိတ်ထားလိုက်၏။

"ကဲ. . . ပြောစရာဒါပဲမဟုတ်လား၊ ငါလုပ်စရာ [illegible]တွေရှိသေးတယ်၊ ဒေါက်တာက မကြာခင်ရက်အတွင်း ရောက်လာတော့မှာလေ"

"ခဏနေပါဦး မနွေ့၊ မနွေ့ကို ပြောပြစရာတွေ နွယ့်ရင်နဲ့ အပြည့်ရှိနေလို့ပါ၊ နွယ်တို့တစ်နေရာမှာ အေးအေးဆေးဆေး ထိုင်ပြီး ပြောကြရအောင်နော်"

"ဘာကိစ္စ နင်နဲ့ငါ အေးအေးဆေးဆေးစကားပြောရ



www.burmeseclassic.com

www.burmeseclassic.com



ဦးမှာလဲ၊ ငါ့မှာ အချိန်တွေအဲဒီလောက်ထိ မပိုဘူး"

"မနွေသိသင့်သိထိုက်တဲ့ကိစ္စတွေ ရှိနေလို့ပါ မနွေ နွယ့်မျက်နှာကိုမကြည့်ချင်ရင်တောင်မှ ခဏလေးသည်းခံ လိုက်ခဲ့ပေးပါနော်"

မျက်စိမျက်နှာတွေပျက်ပြီး တောင်းတောင်းပန်ပန် ပြောနေသည့် သီတာနွယ့်ကိုအဖြေမပေးဘဲ သူမနှုတ်ဆိတ်နေ သောကြောင့် မေမေက အားနာသလို လှမ်းပြီးပြောလိုက် သည်။

"သူပြောစရာရှိတယ်ဆိုရင် လိုက်သွားပြီး နားထော ပေးလိုက်ပါကွယ်"

မေမေက ဝင်ပြောနေသဖြင့် သူမဘာလုပ်ရမှန်းမ ဖြစ်နေမိသည်။

***

"ဘယ်တွေကိုလျှောက်ပြီး မောင်းခိုင်းနေတာလဲ သီတာနွယ်၊ ပြောစရာရှိရင် ပြောပါတော့လား"

သူမကားမောင်းရင်း စိတ်မရှည်သလို ပြောလိုက် သည်။

"နေရာလေးတစ်ခုကိုပါ မနွေ၊ အဲဒီနေရာကိုရောက် ရင် နွယ်ဘာမှပြောစရာမလိုဘဲ အားလုံးကို မနွေသဘော ပေါက်နားလည်သွားပါလိမ့်မယ်"

သီတာနွယ့်မျက်ဝန်းတွေက ရီဝေပြီး အေးစက်စက် ဖြစ်နေလေသည်။

သီတာနွယ်ခေါ်လာခဲ့သည့်နေရာသို့ ရောက်သော အခါ သူမအလွန်အမင်းအံ့ဩသွားမိသည်မဟုတ်ပါလား. . .

"ဟင်. . . နင်ငါ့ကို ဒီနေရာဘာလို့ခေါ်လာရတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ထုံးဖြူဖြူသုတ်ထားသည့် အုတ်ဂူတွေစီတန်းနေသည် သုသာန်နေရာကိုမြင်လိုက်ရသဖြင့် သူမထိတ်လန့်သွားမိ၏။

"ကားပေါ်က ဆင်းပါ မနွေ"

သီတာနွယ်က ကားပေါ်မှအရင်ဆင်းသွားပြီး အုတ်ဂူဖြူဖြူတစ်လုံးရှိရာသို့ဦးတည်ပြီး လျှောက်သွားနေ၏။ သီတာနွယ့်နောက်မှ သူမကယောင်ကတမ်းလိုက်လာခဲ့မိသည်။

"ရောက်ပြီ မနွေ"

သီတာနွယ်က အုတ်ဂူဖြူဖြူတစ်လုံးရှေ့တွင် ရပ်ပြီး ပြောလိုက်၏။

အုတ်ဂူပေါ်မှ နာမည်ကိုဖတ်ကြည့်လိုက်ပြီး သူမ ခေါင်းထဲမိုက်ခနဲဖြစ်သွားမိသည်။

| |
|---|
| မျိုးညီညီထွဋ်<br>အသက် (၃၀)နှစ် |

"ဟင်. . . ဒါ. . . ဒါ ဘယ်လိုဖြစ်တာလဲ"

အံ့ဩမယုံနိုင်လွန်းသဖြင့် သူမယိုင်လဲမတတ်





သွား၏။

"ကိုကိုညီထွဋ်ရှိတဲ့ဆီ မနွေကို ခေါ်လာခဲ့တာပါ မနွေ"

"သူ. . . သူဘယ်တုန်းက ဆုံးသွားတာလဲ သီတာနွယ်၊ နင်နဲ့သူတကယ်ပဲ လက်မထပ်ဖြစ်ခဲ့ကြဘူးပေါ့"

အိပ်မက်မှလန့်နိုးသူတစ်ယောက်လို သူမထစ်ငေါ့စွာ မေးမိသည်။

"ကိုကိုညီထွဋ်နဲ့နွယ်ဟာ တကယ်တော့ ဘာမှမပတ်သက်ခဲ့ပါဘူး မနွေ၊ နွယ်ကသာ ကိုညီထွဋ်ကိုတစ်ဘက်သက်ချစ်ခဲ့မိတာပါ"

"ဒါဖြင့် နင်ငါ့ကို ဖုန်းဆက်ခဲ့တာတွေဟာ. . ."

"နွယ်လုပ်ကြံဖန်တီးပြီး ပြောခဲ့တာပါ မနွေ၊ တကယ်တော့ ကိုညီထွဋ်က နွယ့်ကိုအဲဒီလိုပြောပေးဖို့ အကူအညီတောင်းခဲ့တာပါ"

"ဟင်. . . ဘယ်လို"

"ကိုညီထွဋ်အဖြစ်က တကယ်ရင်နာကြေကွဲဖို့ကောင်းပါတယ် မနွေရယ်၊ သူအသည်းကင်ဆာဖြစ်နေခဲ့တဲ့ အကြောင်းကို မနွေမသိစေချင်လို့ ဖုံးကွယ်ထားခဲ့တာပါ၊ တကယ်လို့



www.burmeseclassic.com

www.burmeseclassic.com



မနွေကို အသိပေးခဲ့ရင် သူသေဆုံးသွားတဲ့အခါ မနွေ တစ်ယောက်တည်း လွမ်းကျန်ရစ်ခဲ့မှာ စိုးလို့တဲ့လေ၊ ဒါကြောင့် သူ့ကိုစိတ်နာပြီး မုန်းမေ့သွားအောင် မနွေကို တမင်တကာ လမ်းခွဲစကားပြောခဲ့တာပါ မနွေရယ်"

ပြောရင်းဖြင့် သီတာနွယ် ရှိုက်ငိုနေ၏။

ဝမ်းနည်းကြေကွဲမှုတွေ သူမရင်တွင်းဆီအလုံးအရင်းနှင့်ဝင်ရောက်လာပြီး ရုတ်တရက်အသက်မဲ့သွားသလို ခံစားလိုက်ရ၏။

"ကိုညီထွန်းဟာ တကယ်တော့ သစ္စာတရားကြီးမားခဲ့တဲ့သူပါ မနွေ၊ မနွေကလွဲပြီး ဘယ်မိန်းကလေးကိုမှ စိတ်မဝင်စားခဲ့၊ မချစ်ခဲ့တဲ့သူပါ၊ သူသေဆုံးသွားတဲ့နေ့အထိ မနွေတစ်ယောက်တည်းကိုပဲ စွဲစွဲမြဲမြဲချစ်သွားခဲ့တာပါ အဟင့်. . ဟင့်ခုဆို သူဆုံးသွားတာ သုံးလခွဲကျော်ကျော်ရှိခဲ့ပြီ၊ သူဆုံး ခါနီးမှာ မနွေကိုသိပ်တွေ့ချင်ခဲ့ရှာတာပါ၊ ဒါပေမယ့် သူ့ခမျာ မျိုသိပ်ခံစားသွားရှာပါတယ်"

သီတာနွယ့်စကားတွေကို ဆက်လက်နားထောင်နိုင်စွမ်းမရှိတော့သလို သူမရပ်နေရာမှ လဲပြိုသွားတော့၏။





"ဟင် မနွေ. . . မနွေ"

ကိုကို့အုတ်ဂူပေါ် လက်ထောက်လျက်သားဖြစ်သွားပြီး ကိုကို့နာမည်ရေးထားသည့် ကြေးပြားလေးကို ငေးကြည့်ရင်းပါးပြင်ပေါ် မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျလာ၏။

ရင်တစ်ခုလုံးဟာလာဟင်းလင်း ပွင့်ထွက်သွားသလိုခံစားနေရပြီး ထိုအဖြစ်အပျက်ကို ဘယ်လိုမှမယုံကြည်နိုင်ဘဲဖြစ်နေမိသည်။

အကြေကွဲဆုံး နာကျင်ကြေကွဲမှုများစွာတို့ဖြင့် သူမရင်တစ်ခုလုံး မွန်းကြပ်ဆို့နစ်ပြီးထွက်ပေါက်မဲ့လျက်ရှိနေလေသည်။

"ကိုကို. . . ကိုကိုရယ်၊ နွေနှင်း တကယ်. . တကယ်ထားခဲ့ပါပြီ"

- - -နွေနှင်းကို သိပ်ချစ်တယ်ဆိုတဲ့ ကိုကိုရယ်. . . ကိုကိုသိပ်ချစ်တဲ့ နွေနှင်းကိုနှုတ်ဆက်စကားလေးတောင် ပြောသွားခဲ့ပါလား. . .



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁၂)

ပြတင်းပေါက်မှတဆင့် လာရောက်ရိုက်ခတ်ကြသော မိုးစက်တွေကိုငေးကြည့်ရင်း သူမရင်ထဲဆို့နစ်ကြေကွဲနေ လေသည်။

သူမခုတင်ပေါ်တွင် လှဲအိပ်နေမိခြင်းပါ။ သူမမျက် ဝန်းများက ပြတင်းပေါက်မှတဆင့်မြင်နေရသော မိုးစက်လေး များဆီသို့. . .

တစ်ခါတရံ မိုးစက်မိုးပေါက်များကြားမှာ နီးလာတ တဲ့ ကိုကို့ခြေသံတွေကို ကြားမိသလိုလို. . .

ပြီးတော့ "ချစ်လေးရယ်. . . ကိုကို့ဆီ ပြန်လာခဲ့





ကိုကိုချစ်လေးနဲ့သိပ်တွေ့ချင်တယ်"ဆိုတဲ့ ကိုကို့ခေါ်သံတွေကို မပီဝိုးတဝါးကြားမိသလိုလို. . .

ပြတင်းပေါက်ကို ရိုက်ခတ်နေသော မိုးစက်မိုးပေါက် များမှ အတိတ်ဆီက ကားမှန်ပေါ်ရိုက်ခတ်ခဲ့သော မိုးစက်များ သူမမျက်ဝန်းထဲ တစစပြန်လည်ထင်ဟပ်လာခဲ့လေသည်။

အတိတ်သည် ရင်ထဲအသည်းထဲ တိုးဝင်လာခဲ့ပြန် သည်။

♥♥♥ "မိုးတွေရွာလာပြီ ကိုကို"

♥♥♥ "ချမ်းသလား ချစ်လေး၊ ကိုကိုဖက်ထားပေးမယ်လေ"

♥♥♥ "မိုးရွာတိုင်း ကိုကိုတို့ချစ်ခဲ့ကြတဲ့ ဒီနေ့ကလေးအကြောင်း ကို အမြဲသတိတရရှိရမယ်နော်"

ကိုကို့စကားသံတွေ၊ ပြီးတော့ နူးညံ့နွေးထွေးတဲ့ ကိုကို့ အနမ်းတွေ. . ပြီးတော့ ခန့်ညားချောမောသည့် ကိုကို့ရုပ်သွင် . . . အကြွင်နာမျက်ဝန်းတစ်စုံ. . .

အို. . . ဒါတွေအားလုံး နွေးနှင်းနှလုံးသားကို သတ် ဖြတ်နေကြပြီ ကိုကို. . . နွေးနှင်းကို ဒဏ်ခတ်နေကြပြီထင်ပါ ရဲ့. . .



www.burmeseclassic.com

www.burmeseclassic.com



အချစ်ဆုံးကိုကိုရယ်. . . ကိုကို့အကြောင်းတွေအားလုံး နွေနှင်းကိုပြောပြခဲ့သင့်ပါတယ်ကွယ်. . . ခုတော့ နွေနှင်းဘယ်လိုဖြေရတော့မှာလဲ. . .

နာကျင်ကြေကွဲမှုများစွာ နှလုံးသားကို ထိုးနှက်ခြင်းခံခဲ့ရပြီမို့ သူမအိပ်ယာထဲလဲသွားခဲ့ရသည်။

အိပ်ရာပေါ်လှဲနေရင်း မျက်ရည်တွေစီးကျချင်တိုင်းစီးကျနေလေ့ရှိသည်။ ငိုရလွန်း၍လားမသိ၊ ရှိုက်သံပင် မထွက်ချင်တော့။

တစ်ခါတစ်ခါ ပင်ပန်းလွန်း၍မေ့ခနဲအိပ်ပျော်သွားတတ်သည်။ ထိုအခါ အိပ်မက်ထဲတွင် ကိုကိုနှင့်ဆုံသည်။

ကိုကိုမသေဆုံးဘူးတဲ့. . . အိပ်မက်ထဲမှာ ကိုကိုနဲ့လျှောက်လည်နေမိကြပြန်သည်။ အိပ်မက်ကနိုးလျှင်တော့ကြေကွဲဆို့နစ်ရပြန်ပြီမဟုတ်ပါလား. . .

ဩော်. . . ကိုကိုရယ်၊ ကိုကိုနဲ့ပတ်သက်တဲ့ အမှတ်တရဆိုလို့ နွေနှင်းဆီမှာ ကိုကို့ဓာတ်ပုံလေးတစ်ပုံနဲ့ဒိုင်ယာရီလေးတစ်အုပ်ပဲ ကျန်ခဲ့ပါလားကွယ်. . .

ကိုကိုဝယ်ပေးခဲ့သည့် စိန်တစ်ဆင်စာကို သူမစိတ်ဆိုး





ဆိုးဖြင့် ပြန်ပေးခဲ့မိသည်။

နောက်တစ်နေ့မနက်တွင် ကိုကို့အိမ်သို့ သူမသွားပြီး အမှတ်တရသိမ်းထားရန် ဓာတ်ပုံများသွားတောင်းခဲ့မိသည်။ သို့သော် ကိုကိုက သူမသေခင်ကတည်းက သူ့ဓာတ်ပုံအားလုံးမီးရှို့ဖျက်ဆီးပစ်ခဲ့သည်တဲ့. . .

"ဒါဆို ကိုကိုနဲ့ပတ်သက်တဲ့ ဘာပစ္စည်းမှ သိမ်းထားလို့ မရနိုင်တော့ဘူးပေါ့"

သူမမျက်ရည်ဝဲဝဲဖြင့်ပြောတော့ သူ့မိခင်က. . .

"သမီးလိုချင်တယ်ဆိုရင်တော့ သားရဲ့ကွန်ပြူတာ Note book လေးတစ်လုံးကျန်ခဲ့တယ်၊ အဲဒါလေး ယူချင်ယူသွားပေါ့ကွယ်၊ ပြီးတော့ သမီးအတွက်ဝယ်ထားတဲ့ စိန်တစ်ဆင်စာကိုပြန်ပေးဖို့ အန်တီတို့ကို မှာထားခဲ့တယ်"

သူ့မိခင်ယူပေးသည့် ကိုကို့ကွန်ပြူတာ Note book လေးနှင့် စိန်ဘူးကိုယူပြီး သူမအိမ်ပြန်လာခဲ့သည်။

အိမ်ရောက်တော့ သူ့ကွန်ပြူတာလေးကို ဖွင့်ကြည့်လိုက်သည်။ ဖွင့်ဖွင့်ချင်း Desktop ပေါ်တင်ထားသည့် သူမဓာတ်ပုံလေးကြောင့် သူမနှလုံးသားတွေ ကွဲကြေသွားရပြန်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ကိုကိုရယ် . . ."

သူမရှိုက်ငိုမိပြန်၏။

ကိုကိုနောက်ဆုံးထားရစ်ခဲ့သည့် Computer Note book လေးထဲရှိ file လေးတွေကို တစ်ခုပြီးတစ်ခု အလွမ်းပြေ ကြည့်နေမိသည်။

My folder ထဲတွင် "For Chit Lay" (ချစ်လေး) အတွက်ဆိုသည့် file ကိုတွေ့လိုက်ရသောကြောင့် သူမရင်ခုန် လှုပ်ရှားသွားမိ၏။

ဖိုင်လ်ကိုဖွင့်ကြည့်လိုက်သောအခါ Windows Media Player ထဲတွင်ပေါ်လာသော ကိုကို့ရုပ်သွင်ကိုမမျှော်လင့်စွာ တွေ့လိုက်ရသည်။

ကိုကိုက သူမကိုပထမဦးစွာ ပြုံးပြသည်။ သူမရင်ထဲ ဆို့နစ်သွားရ၏။ ပြီးတော့ ကိုကိုစကားစပြောသည်။

"ဒီကွန်ပျူတာ Note book လေးကို ချစ်လေးအတွက် ချန်ထားရစ်ခဲ့တာပါ၊ ဒါပေမယ့် အခုချက်ချင်းကြီးဖွင့်ကြည့်ဖို့ တော့မဟုတ်ပါဘူး"





ကိုကို့အသံနှင့်ကိုကို့ရုပ်ကို မြင်နေရသည်မို့ သူမငိုနေ သည်။

ကိုကို့ပုံစံက ကြည်ကြည်လင်လင်မရှိ။ မျက်ဝန်းတွေ ညှိုးမှိန်နေပြီး နေမကောင်းတော်တော်ဖြစ်နေပေပြီ။

"ကိုယ်မရှိတော့တဲ့တစ်နေ့ အကြောင်းတစ်စုံတစ်ရာ ကြောင့် ချစ်လေး ဒီ computer လေးကိုရခဲ့မယ်ဆိုရင် ဖွင့် ကြည့်ဖို့ပါ၊ ကိုကို့အကြောင်းတွေကို တစ်နေ့ကျရင် ချစ်လေး နားလည်နိုင်ပါစေလို့ ကိုကိုဆုတောင်းပါတယ် . . .

အဲဒီတစ်နေ့ဆိုတာ အကြာကြီးပေါ့ကွာ၊ ကိုကို့ကို ချစ် လေးမုန်းမေ့သွားပြီး နောက်ပျော်ရွှင်စရာဘဝသစ်တစ်ခုကို ထူထောင်ပြီးတဲ့အခါလောက်ပေါ့၊ အဲဒီအချိန်ဆိုတာ နောက် ဆယ်နှစ်လဲဖြစ်ချင်ဖြစ်လိမ့်မယ်၊ တစ်နေ့နေ့ပေါ့နော်၊ အဲဒီ အချိန်ဆို ချစ်လေးမှာ သားတွေသမီးတွေလဲ ရှိချင်ရှိနေလိမ့် မှာပေါ့ . . ."

ပြောပြီးသူကပြုံးသည်။ ကွန်ပျူတာထဲမှ သူ့ကိုကြည့် ရင်း သူမပါးပြင်ပေါ် မျက်ရည်တွေစီးကျနေလေသည်။

"အဲဒီအချိန်လောက်ရောက်မှ ဖွင့်ကြည့်စေချင်ပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့လဲဆိုတော့ ကိုကို့အတွက်ချစ်လေးခံစားနေရမှာ
စိုးလို့ပါ၊ ကိုကို့ရင်ထဲမှာ ချစ်လေးအတွက် တစ်သက်လုံး
အမှတ်တရဆိုပြချင်နေခဲ့တဲ့ သီချင်းလေးတစ်ပုဒ်ရှိတယ်၊ အ
ကိုကိုဆိုပြမယ်၊ ချစ်လေး နားထောင်မယ်မဟုတ်လားဟင်"

သူမခေါင်းညိတ်နေမိသည်၊

သူက hollow ဂစ်တာကိုခေါက်လျက် Westlife bo
band ၏ " Close " သီချင်းကို သီဆိုနေသည်။

*** Across the miles, it's funny to me
How far you are
but how near you seem to be
Just to hear you breathe
I could spend my life
Just living this dream
You're all I'll ever need
You give me strength, you give me hope,
You give me someone to love
someone to hold





When I'm in your arms
I need you to know
I've never been, never been this close
Chorus: Close enough to see it's true
Close enough to trust in you
Close now than any words can say ...

သူမခံစားနိုင်စွမ်း မရှိတော့သလို မျက်နှာကိုလက်ဖြင့် အုပ်ပြီး ရှိုက်ကြီးတငင် ငိုကြွေးလိုက်မိသည်။

နာကျင်ထိခိုက်မှုများစွာကြောင့် တစ်ချက်တစ်ချက် အသိကင်းမဲ့သလို ဖြစ်သွားတတ်လေသည်။

❋❋❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၃)

"ဒေါက် ... ဒေါက် ... ဒေါက်"

"သမီးရေ ... သမီး"

"......"

"သမီးရေ ..."

မေမေ့ခေါ်သံကြောင့် သူမမျက်လုံးတွေ အသာ...

ကြည့်လိုက်သည်။

"ရှင်"

သူမအသံက အင်အားမရှိလှ။

"အောက်မှာ ဧည့်သည်ရောက်နေတယ်ကွယ်၊ ...





...ရည်ရွယ်သူတဲ့"

မေမေ့စကားကြောင့် သူမသတိပြန်ဝင်လာသူလို ...တ်လန့်တုန်ယင်သွား၏။

ဟင် ... သူ ... သူ ...

"ခဏနေဆင်းလာခဲ့နော်၊ မေမေတို့ဧည့်ခံထားလိုက် ...ယ်"

မေမေပြန်ဆင်းသွားသံကိုကြားရ၏။

သူမရင်တွေ တဒိတ်ဒိတ်ခုန်နေလေသည်။

သူတကယ်လိုက်လာပြီပဲ ... ငါဘာလုပ်ရမလဲ ... ...ဘာလုပ်သင့်သလဲ ...

သူမရင်ထဲ အတွေးများစွာဖြင့် မွန်းကြပ်ရှုပ်ထွေးလွန်း ...၏။

သူ့ကိုငါလုံးဝမေ့သွားခဲ့ပါလား ... ကိုကို့ကို နာကြည်း ...စိတ်ကြောင့် သူနဲ့ငါချစ်သူတွေဖြစ်ခဲ့မိတယ် ...

အခု ငါနဲ့လက်ထပ်ဖို့ သူလိုက်လာခဲ့ပြီ ...

ဟင့်အင်း ... ဟင့်အင်း ... သူ့ကိုငါလက်မထပ် ...နိုင်ဘူး ... လက်မထပ်နိုင်ဘူး ...



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ သူ့ကိုငါချစ်ခဲ့တာမဟုတ်ဘူး . . . ကိုကို့နေရာမှာ အစားထိုးခဲ့မိတာ . . .

"ဒေါက် . . . ဒေါက်"

"မမရေ . . . မမ . . . မေမေကြီးခေါ်နေတယ် ဆင်းလာခဲ့ပါတဲ့"

အိမ်ဖော်မလေးမိသွယ်၏အသံကိုကြားရသည်။

"ဟင့်အင်း . . . ငါဘယ်သူနဲ့မှ မတွေ့နိုင်ဘူး၊ မတွေ့ချင်ဘူး၊ အို . . . သူ့ကိုမတွေ့နိုင်ဘူးလို့ပြောလိုက်ပါ"

"ရှင် . . ."

"သွား . . . သွား၊ မတွေ့ချင်ဘူးလို့ပြောလိုက်"

အိမ်ဖော်မလေးမိသွယ် ခေါင်းကုတ်ပြီး ပြန်ဆင်းသွားသည်။

ဧည့်ခန်းထဲတွင်ထိုင်ပြီး သူမဆင်းအလာကို စောင့်မျှော်နေသူက ဒေါက်တာရည်ရွယ်သူရယ်ပါ။

"မေမေကြီး . . . မမကဘယ်သူနဲ့မှမတွေ့ချင်ဘူး မတွေ့နိုင်ဘူးလို့ပြောလိုက်ပါတဲ့"

"ဟင်"

ကြားလိုက်ရသည့်စကားကြောင့် သူအံ့သြမယုံနိုင်





သလိုဖြစ်သွားမိ၏။

"အို . . . သမီးလေးကလဲ၊ ဒီလိုပဲပြောရသလား၊ ဒုက္ခပါပဲ"

ဒေါ်လေးမြိုင် သမီးဖြစ်သူစကားကြောင့် စိတ်တိုသွားပြီး အပေါ်ထပ်သို့တက်သွား၏။

ရည်ရွယ်သူရင်ထဲမှာ လှုပ်ရှားရလွန်းသည်မဟုတ်ပါလား . . .

သူနှင့်သူမ မတွေ့ဘဲ ဝေးနေခဲ့ရသည့်တစ်ပတ်အတွင်း ဘယ်လိုအပြောင်းအလဲတွေများ ဖြစ်သွားခဲ့ပြီလဲ. . .

မိခင်ဖြစ်သူဒေါ်လေးမြိုင်က ခွေနှင်းလက်ကို အတင်းဆွဲခေါ်နေသော်လည်း သူမကအတင်းရုန်းသည်။

"သမီး သူ့ကိုမတွေ့နိုင်ဘူးမေမေ၊ လက်လဲမထပ်နိုင်ဘူး"

"ဘယ်လိုပြောလိုက်တာလဲ သမီးရယ်၊ လူတစ်ယောက်ကို ဒီလို ခုတစ်မျိုးတော်ကြာတစ်မျိုးလုပ်လို့ ဘယ်ရပါ့မလဲကွယ်"

"အို . . . သူ့ကိုမချစ်နိုင်ဘူးမေမေ၊ သမီး ကိုကို့ကိုအထင်လွဲပြီး သူ့ကိုချစ်တယ်လို့ထင်ခဲ့မိတာပါ"

ဘရဏီစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် ဒီလိုလုပ်လို့မရလှူးလေ သမီး၊ သမီးတို့
ချစ်လို့ အဝေးကြီးကလိုက်လာခဲ့တဲ့ လူတစ်ယောက်အပေါ်
ဒီလိုမရိုင်းရဘူးလေ"

ဒေါ်လေးမြိုင် မရမက ဆွဲခေါ်လာခဲ့သောကြောင့်
ဧည့်ခန်းထဲသို့ သူမပါလာခဲ့ရသည်။

သူမကိုမြင်တော့ သူ့အလွန်ဝမ်းသာပျော်ရွှင်သွားပြီး
ထိုင်ရာမှ ဖျတ်ခနဲထသည်။

"နွေနှင်း"

သူမကိုကြည့်ပြီး သူ့အတော်အံ့ဩသွားပုံရ၏။ ဆွဲခ
လိုက်သလို ပိန်ကျသွားသောခန္ဓာကိုယ်လေးနှင့် မို့အစ်
သောမျက်နှာလေးကြောင့်မယုံနိုင်သလိုငေးကြည့်နေမိသည်။

"ချစ် . . . နေမကောင်းဘူးလားဟင်"

သူမနားလျှောက်လာခဲ့ပြီး သူမလက်တစ်ဖက်
အသာဆုပ်ကိုင်ကာသူမေးသည်။

သူမမျက်ဝန်းတွေက သူ့ကိုစိမ်းကားလွန်းလှ၏။
လက်ကိုရုန်းပစ်လိုက်ပြီး . . .

"ကျွန်မ ရှင့်ကိုလက်မထပ်နိုင်တော့ဘူး ဒေါက်တာ





"ဘယ်လို . . . ဘယ်လိုပြောလိုက်တာလဲ ချစ်"

သူမစကားအဆုံးမှာ သူ့အကြီးအကျယ်တုန်လှုပ်
ချောက်ချားသွားလေသည်။

"ကျွန်မတကယ်ပြောနေတာပါ ဒေါက်တာ၊ ကျွန်မ
တို့ချစ်ခဲ့ကြတာတွေကိုမေ့လိုက်ပါတော့"

"ချစ် . . . ဘာဖြစ်လို့ဒီစကားတွေပြောနေရတာလဲ
ဟင်၊ မောင်မယုံနိုင်ဘူး၊ မောင်ဘာအမှားလုပ်မိလို့လဲ ချစ်ရယ်"

"ရှင်မမှားပါဘူး၊ ကျွန်မမှားခဲ့တာပါ"

"ချစ် ဘာတွေပြောနေသလဲ၊ မောင်နားမလည်ဘူး၊
ချစ်နဲ့မောင်တစ်ခါတည်းမလိုက်ခဲ့လို့ စိတ်ဆိုးနေတာလားဟင်"

"စိတ်မဆိုးဘူး၊ ကျွန်မပြောမယ် . . . နားထောင်၊
ရှင့်ကိုကျွန်မ မချစ်နိုင်ဘူး၊ လက်လဲမထပ်နိုင်ဘူး"

သူမစကားလုံးများက သူ့အသည်းနှလုံးကိုနာကျင်
ဝွန်းပုံသွားစေ၏။

"ရက်စက်လိုက်တာ ချစ်ရယ်၊ ကိုယ် . . . ဘာကိုမှ
နားမလည်နိုင်တော့ဘူးကွာ"

သူ့အသံက အက်ကွဲခြောက်ကပ်သွားသည်။

www.burmeseclassic.com



သူမ မိခင်ဒေါ်လေးမြိုင်နှင့်ဖခင်တို့ကဘာတစ်ခွန်းမှ ဝင်မပြောကြတော့ဘဲ ရှောင်သွားကြသည်။

"ချစ်ရယ် . . . မောင့်ကိုမချစ်တော့ဘူးလား၊ မောင့်ကိုချစ်တယ်ဆို"

သူမကိုယ်လေးကို ရင်ခွင်ထဲဆွဲဖက်လိုက်ပြီး သူ ရှုံ သွပ်သွားသလိုပြောသည်။ သူမက သူ့ရင်ဘတ်ကို တွန်းပစ် လိုက်ပြီး . . .

"ဝမ်းနည်းပါတယ် ဒေါက်တာ၊ ကျွန်မကိုခွင့်လွှတ်ပါ ကျွန်မချစ်သူကိုကိုဆုံးပါးသွားခဲ့ပြီ"

သူမက အေးခဲစွာပြောသည်။

"ဘယ်လို . . အဲဒီလူသေဆုံးသွားတာနဲ့ ကိုယ်တို့ လက်ထပ်မယ့်ကိစ္စဘာမှမသက်မဆိုင်ပါဘူး နွေနှင်း၊ ဒီလူဟာ မင်းကိုမချစ်လို့ သစ္စာမဲ့ထားရစ်ခဲ့တဲ့လူပဲ"

"အို . . . ဒီလိုမပြောပါနဲ့၊ ကိုကို့ကိုဒီလိုမပြောပါနဲ့ ကိုကိုဒီလိုလူမဟုတ်ဘူး"

သူမစွတ်ပြီးအော်လိုက်သောကြောင့် သူအံ့သြထိတ် လန့်သွားမိ၏။

"တကယ်တော့ ကိုကိုဟာ သူ့မှာအသည်းကင်ဆာ





ရောဂါရှိနေလို့ သူသေတော့မှာကိုသိပြီး ကျွန်မကိုလိမ်ညာခဲ့ တာပါ၊ ကျွန်မဝမ်းနည်းပူဆွေးရမှာစိုးပြီး သူ့ကိုနာကြည်းမုန်း မနိုင်အောင် တမင်ဖန်တီးခဲ့တာပါ"

ပြောရင်း သူမရှိုက်ကြီးတငင်ငိုနေသည်။

သူမကိုအသာဖက်ပြီး သူမမျက်ရည်တွေ သူသုတ်ပေး လိုက်သည်။

"ခုချိန်မှာ ချစ်သိပ်စိတ်ထိခိုက်နေတယ်ဆိုရင်လဲ မောင် တို့မင်္ဂလာဆောင်ဖို့ရက်ရွှေ့လိုက်ကြတာပေါ့နော်"

"ဟင့်အင်း . . . ဟင့်အင်း၊ ရက်ရွှေ့စရာမလိုဘူး၊ ရှင့်ကိုဘယ်တော့မှလက်မထပ်ဘူး"

"ချစ် . . . မင်း မောင့်ကိုဒီလိုမပြောနဲ့ကွာ"

"ပြောမှာပဲ၊ ရှင့်ကိုချစ်လဲမချစ်ဘူး၊ လက်လဲမထပ်နိုင် ဘူး"

"မပြောပါနဲ့၊ မောင်မကြားရဲဘူး၊ ချစ်ကိုမောင်သိပ်ချစ် တယ်၊ ပြီးတော့ ချစ်ကိုပိုင်ဆိုင်ခွင့်ရဖို့ မောင်ဘယ်လောက် မျှော်လင့်ရှူးသွပ်ခဲ့ရသလဲဆိုတာချစ်သိပါတယ်ကွာ၊ မောင့်ကို ဒီလောက်ထိမရက်စက်ပါနဲ့၊ မောင်ရင်ကွဲရလိမ့်မယ် ချစ်"

"ရှင့်ကို မျှော်လင့်ချက်တွေ ပေးသလိုဖြစ်ခဲ့မိရင် တောင်း



www.burmeseclassic.com

www.burmeseclassic.com



ပန်ပါတယ် ဒေါက်တာ၊ ဒါပေမယ့် နွေနှင်းကို လွှတ်လပ်ခွင့် ပေးပါ၊ နွေနှင်းတစ်ယောက်တည်းပဲနေပါရစေ၊ ကျေးဇူးပြုပြီး ရှင်ပြန်ပါတော့နော်"

"မောင်မပြန်ဘူး၊ မပြန်နိုင်ဘူး နွေနှင်း၊ မောင်တို့ချစ်ခဲ့ကြတာ တကယ့်အဖြစ်အပျက်၊ အိပ်မက်တစ်ခုမဟုတ်ဘူး ချစ်နဲ့သာလွဲရရင် မောင်သေရလိမ့်မယ်"

"ရှင်ပြန်ပါတော့"

"မောင့်ကိုနည်းနည်းမှမေတ္တာမရှိတော့ဘူးလား ချစ်ရယ်၊ မင်းအဲဒီလောက်တောင်အသည်းမာသလား"

"ကျွန်မရင်ထဲမှာသိပ်ကိုမွန်းကြပ်နေပြီ ဒေါက်တာ ရှင်မပြန်ရင် ကျွန်မကိုယ်ကျွန်မ တစ်ခုခုလုပ်မိလိမ့်မယ်"

"စိန်ခေါ်တာလား နွေနှင်း၊ ကိုယ်မပြန်နိုင်ဘူး၊ လူတစ်ယောက်ရဲ့နှလုံးသားဟာ မင်းကစားချင်တိုင်းကစားလို့ရတဲ့ အရုပ်မဟုတ်ဘူးဆိုတာ မင်းသိစေရမယ်"

ပြောရင်း သူဒေါသပါလာ၏။

"ရှင်ကပြိုင်ချင်တာလား"

"မင်းကိုထာဝရအန္တူးပေးခဲ့သူပါ နွေနှင်းရယ်၊ ဒါပေမယ့်





မင်းကိုပိုင်ဆိုင်ခွင့်မရရင် ကိုယ်ရှုံးရလိမ့်မယ်၊ ဒါကြောင့် မင်းကို တိုယ် မရရအောင်လက်ထပ်မှာပဲ"

ပြောပြီးသူမလက်တစ်ဖက်ကို သူကဖျတ်ခနဲ ဆုပ်ကိုင်လိုက်၏။

"အို . . . ဒီလိုမလုပ်နဲ့၊ လွှတ်ပါ"

"မလွှတ်ဘူး"

"အို . . . လွှတ် . . . လွှတ်"

သူမက သူ့လက်ထဲမှ အတင်းရုန်း၍ပြေးထွက်သွားသည်။ ပြီးတော့ အိမ်ရှေ့ပေါ်တီကိုအောက်တွင် ရပ်ထားသော Toyota Corona ကားလေးပေါ်သို့ပြေးတက်ပြီး မောင်းထွက်သွား၏။

သူကအိမ်မှယူစီးလာသော Yamaha ဆိုင်ကယ်ပေါ်သို့တက်ပြီး သူမကားနောက်မှလိုက်လာခဲ့သည်။

သူမကားသည် သူ့ဆိုင်ကယ်ရှေ့မှ တရိပ်ရိပ်ပြေးလျက်ရှိသည်။

သူက နောက်မှ speed တင်ပြီးမောင်းသည်။

နွေနှင်းရင်ထဲ ပူလောင်မွန်းကြပ်နေသည်မဟုတ်ပါ



www.burmeseclassic.com

www.burmeseclassic.com



လား . . .

လမ်းကွေ့ချိုးတစ်ခုအရောက်တွင် သူ့ဆိုင်ကယ်က သူမကားဘယ်ဘက်မှကျော်တက်ရန် speed တင်လိုက်သည်။

လမ်းကွေ့ချိုးမှကွေ့ဝင်လာသော Land Rover ကားကြီးကို သူမကသူ့ထက်ဦးစွာမြင်လိုက်သည်။

သူကမမြင်ဘဲ သူမကားကိုကျော်တက်ရန်သာ စိတ်စောလျက်ရှိသည်။

သူမ၏ကားလေးသည် ရုတ်တရက် အရှိန်မြင့်တက်သွားပြီး တစ်ဖက်မှ ချိုးကွေ့ဝင်လာသော Land Rover ကားနှင့် အရှိန်ပြင်းစွာ ဝင်တိုက်မိသွားတော့၏။

"ဂျိမ်း"

သူ့ဆိုင်ကယ်က လမ်းဘေးတစ်နေရာသို့ ကွေ့ရှောင်ပြီးလဲကျသွားသည်။

တကယ်လို့ သူမကားသာ ထို Land Rover ကားနှင့်မတိုက်မိခဲ့လျှင် ထိုကားကြီးနှင့်မျက်နှာချင်းဆိုင်တိုက်မိမည့်သူမှာ သူပင်မဟုတ်ပါလား . . .



## အခန်း(၁၄)

ဆိုင်ကယ်ရောလူပါလဲကျနေရာမှ ကမန်းကတန်းထရုန်းထလိုက်ပြီး သူမကားလေးရှိရာ သူတအားပြေးလာခဲ့မိသည်။

"နွေနှင်း . . . ချစ် . . . ချစ်"

သူမ၏ကားခေါင်းပိုင်းတစ်ခုလုံးတွန့်ကြေကာ သူမငြိမ်သက်နေပေပြီ။

ကားတံခါးဖွင့်ပြီး စောင်းလျက်သားကျနေသော သူမကိုယ်လေးကို သူအသာပွေ့ယူလိုက်၏။

"ချစ် . . . ချစ်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



သူမပါးစပ်မှသွေးတွေစီးကျနေသည်မို့ သူ မကြည့်ရက်သလို သူမကိုကျုံးဖက်ထားမိသည်။

"မသေရဘူး . . . ချစ်မသေရဘူး . . . မောင့်ကြောင့်ချစ်ခုလိုဖြစ်ရတာ"

သူတုန်လှုပ်ချောက်ချားစွာအော်ဟစ်နေမိ၏။

သူမမျက်နှာလေးကို သူ့လက်တစ်ဖက်ဖြင့် ပင့်ကိုင်ပြီး ခေါ်နေမိသည်။

"ချစ် . . . ချစ် . . . သတိရပါဦးချစ်ရယ်"

သူမမျက်လုံးလေးအသာဖွင့်ကြည့်သည်။

"ဟင် . . . ချစ် . . . ချစ်မသေဘူးနော်"

". . . . ."

"ချစ်အားတင်းထားပါနော်၊ ချစ်ဘာမှမဖြစ်နိုင်ပါဘူး မောင်သိတယ် . . . မောင်ရအောင်ကုမယ်၊ မောင့်အတွက် ချစ်အားတင်းထားပါနော်၊ မောင်တို့လက်ထပ်ကြမယ်လေ၊ နော် . . . နော်"

သူမကိုယ်လေးကိုရင်ခွင်ထဲပွေ့ထားရင်း သူအရူးတစ်ယောက်လို အဆက်မပြတ်ပြောနေမိသည်။





"ခွင့် . . . ခွင့်လွှတ်ပါ ဒေါက်တာ"

သူမထံမှ စကားသံသဲ့သဲ့ကိုကြားရ၏။

"ချစ် . . . ချစ်မသေရဘူးနော်၊ မောင့်အတွက် အသက်ရှင်ရမယ်"

"ခွင့်လွှတ်ပါ ဒေါက်တာ၊ နွေနှင်း . . . နွေနှင်းလေ ကိုကိုကလွဲလို့ဘယ်သူ့မှ မချစ်နိုင် . . ."

သူမစကားမဆုံးခင် မျက်လုံးကလေးမှေးစင်းကာ ပျော့ခွေသွားတော့၏။

"မသေရဘူး၊ ချစ် . . . မင်းမသေရဘူး . . . မောင်တို့လက်ထပ်ကြမယ်လေ ချစ်ရဲ့၊ သတိရပါဦး ချစ်ရယ် . . ."

သူ့အသံသည် အော်ရင်းအော်ရင်း တိုးဝင်သွားတော့၏။

သူမပါးပြင်ပေါ်မှမျက်ရည်စလေးကို သူ့ပါးပြင်နှင့် ထိကပ်သုတ်ပစ်ရင်း သူယူကျုံးမရနိုင်စွာ ရှိုက်ငိုနေမိ၏။

မယုံနိုင်ဘူး ချစ်ရယ်၊ မောင်မယုံနိုင်ဘူး . . .

မောင့်ရဲ့မျှော်လင့်ခြင်းတွေ၊ စိတ်ကူးအိပ်မက်တွေ တစ်စစီကြွေလွင့်ခဲ့ရပြီကွာ . . .



www.burmeseclassic.com

www.burmeseclassic.com



မောင့်ဘဝမှာ ချစ်မရှိတော့တဲ့အတွက် ထာဝရအထီးကျန်ခဲ့ရပါပြီ . . .

မောင့်နှလုံးသားထဲ ချစ်အမြဲတမ်းရှိနေဦးမှာပါ . . . ထာဝရမသေဆုံးနိုင်ပါဘူး . . .

သူမထံမှ နောက်ဆုံးကြားခဲ့ရသည့်စကားလေးတစ်ခွန်းကို သူပြန်လည်ကြားယောင်နေမိသည်မဟုတ်ပါလား . . .

"ကိုကိုကလွဲလို့ဘယ်သူ့မှမချစ်နိုင် . . ." တဲ့။

ရှင်လန်းချမ်းမြေ့ကြပါစေ . . .

စာရေးတဲ့

စုလှဖြူ

p.m. 4:50

4th February, 2005



www.burmeseclassic.com